


www.burmeseclassic.com
ကိုပိုက်
ကဒိုးကျော်ခ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

မွေးမေ

မွေးဖေ

ပြီးတော့

သင်ဆရာ၊မြင်ဆရာ၊

ကြားဆရာ ဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့်

ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေပြီးစာအုပ်များ**

| | | |
|---|---|---|
| ၃၀။ | အိကြာဇွေး | * ဓုတ်ထုတ်ထစ်ရှားရေးဇော်များ |
| ၃၁။ | ကိုပိုက် | * အနေမှသိသျှစ်ဘယ်သို့နေမည် |
| ၃၂။ | လယ်တွင်းသားစောချစ် | * ပရိသတ်ရှေ့မှာ ပြောပြောနည်း |
| ၃၃။ | ကိုပိုက် | * မေတ္တာစွမ်းရည်နှင့်မုဆိုးများ |
| ၃၄။ | ကိုပိုက် | * ရထားမှာဖြစ်နှင့်ထူးဆန်းသောကြောင်နက်များ |
| ၃၅။ | ကိုပိုက် | * အငြိုးအတေး |
| ၃၆။ | ဓေါက်တာခင်မောင်ညွန့် | * ကျွန်တော်မြန်မာပြည်သား |
| ၃၇။ | ကိုပိုက် | * ထူးဆန်းသောနလုံးသားနှင့်လူ |
| ၃၈။ | မင်းလူ | * နွတ်ခမ်းအီတောင့်စွန်းများ |
| ၃၉။ | နယဉ် | * ယစ်မျှရည်ကိုချစ်တဲ့လူ |
| ၄၀။ | ကိုပိုက် | * ကံကြမ္မာ၏သားတော |
| ၄၁။ | ကိုပိုက် | * ထစ်ယူသန် |
| ၄၂။ | ကိုပိုက် | * သားကောင်ထစ်ဖြစ်လဲမုဆိုး |
| ၄၃။ | လယ်တွင်းသားစောချစ် | * တစ်ခုလပ်ပေမယ့်ထွက်လမ်းရှိ |
| ၄၄။ | နယဉ် | * လက်ရွေးစင်မြန်မာပုံပြင်များ |
| ၄၅။ | ကိုပိုက် | * အရိပ်တရွေ့မုဆိုးများ |
| ၄၆။ | သူမောင် | * လေလှုတ်ထိုက်မိသောစမ္မိတ်များ |
| ၄၇။ | ကိုပိုက် | * နှစ်မြှာဝိညာဉ် |
| ၄၈။ | ကိုပိုက် | * လောဘသားကောင် |
| ၄၉။ | ကိုပိုက် | * သူကြမ္မာကိုယ်ကြမ္မာနှင့်မုဆိုးများ |
| ၅၀။ | မင်းလူ | * လက်နဲ့ရေးတဲ့စာ |
| ၅၁။ | ကိုပိုက် | * မနှင်းမြူ ဘာလဲ ဘယ်လဲ |
| ၅၂။ | ကိုပိုက် | * မိယူထိုက်သူ |
| ၅၃။ | ကိုပိုက် | * ညာထန်-နာကန် |
| ၅၄။ | ကိုပိုက် | * ထူကောင်းမဖြစ်ချင်နေ<br>သူယုတ်မာမဖြစ်ကြစေချင် |

**ယခုလ**

[illegible]

**ဆက်လက်၍**

ဆွေမင်း(ခရုမြူ) မြိုင်ရာစာတွတ်ပီ ချုပ်ပြစာတော်လမ်းများ

www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက်

BURMESE CLASSIC .com

# ကဒိုး ကျော်ခ

တွတ်ပီစာအုပ်တိုက်
အမှတ်(၄/က)၊ အဝေရာလမ်း၊ အောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၃၀၀၉၅၈၊ ၀၉-၅၀၀၂၄၆၂

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၂၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၉၀၆၀၉

■

မျက်နှာဖုံးသရုပ်ဖော်
ပန်းချီ စောတင်မောင်

■

ပုံနှိပ်ခြင်း
ပထမအကြိမ်

■

ထုတ်ဝေသည့်လ
၂၀၀၇-ခုနှစ် ဖေဖော်ဝါရီလ

■

အုပ်ရေ
(၅၀၀)

■

မျက်နှာဖုံးဖလင်
စိန်နဂါး

■

အတွင်းဖလင်
ဇော်မိုး(တတိုင်းမွေး)

■

ကွန်ပျူတာစာစီ
တိုးတိုးလွင်

■

စာအုပ်ချုပ်
ကိုမြင့်

■

ပုံနှိပ်/ထုတ်ဝေသူ
ဒေါ်မြို့မြို့သန်း
တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
တွတ်ပီစာပေ(၀၃၈၂၅)
အမှတ်(၄/က)၊ အဓဝရာလမ်း၊ ဘောက်ထော်၊
ရန်ကင်း၊ ရန်ကုန်မြို့။

■

တစ်အုပ်
( ၉၀၀ ) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## "ကဒိုးကျော်ခ"

ကိုဂိုက်

စောစောပိုင်းလေးက တသဲသဲရွာခဲ့သောမိုးသည် စဲသွားချေပြီ ဖြစ်သည်ကြောင့် 'ဝါးခုတ်' တဲလေးတွင် မိုးခိုနေကြသည့် မုဆိုး နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ပြုံးပြကာ တဲပေါ်မှဆင်းလိုက်ကြတော့၏။

"မြောင်ဖျားဖက်တက်ကြမလား .. ဒီကပဲပြန်ကြမလား"

"တမနက်လုံး မိုးရွာလေတော့ကာ ဘာသားကောင်မှလည်းမရ စားစရာလဲမရှိလေတော့ အချိန်လေးလဲရှိတုန်း မြောင်ဖျားတက်ကြလျှင်ဖြင့် ကောင်းလိမ့်မယ်ထင်တယ်"

တစ်ယောက်သော မုဆိုးက သို့ပြောလိုက်သည်တွင် ကျန်တစ်ယောက်ကလည်း ငြင်းဆန်ခြင်းမရှိလေဘဲ ခေါင်းညိတ်အသိအမှတ်ပြုလျက် တဲနောကဖက်တောင်ကြောလေးပေါ်သို့ ဦးဆောင်တက်သွားလေတော့၏။

တွတ်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ခါးတဝက်ခန့်ရှိ သစ်ပင်ချုံနွယ်တို့ကို လမ်းရှင်းလျှောက်ခဲ့ကြခြင်းဖြစ်သည်ကြောင့် အစဉ်တစိုက် ခပ်လှမ်းလှမ်းသို့ ကဲကြည့်နိုင်ခြင်းမရှိကြချေ။ တချက်တချက်သာလျှင် လှမ်းကဲကြည့်နိုင်ကြသည်ကြောင့် ရုတ်ခြည်းဆိုသလို ဝံကောင်၏အနီးကပ်ကြောက်ကန်‥ကန်တိုက်ခိုက်ခြင်းကို ခံလိုက်ကြရတော့၏။

"ဂါး ‥ဂရား"

"ဝူး"

"အား"

ဖြစ်စဉ်မှာ သူတို့သည် တောင်ကြောလမ်းလေးအတိုင်းလျှောက်သွားခဲ့ကြသည့်တွင် ဝံကောင်သည် နံဘေးတောင်ကြောလေးအောက်မှ ကုန်းကုန်းကွကွ တက်လာသည်တွင် ချုံနွယ်သစ်ပင်တို့ကြား အကောင်လုံး ပျောက်နေသည်ကြောင့် ထိပ်တိုက်တိုးခဲ့ကြခြင်းဖြစ်တော့၏။

ဝံကောင်သည်လည်း သူ့လမ်းသူထွင်လာခြင်းဖြစ်၏။

မုဆိုးနှစ်ယောက်သည်လည်း သူတို့လမ်းသူတို့ သွားကြခြင်းဖြစ်၏။

သို့ သွားလာကြရာတွင် ကိုယ့်စိတ်ကူးနှင့်ကိုယ် ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်လေသည်ကြောင့် သို့အနီးကပ် ပက်ပင်တိုးကြခြင်း ဖြစ်တော့၏။

သို့ဆိုလေတော့ ကြောက်လန့်တကြား ဖြစ်သွားကြကာ အော်ဟစ်လိုက်ကြခြင်းဖြစ်၏။

သည်တော့ကာ ‥ဝံကောင်သည် သူတက်လာရာ မြောင်ကြပ်လေးအောက် ပြန်ပြေးဆင်းသွားသကဲ့သို့ မုဆိုးနှစ်ယောက်သည်လည်းနောက်ကြောင်းပြန်လှည့် ပြေးသွားကြခြင်းဖြစ်တော့၏။

သို့ပြီးဝံကောင်က ကြောက်ကန်ကန် ပတတ်ခြုံပုတ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



တိုက် ခိုက်သွားခြင်းကြောင့် ရှေ့မှဦးဆောင်လမ်းထွင်သွားနေသည့် တစ်ယောက်သောမုဆိုး၏လက်ဖျံရိုးကို ကုတ်ခြစ်လှည့်ပြေးသွားခြင်းဖြစ်တော့၏။

သို့တောင်မှလူသားမုဆိုး၏ သတိရှိမှု ဖျတ်လတ်ခြင်းကြောင့်ဟု ဆိုရပေချိမ့်မည်။ ဘယ့်တွက်မူလူသားမုဆိုးက ရုတ်ခြည်းအနားကပ်ရောက်ရှိ တိုက်ခိုက်လာသည့် ဝံကောင်၏ တိုက်ကွက်ကို ရိပ်ခနဲမြင်လိုက်သည်နှင့် လက်ဖြင့်ကာဆီးနောက်တစ်လှမ်းဆုတ်ကာ လှစ်ခနဲလှည့်ပြေးခဲ့ခြင်းကြောင့် အသက်နှင့်ကိုယ် အိုးစားမကွဲရခြင်းဖြစ်တော့သည်။

သူ့နောက်မှ ကပ်လိုက်လာသော မုဆိုးသည် ကံကောင်းလေခြင်းဟု ပြောရပေချိမ့်မည်။

နှစ်ယောက်သား သုတ်ခြေတင်ပြေးလာခဲ့ကြရာမှ ဝါးတောလေးတစ်ခုအရောက်တွင် ဝံကောင်လိုက်မလာလေတော့သည် သိလိုက်သည်ကြောင့်လည်း ပြေးလွှားခြင်းကိုရပ်တန့်လိုက်ကာ မြေပေါ်ထိုင်ချနားလိုက်ကြတော့၏။

"မင်းဘာဖြစ်သွားသေးလဲ"

ရှေ့မှဦးဆောင်လှည့်ပြေးလာသော မုဆိုးက ဝံကောင်၏တိုက်ခိုက်ခြင်းခံလိုက်ရသည့် နောက်မှပြေးလိုက်လာသော မုဆိုးကိုမေးလိုက်၏။ သတိတရ အလောတကြီးမေးခြင်းတော့ရသွားကလား။

"ငါတို့လှည့်အပြေးမြန်လို့ပေါ့"

ထိုမုဆိုးကပင် တဆက်တည်း ဆိုသလိုပြောလေ၏။

"တော်သေးတာပေါ့ကွာ ..ဝံကောင်ကလည်းဒို့ကိုရုတ်တရက်မြင်လိုက်တော့ကာ ကြောက်ကန်ကန် တိုက်ခိုက်ပြေးသွားပေလို့ ... နို့ဖြင့် ငါတော့မလွယ်ချေဘူး"

သို့နှယ်ပြောရင်း သွေးစို့ထွက်နေသော သူ့လက်ဖျံကို မ,ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒဏ်ရာလေးကမင့်အတွက်ဘာမှမဖြစ်လောက်ပါဘူးနော်"

ဒဏ်ရာရရှုဆိုးက သို့မေးလာသော မုဆိုး၏ မျက်နှာကို အသေအချာကြည့်လိုက်ပြီး-

"အပ်ရုးတာတောင်နာသေးတာပဲကွာ" ဟု ပြောလိုက်လေတော့၏။

"ဒါတော့ငါသိတာပေါ့ကွာ ..နို့ပေမင့် အသက်ဘေးကလွတ်လာတာကိုပဲ ဝမ်းသာရမယ်မဟုတ်လား ..မှန်း ..ငါပတ်တီးစည်းပေးမယ်",

သို့နှယ်ပြောကာ သူ၏ပုဆိုးစကို ဆွဲဖြဲလိုက်ကာ ပတ်တီးနှယ်ပြုလုပ် စည်းနှောင်ပေးလိုက်တော့၏။

"ကဲ..ဒို့ ဘာဆက်လုပ်ကြမလဲ"

သို့အမေးခံလိုက်ရသော ဒဏ်ရာရရှုဆိုးသည် သူတို့ပြေးဆင်းလာရာ တောင်ကြောလေးပေါ်သို့ လှမ်းကြည့်လိုက်ပြီး အံကြိတ်လိုက်ကာ-

"အဲဒီ ဝံကောင်ကို သွားပြန်သတ်မယ်" ဟုပြောလာသည်တွင်

"ဟား ..ဟား ..ဟား ..ဟား ..အတော်ရယ်ရတဲ့ကောင်ပေပဲ..ဝံကောင်ကဘာယ်နားရှိနေမှာမို့လဲ....ခြေဦးတည့်ရာ ပြေးသွားလောက်ပြီပေါ့"

"နို့ဖြင့်လည်း ပြန်ကြစို့ကွာ"

သို့နှယ်ပြောပြီး ထိုင်ရာမှ ထလိုက်တော့၏။

"ဟာ ..ေဦး"

ကြသောင်းဝါးရုံတစ်ခုနားသို့ သွားလိုက်၏။

"ဒို့ကံကောင်းတာပဲ ..ဒီမယ် တောင်လိပ်တစ်ကောင်ပဲဟေ့"

သည်သို့ဖြင့် သူတို့နှစ်ယောက်သည် လွှန်မင်းစွာ ဆာလောင်နေကြသည်လည်းဖြစ်၍ ဝါးတောအတွင်း ထီးတည်းပေါက်နေသည့် ကျွန်းပင် ကြီးတစ်ပင်အောက်တွင် နားနေရင်း လိပ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အသားဖျက်ထုတ်တဲ့ စို့ထိုးမီးကင်လိုက်ကြတော့၏။

"မင်းလက်ကအနာကြီးနဲ့ စားလို့ဖြစ်ပါ့မလား"

"အဲဒါနောက်ကိစ္စ လောလောဆယ် ငါသိပ်ဆာနေပြီ ဖြစ်ချင်ရာဖြစ်ကွာ"

သို့နှယ်ပြောလျက် လိပ်သားမီးကင်ကျက်သည်တွင် အားပါးတရ မြိန်ယှက်စွာ စားလိုက်လေတော့၏။

"ကဲ..သွားကြမယ်"

ထိုင်ရာမှထလိုက်ကြကာ မနီးမဝေးလောက်တွင်ရှိသည့် ဝါးတော အတွင်းဖြတ်စီးဆင်းသွားသည့် စမ်းချောင်းလေးတွင် ရေသောက်ခြေလက် သန့်စင်လိုက်ကြပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

ထိုနေရာလေးမှ မုဆိုးနှစ်ယောက်သည် ထွက်သွားကြပြီး အတန်ကြာတွင် ထိုနေရာလေးသို့ အရပ်အားဖြင့် လေးပေပင်မပြည့်တတ်သည့် လူပုကြီးတစ်ယောက် ရောက်လာလေတော့၏။

အသက်အားဖြင့် လေးဆယ်ထက်မလျော့နိုင်ခြင်းကြောင့် လူပုကြီးဟု ဆိုလိုက်ရခြင်းဖြစ်တော့၏။

မုဆိုးနှစ်ယောက် စခန်းချသွားသည့်နေရာမှ မီးကျည်မီးခဲ အကြွင်းအကျန်များကို ငြိမ်းသတ်နေရင်း-

"အတော်အသုံးမကျတဲ့ လူနှစ်ယောက်ပေပဲ အမှိုက်ကစ ပြဿနာ်မီးလောင်ဖြစ်ချေရောမယ် ..ဒီမီးကြွင်းမီးကျန်ကနေ တောမီးလောင်သွားနိုင်တာ မသိကြပေဘူးလား၊ ဒီအခါ အပြစ်မဲ့တဲ့ တိရစ္ဆာန်ကောင်လေးတွေ အခြေအနေပျက်ကြတော့မယ်၊ ဒုက္ခရောက်ကြတော့မယ်" ဟု တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်တော့၏။

ပြီးနောက် လူပုကြီးသည် မုဆိုးနှစ်ယောက်ထွက်သွားရာ လမ်းကြောင်းအတိုင်း ထွက်သွားလေတော့၏။

www.burmeseclassic.com



မုဆိုးနှစ်ယောက်နောက်လိုက်သွားခြင်းလေလား။ သူ့လမ်းသူ [illegible]ဆိုသည် ..သူကိုယ်နှိုက်သာလျှင် အသိဆုံးဖြစ်ပေလိမ့် မည်။

လူပုကြီးထိုနေရာလေးမှ ထွက်သွားပြီး အတန်ကြာတွင် ထိုနေရာလေးသို့ ရသေ့တစ်ပါး ရောက်လာပြန်တော့၏။

မြေပြင်မှာ ထင်ကျန်ရစ်လေသည့် မုဆိုးနှစ်ယောက်နှင့် လူပုကြီး ၏ခြေရာကို စူးစမ်းကြည့်နေလျက်မှ သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက် · တော့၏။

"ဟင်း ..."

သည့်နောက် –

"ကိုလူပုနဲ့ သားသတ်မုဆိုးနှစ်ယောက် တွေ့ကြပြီပေါ့" ဟု တီးတိုးရေရွတ်လိုက်ပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို 'နောင်..ဝေဝေ..ဝေ' ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်ပြီးနောက် မုဆိုးနှစ်ယောက် နှင့် လူပုကြီး ထွက်သွားသော လမ်းကြောင်းအတိုင်း ထွက်သွားပြန် လေတော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

၇

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အမဲကြီးပစ်ရန်အလို့ငှာ ... 'ကျောက်ကုတင်' ချောင်းဖျားသို့ ရောက်ခဲ့ကြပြန်သည်။

'ကျောက်ကုတင်'ချောင်းဖျားသို့ရောက်ပြီးရှည်(ရောက်ညို) ကြီးများ ပေါသည်ဖြစ်ခြင်းကြောင့်ပင်။

သို့ရာတွင် ခရီးစထွက်ခဲ့သည့်နေ့မှာပင် တစ်နေ့ကုန်လုံ မိုးရွာနေခြင်းကြောင့် 'စဥ့်အိုး'ချောင်းဝတွင်ရှိ 'ဝါးခုတ်'တဲတွင် သောင်တင်နေကြတော့၏။

"ဆရာလေးတို့ ဒီမှာပဲညအိပ်ကြပေရော့ ...တော်ကြာနေ တောင်ကျရေတွေလာတော့မယ် အဲဒီအခါ သွားရေးလာရေးခက်လိမ့်မယ်"

သို့တဲရှင်ဝါးခုတ်သမားလေး'ငချေး'ကပြောလာသဖြင့်..ပဲ့တဲ တွင် မိုးခိုရင်းတစ်ညတည်းခိုရန် ဆုံးဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နေ့လယ်ခင်းလောက်တွင် မိုးစဲသွားပြီဖြစ်၍ ထိုစခန်းတဲတောင်ကြောလေးပေါ် တက်ခဲ့ကြသည်။

တစ်နေ့တာရိက္ခာအလို့ငှာဖြစ်၏။

ကံအားလျော်စွာပင် တောင်ကြောလေးပေါ်တွင် သင်းကွဲတောဝက်တစ်ကောင်တွေ့လိုက်ကြသည်။

သင်းကွဲဝက်ဖြစ်သော်လည်း သွားလာရင်းစားရကာကြို မုတ်ဆိတ် ဖျားစွဲကိန်းဖြစ်ချိမ့်မည်။

ဝါးရုံတစ်ခု၏အောက်ခြေရှိ မျှစ်စိုကြီးများကို တစ်ကောင်တည်း အငမ်းမရစားသောက်နေစဉ်ဖြစ်၏။

"ကိုပိုက် ...ကျွန်တော်ပစ်မယ်ဗျာ"

ဝက်ကောင်ကိုတွေ့သည်နှင့် လင်းမြင့်လှိုင်သည် ပြောပြော ဆိုဆို သူ့လက်တွင်းရှိ ဝင်ချက်စတာရိုင်ဖယ်ဖြင့် အသေအချာချိန်ရွယ် ပစ်ခတ်လိုက်လေတော့၏။

"ဒိန်း"

တစ်ချက်တည်းဖြစ်ချေတော့၏။

ဝက်ကောင်သည် ထိုနေရာလေးမှာပင် ခွေလဲကျသွားတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဝက်သေကောင်ကို ဝါးလုံးလျှို ထမ်း၍ 'ငွေး'၏ဝါးတဲသို့ ပြန်ခဲ့ကြသည်။

အချိန်သည် ညနေစောင်းချေပြီ။

လုံးဝမိုးရွာခြင်းမရှိသော်လည်း 'ငွေး'ပြောသလို တောင်ကျရေ တွေ ဒလဟောစီးကျလာခြင်းကြောင့် ငွေးပြောသလို သူ့တဲတွင် နားနေ လိုက်ခြင်းသည် အကော်ဖြစ်သွားချေတော့၏။

'ငွေး'တစ်ယောက် ဝက်သေကောင်ကို အသားဖျက်နေသည်တစ် ချက်ပြုတ်နေစဉ် ကျွန်တော်တို့သည် 'ငွေး'တွင်ရှိ 'ဝါးရောင်းဝက်ကြော် ဖြင့် အမြည်းလုပ် ဝီစကီသောက်နေကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးအေးအေးနှင့် စည်းစိမ်ယူနေလိုက်ကြခြင်းဖြစ်၏။ ပုလင်းပြား လေးတစ်ဝက်ကျိုးလုတွင် 'ငချေး'က အမြည်းအလို့ငှာ ပူပူလောင်လောင် ဝက်သားနပ်ချက် တစ်ပန်းကန် လာချပေးလေ၏။

"မင်း 'ဝါးရောင်း'ငှက်ကြော်ငါတို့စားလို့ကုန်ပြီ"

သို့ ကျွန်တော်က ဝက်သားဟင်းပန်းကန်ကို လှမ်းယူရင်း ပြောလိုက်၏။

"ရတယ်..ကျွန်တော့်မယ် စားစရာဝက်သားဟင်းရှိတာပဲ..ဟဲ ဟဲ..ဟဲ"

"အေး ..စား ..စား မင်းအတွက် တစ်ပတ်စာမက ရိက္ခာစို လုံလောက်နိုင်တယ်..နို့..နက်ဖြန်စောစော ကျောက်ကုတင်ချောင်းဖျား တက်ကြမယ်..နို့နေပါဦး ဒီစဉ့်အိုးချောင်းအထက်မယ် ကျောက်ကုတင် ချောင်းလက်တက်မဟုတ်လား"

သို့ လင်းမြင့်လှိုင်ကမေးလိုက်၏။

"ဘယ်ဟုတ်ရမှာတုန်း ဆရာလေးရယ်...အခုဒီရှေ့ကညဏ္ဍ ချောင်းမကြီးအတိုင်းသွားလိုက် နာရီဝက်ခရီးလောက်မယ် ချောင်းခွဲတစ်ခု တွေ့မယ်...အဲဒါကျောက်ကုတင်ပဲပေါ့..ဘာလဲဆရာလေးတို့ ချောင်းဖျားက...မျောက်တွေသွားမစ်ကြမလို့လား"

"အေး"

"နို့ဖြင့် ...ကျွန်တော်လိုက်ခဲ့လို့ရမလား"

သို့ သူကပြောလာသည်ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင် ကိုကြည့်လိုက်၏။

ကျွန်တော့်အကြည့်အဓိပ္ပာယ်ကို သိသွားပုံရသည့် လင်းမြင့်လှိုင် က ...

"မင်း ဝါးခုတ်နေတာ အလုပ်ပျက်လိမ့်မပေါ့" ဟုပြောလိုက် သည်တွင်...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လိုသလောက် ဝါးတွေခုတ်ရပြီးပါပြီ..ဖောင်ဖွဲ့ဖို့ရာ မိုးရွာနေလို့ နားနေတုန်း ဆရာလေးတို့ရောက်လာလို့ အဖော်နေ..နေပေးတာ"

"ဟော"

ကျွန်တော် လင်းမြင့်လှိုင်ကိုကြည့်လိုက်မြန်၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံးပြခေါင်းညိတ်လိုက်ပြီး နောက် 'ငချေး'ဘက်ပြန်လှည့်ကာ...

"မင်းအလုပ်တွေပြီးပြီဆိုတော့ ..ငါတို့ကို လမ်းပြအဖြစ်နဲ့ ကျောက်ကုတင်ဖျားလိုက်ပို့ကွာ" ဟု ပြောလိုက်လေ၏။

"ကျွန်တော်လဲ စဉ်းစားထားပြီးသားပါ"

"အေး ..ကောင်းတယ် မင်းအတွက် မနစ်နာစေရပါဘူး"

သို့နှယ် ကျွန်တော်ကပြောလိုက်ပြီး အရက်တစ်ခွက် မော့သောက်လိုက်သည်။

"မင်းသောက်တတ်လျှင်ဖြင့်လည်း လာပိုင်းထိုင်ပါကလား" လင်းမြင့်လှိုင်ကလည်း အရက်တစ်ခွက်ငှဲ့သောက်လိုက်လျက် ပြောလာ၏။

"ကျွန်တော်ကတော့ အစားပဲဗျ" ဟုဆိုလျက် 'ငချေး'သည် ထမင်းပန်းကန်အတွင်း ဝက်သားဟင်းကို ပိုထည့်လိုက်ကာ အားပါးတရ ပလုတ်ပလောင်းစားလိုက်လေတော့၏။

သူထမင်းစားနေပုံကိုကြည့်ပြီး အားကျလေသည်ဖြစ်၍... လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အရက်ဝိုင်းကိုလက်စသတ်လိုက်ကာ 'ငချေး'ကဲ့သို့ပင် ထမင်းစားလိုက်ကြတော့၏။

သောက်ပြီးစားပြီး ထမင်းလုံးစီသည့်သဘောဖြင့် အိပ်ရာထက် တွင်လဲလျောင်းမှိန်းနေရာမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

တစ်ညလုံးတစ်ရေးမျှမနိုး မိုးစင်စင်လင်းလောအိပ်ရာမှနိုးလာ



www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။

ရာသီဥတုသည် ကြည်ကြည်လင်လင်ရှိနေ၏။

"ဆရာလေးတို့အတွက်" ဆိုကာ 'ငွေး'သည် ထမင်းကြော် ပန်းကန်ကိုယ်စီတွင် ဝက်သားနှပ်များထည့်ပုံ၍ လာပေးလေ၏။

"ကဲ..မင်းလဲစားလေ ပြီးလျှင်ဖြင့် ခရီးထွက်ကြမယ်"

သို့ ကျွန်ုပ်တော်ကပြောရင်း မျက်နှာသစ်လိုက်၏။

သည့်နောက် ကျွန်ုပ်တော်တို့သည် ဝက်သားနှပ်ဖြင့် ထမင်းကြော် စားလိုက်ကြပြီးနောက် စခန်းမှထွက်ခဲ့ကြတော့သည်။

'ငွေး'သည် လမ်းပြအဖြစ်လိုက်လာခြင်းဖြစ်သည်ကြောင့် ဓါးမတိုခါးထိုး၍ ရှေ့မှဦးဆောင်သွားလေတော့၏။

သို့သွားခဲ့ကြသည်တွင် စခန်းရှေ့ရှိ ဥက္ကံချောင်းမကြီး၏ ကမ်းနံ ဘေးမှ သွားကြခြင်းဖြစ်၏။

မိုးလေကင်းစင် ရာသီဥတုကောင်းလေသည်ကြောင့် ခရီးသွား၍ ကောင်းချေတော့၏။

"ကျလိ..ကျလိ..ကျလိ" ရယ်လို့ ကျေးငှက်တို့၏အသံက လမ်းတစ်လျှောက်ကြားနေရတော့၏။

သည်သို့ဖြင့် ကျွန်ုပ်တော်တို့သည် နာရီဝက်ခရီးလောက်အရောက် တွင် ကျောက်ကုတင်ချောင်းလက်တက်ဝသို့ ရောက်ခဲ့ကြတော့၏။

"ဒါ..ကျောက်ကုတင်ချောင်းပဲ..ခဏနားကြဦးမလား"

"ကောင်းသားပဲ" ဆိုလျက်ကျွန်ုပ်တော်တို့သည် ကျောက်ကုတင် ချောင်းဝတွင် ထိုင်နားလိုက်ကြတော့၏။

"ကိုလင်း ..စောစောစီးစီး လုပ်စမ်းပါဦးဗျာ"

ကျွန်ုပ်တော်၏နံဘေး ကပ်ထိုင်နေသည့် လင်းမြင့်လှိုင်ကို သို့ပြော လိုက်သည်တွင် ငှင်းကစီစကီပုလင်းပြားလေးကို ကမ်းပေးလာတော့၏။

ကျွန်ုပ်တော်တို့သည် နားနားနေနေ သောက်နေကြစဉ် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ချောင်းအတွင်းမှ ရေထဲဖြတ်လျှောက်သံကြားလေသည်ကြောင့်သုံး ယောက်စလုံး ကျောက်ကုတင်ချောင်းတွင်း လှမ်းကြည့်လိုက်ကြတော့၏။

"ဟင်"

ကျွန်တော်သည် ရေထဲဖြတ်လျှောက်သံကြားပြီး အကောင်လုံး မမြင်ရသည်ကြောင့် ထိုင်နေလျက်မှကပျာကသီထလိုက်ကာ ကျောက်ကုတင် ချောင်းအတွင်း ပြေးဝင်လိုက်တော့၏။

လင်းမြင့်လှိုင်နှင့်ငခွေးသည်..ထိုင်လျက်အနေအထားမှပင် ကျွန်တော့်ကိုလိုက်ကြည့်နေကြခြင်းသာရှိကြ၏။

ကျွန်တော်သည် ရှေ့မှလျှောက်သွားနေဟန်တူသော ခြေသံရှင် နောက်သို့သာလျှင် အလောတကြီးလိုက်နေမိတော့၏။

"ဟာ"

ရှေ့မှခြေသံရှင်ကို တွေ့ချေပြီ။

လူပုလေးတစ်ယောက် ဖြစ်ချေတော့၏။

ဝါးခုတ်၊ သစ်ခုတ်၊ နို့မှမဟုတ် ပျားဖွပ်သမားဖြစ်ပေလိမ့်မည်။

ထိုလူပုလေးသည် သူ့နောက်ပြေးလိုက်လာသော ကျွန်တော့်ခြေ သံကြားသည်နှင့် လှည့်ပင်မကြည့်လေတော့ဘဲ ချောင်းတွင်းမှနေ၍ နံဘေး သို့ ပန်းတက်ပြေးလွှားသွားချေတော့၏။

မြန်လိုက်သည့်ဖြစ်ခြင်း။

ချောင်းကမ်းပေါ်သို့ ရောက်သွားသည်နှင့် ချုံနွယ်ပိတ်ပေါင်း သစ်ပင်ငယ်တို့ကြားမှ ပျောက်ကွယ်သွားတော့၏။

ဘယ့်တွက်မှု သစ်ပင်ချုံပုတ်တို့သည်သူ့အရပ်ထက်ရှည်နေခြင်း ကြောင့် ကျွန်တော်မျက်ခြေပြတ်သွားခြင်းဖြစ်တော့၏။

အတန်ကြာကြာ အခြေအနေကို အကဲခတ်ရာကြည့်မိသေး တော့၏။

"ကိုပိုက် ဘာကောင်တုန်း"



www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင်က မေးလာသည်ကြောင့် ကျွန်တော်က လူပု လေးနှင့်ဆုံရသည်ကို ပြောပြလိုက်တော့၏။

"လူပုလေး ဟုတ်လား"

ခွေးက သို့နှယ်အထိတ်တလန့်မေးလာသည်ကြောင့်-

"အေးလေကွာ..လူပုလေးကွ အရပ်လေးပေတောင် ပြည့်လိမ့် မယ်မထင်ဘူး"

"လူပုလေးကောဟုတ်ကဲ့လား ဆရာသမားရယ်"

သို့နှယ်ခွေးက မယုံသင်္ကာမေးလာသည်ကြောင့် ကျွန်တော် အနည်းငယ်ဒေါသထွက်သွားရတော့၏။

"ဟိတ်ကောင် မင်းငုံကိုလူကြောင်လို့ထင်နေသလား။ငါ့မျက်စိ နဲ့ အသေအချာကြီးကို မြင်လိုက်တာ လူသားစင်စစ်လူပုလေးကွသိလား"

သို့ ကျွန်တော်ကဒေါသတကြီးဟန်ဖြင့် ပြောလိုက်သည်တွင် ခွေးသည် ကပျာကသီလက်ကာပြပြီး-

"မဟုတ်ပါဘူး ..မဟုတ်ပါဘူးဆရာလေးပြောတာယုံပါတယ် နို့ပေမင့် ..."

"ဘာ..နို့ပေမင့်လဲ မင်းပြောစရာရှိပြောကွာ"

သို့ပြောလိုက်သည်တွင် ဒီလိုရှိပါတယ်..ဟု အစချီလျက် လူပု လေးနှင့် ပတ်သက်၍ ခွေးကပြောလာလေတော့၏။

⌘⌘ ⌘⌘ ⌘⌘

"ဒုတ်..ဒုတ်..ဒုတ်"

"ဖျောင်း ...ဂျွတ်"



www.burmeseclassic.com

www.burmeseclassic.com

"ဂျလွတ်"

"ရှပ် ..ရှပ် ..ရှပ် ..ရှပ်"

"ချလွပ် ..ချလပ် ..ချွပ်"

ခွေးသည် သဲကြီးမဲကြီးဝါးခုတ်နေရာမှ သူ၏နောက်ဖက် လောက်ဆီမှ သစ်ရွက်ခြောက်များပေါ် နင်းလျှောက်လာသည့် ခြေသံကြောင့် ရုတ်ခြည်းလှည့်ကြည့်လိုက်၏။

"ဟင်"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရ၏။

လူစင်စစ်မှ ဟုတ်ပါလေစဟု တွက်လိုက်မိပြီး-

"မုဆိုးနှစ်ယောက် တွေ့မိလား" ရယ်လို့ မေးလာသံကြောင့် လူသားစင်စစ်မှန်းသိလိုက်သည်တွင် စိတ်အေးသွားရတော့၏။

သို့ပေမင့် ထိုသူ၏အမေးကိုခေါင်းခါပြလိုက်ရပြီးအလေးအချာ တော့ဖြင့် စူးစိုက်ကြည့်နေမိသည်ဖြစ်၍-

"ဘာလဲ..ကျုပ်ကို လူစင်စစ်မှ ဟုတ်ပါလေး..သံသယဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလား၊ ဟင်း ..ဟင်း ..ကျုပ်ကလူပါပဲဗျ..လူလိုပဲစကားပြော တယ်၊စားတယ် သောက်တယ် အိပ်တယ်..အဲ..နို့ပေမင့် ခင်ဗျားမြင်တွေ့ ဖူးတဲ့ လူတွေထဲမှာ ကျုပ်က အရုပ်အပုဆုံးနဲ့ ရုပ်အဆိုးဆုံးဖြစ်နေမှာပေါ့ လူတွေကခက်ပါတယ်ဗျာ သာမာန်လူတစ်ယောက်ရဲ့ သမားရိုးကျပုံစံ ကနေ ကွဲလွဲထွက်နေခဲ့မယ်ဆိုလျှင် ရွံတာတို့၊ ကြောက်တာတို့ ဖြစ်ဟတ် ကြတယ်၊ သနားရမှန်း ကရုဏာသက်ရမှန်း ကူညီရမှန်းမသိတတ်ကြဘူး ကဲ..ထားပါလေ ကျုပ်မေးတာကို ခင်ဗျားအမှန်အတိုင်းဖြေတယ်လို့ပဲ မှတ်လိုက်ပါမယ်''

သို့နှယ် သူပြောချင်ရာပြောပြီး လှည့်ထွက်သွားတော့၏။ ငခွေး တစ်ယောက် ဆွံ့အသူတစ်ယောက်နှယ်ဖြစ်ကျန်ခဲ့တော့၏။

ထိုသူ ခပ်လှမ်းလှမ်းသို့ရောက်သွားလေသည်တွင် ဝါးဆက်ခုတ် ရန် ဝါးရုံဘက်ပြန်လှည့်လိုက်သည်။

''ဟာ''

ဝါးရုံနောက်ဖက် ခပ်လှမ်းလှမ်းနေရာလောက်ဆီမှ လူနှစ် ယောက်ခပ်သုတ်သုတ် လျှောက်သွားကြသည်ကို တွေ့လိုက်သည်ကြောင့် လူပုလေးထွက်သွားရာ လမ်းဆီသို့ ကပျာကသီပြန်လှည့်ကြည့်လိုက်ပြန် ၏။ ထိုသူအမြင်မှပျောက်သွားချေပြီ။

သို့ကြောင့် ဝါးရုံနောကဖက်သို့ ပြန်ကြည့်လိုက်ပြန်၏။

ထိုသူနှစ်ယောက်သည် ကိုလူပုလာမေးသော လူနှစ်ယောက်[illegible] တာဖြစ်ချိမ့်မည်။

သို့ပုံဆိုလျှင် သူတို့ကပ်လွဲ တွေ့လွဲဖြစ်သွားကြခြင်းပေါ့။

ခရီးသွားဖော်တွေ လမ်းကွဲလေကြသည်လား။

အို..ဒါသူတို့ကိစ္စပေပဲ..တွက်လိုက်ပြီး ငခွေးသည် ဝါး[illegible] ခုတ်လိုက်ပြန်၏။

''ခုတ်..ခုတ်..ခုတ်''



www.burmeseclassic.com

www.burmeseclassic.com



"ဂလွှပ်"

ထိုဝါးရုံမှ သစ္စိတ်ကြိုက်ဝါး ခုတ်ကုန်သွားသည်နှင့် ခုတ်ပြီးဝါးများထို အကိုင်းအခက်အလက်ကိုသပ် အဖျားကိုဖြတ်လိုက်ပြီးနောက် ငင်သုံးချောဝါးလုံးတို့ကို တခုတည်းပုံထားကာ ထိုနေရာလေးမှ ထွက်ခဲ့တော့၏။

နောက်ထပ်ခုတ်ရန် စိတ်ကြိုက်ဝါးများလိုက်ရှာလေခြင်းဖြစ်၏။

သို့ဖြင့် ငခွေးတစ်ယောက် တစ်ဖက်တောင်ကြောလေးသို့ ရောက်သွားပြန်တော့၏။

ထိုတောင်ကြောလေးတွင် သစ္စိတ်ကြိုက်ဝါးများ တွေ့လေသည်ကြောင့် နားနားနေနေဆက်ခုတ်နေလိုက်ပြန်၏။

"ခုတ်..ခုတ်"

"ခုတ်..ခုတ်"

သို့ ဝါးပင်ကို အာရုံစိုက်ခုတ်နေစဉ်-

"နောင်ငယ်..ဒီနားကဖြတ်သွားတဲ့ လူနှစ်ယောက်များ တွေ့မိလေလား"

ဘယ်အချိန်က သူ့နောက်ရောက်နေမှန်း မသိလေသည့် လူတစ်ယောက်၏မေးလာသံကြောင့် ဖျတ်ခနဲနောက်လှည့်ကြည့်လိုက်၏။

"ဟင်"

ကိုလူပုပါပဲကလား။

ကိုလူပုက သူ့ကိုမှတ်မိပုံမပေါ်။ မမှတ်မိဟန်ဆောင်နေလေသည်လားတော့ မသိပါချေ။

ငခွေးခေါင်းခါပြလိုက်၏။

သူ့အဖြေကို ကျေနပ်ပုံမပေါ်။ အရုပ်ပုလွန်း၊ အရှင်သုံးလွန်းသော်လည်း သူ့ကိုစူးစိုက်ကြည့်နေသော ကိုလူပု၏ မျက်နှာတစ်စုံက တောက်ပလွန်း၏။ စူးရဲလွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြောင့်ရယ်မသိ ပထမဝါးခုတ်ခဲ့သည့်နေရာမှ ကိုလူပု လာမေးသွားပြီးနောက်မှ တွေ့လိုက်ရသည့် လူနှစ်ယောက်ကို ဖျတ်ခနဲပြန် သတိရလိုက်သည်တွင်-

"စောစောတုန်းကဟိုနားဝါးရုံမယ်လာမေးသေးတယ်၊ဘာဝေး တာမှတ်လို့ ဘာကြာသေးတာမှတ်လို့ ခု..ကျုပ်ကိုလာမေးနေပြန်ပါပြီ၊ ကျုပ်ကိုမမှတ်မိဘူးလား ..မှတ်ဉာဏ်က အဲဒီလောက်တုံးရလားဗျာ"

သို့နယ်ငခွေးကပြောလိုက်သည်တွင် ထိုသူကသဘောမကျစွာ မျက်စောင်းတစ်ချက်စွေကြည့်လေပြီး-

"ကျုပ်မေးတာပဲဖြေပါ..အပိုတွေပြောမနေပါနဲ့"

ဘယ်လိုကြောင့်ရယ်မသိ...ထိုသူ့အသံက တင်စီးလွှမ်းလှပေ မင့် ဩဇာညောင်းဟန်တူလေ၏။

"စောစောကနေရာလေးမယ်တော့ ခင်ဗျားလာမေးပြီးထွက် သွားပြီးလောက်တဲ့ အချိန်မှာ လူနှစ်ယောက်ဖြတ်သွားတာ မြင်မိလေရဲ့ ... ခင်ဗျားကိုပြောဖို့ ပြန်လှည့်ကြည့်တော့ ခင်ဗျားဘယ်ရောက်သွားမှန်း မသိ တော့ဘူး"

သို့ငခွေးက ပြောလိုက်သည်တွင် ထိုသူကမဲ့ပြုံးလေး ပြုံးလိုက် ပြီး-

"ကျုပ်မေးတာက ဒီနေရာလေးမယ်ခင်ဗျားသူတို့ကိုတွေ့မိလား ပဲ မေးတာဗျ" ဟုပြောလေ၏။

ဘယ်လိုလူပါလိမ့်ဟု တွက်ပြီး ခေါင်းခါပြလိုက်ပြန်၏။

"ကောင်းပြီလေ ကျုပ်ယုံလိုက်ဦးမယ်"

ဆိုလျက် ထိုနေရာလေးမှ လှည့်ထွက်သွားပြန်တော့၏။ ကိုလူပု သူ့အမြင်မှ ပျောက်သွားသည်နှင့် ဝါးဆက်မခုတ်လေတော့ဘဲ ခေတ္တနား နေရန် ကျွန်းပင်ပျိုလေးတစ်ပင်အောက်တွင် ထိုင်ချလိုက်တော့၏။

ပြီးနောက် ခါးပုံစအတွင်းမှ ယာပြီးကွမ်းတစ်ယာကို ထုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဝါးစပ်အတွင်း သွတ်ထည့်ဝါးနေရင်း သစ်ပင်ကိုကျောမှီလိုက်တော့၏။

"ဟင်"

သူထံသို့ လူနှစ်ယောက်လာနေပါကလား။

သေနတ်ကိုယ်စီနှင့်ဖြစ်၏။

အစိုးရိုက်မှုဆိုးများ ဖြစ်ချိမ့်မည်။

ကိုယ့်ရှမ့ သူတို့နောက်လိုက်နေခြင်းလား။

"ချောင်ငယ်မှာ မီးခြစ်ပါလား"

တစ်ယောက်သောသူက သူ့နှားရောက်သည်နှင့် မေးလာတော့၏။

သို့မေးလာသူက ခပ်တည်တည်မှင်သေသေ ဖြစ်သော်လည်း သူ့နောက်ကပ်ပါလာသည့် သူကပြုံးရွှင်စွာဖြင့် ခွေးကို ကြည့်နေလေ၏။

"အင်း ..ပါတယ်"

ခွေးက သူ့အိတ်ကပ်တွင်းမှ ဂက်စ်မီးခြစ်အဝါရောင်လေးကို ထုတ်ပေးလိုက်၏။

"ကျေးဇူးတင်တယ်"

ရယ်လို့ပြောပြီး နှစ်ယောက်စလုံးသူ့နံဘေးတွင် မြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။

ပြီးနောက် ဆေးလိပ်တိုကိုယ်စီထုတ်၍ မီးညှိဖွာလိုက်ကြသည်။

"ဘယ်သွားကြမလို့လဲ"

ခွေးကမေးလိုက်၏။

"သွားမှာမဟုတ်ဘူး ပြန်မှာ"သို့နှယ်ပြောပြီး သို့ပြောလာသူက သူ့အဖော်တစ်ယောက်ဘက်လှည့်ပြီး ...

"တောတောင်ထဲမယ် မီးခြစ်ကမရှိမဖြစ်ရှိသင့်တယ်ဆိုတာ မင်းသိပြီလား"

"ငါလဲသိတာပေါ့ကွာ..ဒို့လိပ်သားမီးကင်စားခဲ့ဲ့ နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့တာဖြစ်မယ်၊ ပြန်ယူကြမယ်ဆိုပြန်တော့လဲ မင်းကနေပါစေတော့ ဆို"

"အေးလေ… အဲဒီနေရာနဲ့ အတော်ကြီးဝေးတဲ့နေရာရောက်မှ ဘယ်လိုလုပ် နောက်ကြောင်းပြန်တော့မှာလဲကွာ ရွှေဝဲဆောင်ကြတော့မပေါ့ ရှာပဲနီးနေပြီ"

တစ်ယောက်သောမုဆိုးက သို့ပြောလာသဖြင့် ငွေးတစ်ယောက်အံ့ဩတကြီးဖြစ်ကာ …

"နေ့နေပါဦး ..ဘယ်ရွာကို ပြန်ကြမှာတုန်း" ဟုမေးလိုက်၏။

"ဆပုဂံ"

"ဗျာ"

"ဆပုဂံကို ပြန်ကြမှာ ဘာလဲ..မင်းက ဒီနားပတ်ဝန်းကျင်ရွာ ကမဟုတ်ဘူးလား"

သို့သူကို ပြောလာသည့် မုဆိုးကို ကြည့်ပြီး …

"ဒီကနေ ဆပုဂံရွာသွားမယ်ဆိုလျှင်ဖြင့်ဘယ်လိုဖြစ်နိုင်မှာလဲ" ဟုပြောလိုက်သည်တွင် ထိုမုဆိုးနှစ်ယောက်သည် ငွေးကိုအားကိုးတကြီး ကြည့်လာပြီး …

"ဆပုဂံသွားတဲ့လမ်းက ဒီလမ်းမဟုတ်ဘူးလား" ရယ်လို့ မေးလာ ကြတော့၏။

"ဘယ်ကဟုတ်ရမှာတုန်းဗျ ဒီနားအနီးဆုံးရွာဆိုတာ 'သံပရာခုံ' ရွာပဲရှိတယ်၊နို့တောင်မှ လမ်းတစ်ညအိပ် နှစ်ရက်ခရီးလောက်မှာရှိတယ်"

"ဟင် ..နို့ဖြင့် ငါတို့လမ်းမှားလာကြတာပေါ့"

"သိဝ်ဟုတ်တာပေါ့"

"နို့ဖြင့် ဆပုဂံကို ဘယ်လမ်းကနေသွားရမှာလဲ"

"ဆပုဂံဆိုတာ ဘယ်နားရှိမှန်း ကျွန်တော်မသိပေဘူး"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မုဆိုးနှစ်ယောက် သူ့စကားကြောင့် စိတ်ဝါတ်ကျသွားပုံရ၏။

"ဘယ်လိုလုပ်ကြမလဲ"

"ဒီကမိတ်ဆွေကိုပဲ အကူအညီတောင်းရတော့မယ်"

"ပြောပါ"

ငချေးကသို့ပြောလိုက်လေ၏။ ကူညီရန်လည်း ဝန်မလေးသူ မဟုတ်ပါကလား။

"ကျွန်တော်တို့ နောင်ငယ်တဲမှာ တည်းနေပါရစေ..မနက်မှပဲ လမ်းမှန်ပြန်ရှာသွားကြတော့မယ်"

"ရပါတယ်...ကျွန်တော်ဝါးခုတ်ပြီးအပြန်လိုက်ခဲ့ကြပေါ့"

သို့ သူကပြောလိုက်သည်တွင် မုဆိုးနှစ်ယောက် ဝမ်းသာသွားကြတော့၏။

"ကဲ..နားနေကြဦး ကျွန်တော်ဝါးလေးငါးလုံးခုတ်ပြီးလျှင်ပြန်သွားကြတာပေါ့"

သို့နှယ်ငချေးကပြောပြီး ထိုင်ရာမှထလိုက်သည်တွင်-

"အဲလိုဖြင့်လည်း နောင်ငယ်ဝါးခုတ်နေတုန်း ငါတို့ဒီနားလေး တဝိုက် အမဲရှာလိုက်ဦးမယ်"

"ကောင်းပြီလေ ..ကျွန်တော်ဒီမှာပဲရှိနေမယ်"

သို့ဖြင့် ငချေးဝါးခုတ်နေစဉ် မုဆိုးနှစ်ယောက်သည် အမဲပစ်ရန် အလို့ငှာထွက်သွားကြတော့၏။

"ဒုတ် ..ဒုတ်..ဒုတ်"

"ဂျွတ်..ဖရောက်စ်"

"ဒုတ်"

သို့ ငချေးဝါးများကို ဆက်၍ ခုတ်နေစဉ် 'ဒိုင်း' ရယ်... သေနတ် သံတစ်ချက်ကြားလိုက်သည်ကြောင့် ဝါးခုတ်ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးနှစ်ယောက်ထွက် သွားရာဘက် လှမ်းကဲကြည့်လိုက်၏။

ဟင်းလျာရိက္ခာပြတ်နေတာကြာပြီ။ ဒီကနေ့တော့ဖြင့် အသား ဟင်းလျာစားရချည်ရဲ့ဟု တွက်ကာ ပီတိဖြစ်နေစဉ် သူ့နောက်ဘက်နားမှ မေတ္တာသုတ် ရွတ်ဖတ်လိုက်သံကြားရသဖြင့် အထိတ်တလန့်ဖြစ်သွားကာ နောက်သို့ ကပျာကသီလှည့်ကြည့်လိုက်တော့၏။

"ဟင်"

ဘယ်အချိန်ကရောက်နေမှန်းမသိသည့် လူပုကြီးက သူ့အား ရှုတည်တည်ကြီးကြည့်နေလျက်မှ-

"မင်းစိတ်ထဲမှာသားကောင်သား စားရချည်သေးရဲ့လို့တွက်နေလျှင်ဖြင့် အဲဒီစိတ်ကူးကို ဖျောက်ဖျက်လိုက်တော့ကွ··ဘာလို့လဲဆိုတော့ ဟိုလူမိုက်နှစ်ယောက်ကသားကောင်လေးကို ကာယကံမြောက်သတ်ဖြတ်လိုက်ကြပြီး မင်းကတော့ မနောကံနဲ့ပစ်မှားနေတာပဲ··အဲဒါမကောင်းဘူး မင်းသိပ်ဆာလောင်နေတယ်မဟုတ်လား ··ရော ··ဒါလေးစားလိုက်"

သို့နှယ်ပြောပြီး သူ့ကိုငှက်ပျောတစ်ဖီးပေးလာတော့၏။

သူသည် ငှက်ပျောဖီးကို လှမ်းယူလိုက်၏။

"စားလေကွာ ··ပြီးလျှင်ဖြင့် မင်းတဲကိုသွားကြမယ်"

"ဗျာ"

"အေးလေ ··မင်းအလုပ်သိမ်းတော့မယ်မဟုတ်လား ပြန်မယ် မဟုတ်လား ဒီတော့ငါလဲမင်းနဲ့လိုက်မှာပေါ့"

"ဟို ··ဟို"

"ဘာလဲ ··ဟိုနှစ်ယောက်ကိုစောင့်ဦးမှာလား"

သို့ လူပုကြီးကပြောလာသဖြင့် သူသည်ခေါင်းညိတ်ပြလိုက်ပြီး

"သူတို့ကို ကျွန်တော်စောင့်မယ်ပြောထားလို့··"

"ဟား ··ဟား ··ဟား မင်းက သူတို့ပြန်လာမယ်ထင်လား"

"အေးလေဗျာ··သူတို့လမ်းပျောက်နေတယ် တည်းရာလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ ကျွန်တော့်တဲမယ် ဒီညလိုက်တည်းကြမယ်လေဗျာ''

ခွေးစကားကြောင့် လူပုကြီးသည် ခွေးကို သနားစရာ သတ္တဝါ နှယ်ကြည့်လိုက်ပြီး ...

''တောမုဆိုးတွေ ..တောထဲလမ်းပျောက်တာ ဘာဆန်းလဲ ဘာစိုးရိမ်စရာကောရှိလဲ..သူတို့မယ် သေနတ်တွေပါတယ် ဒီသေနတ်တွေဟာ သူတို့ရဲ့အဖော်မွန်တွေ၊ ခွန်အားတွေပဲပေါ့ ..မင်းဆီမယ်လိုက်နေမယ်ဆိုတာ သူတို့တစ်မနက်လုံး လိပ်လေးတစ်ကောင်ပဲ ကင်စားကြရတာ သိတ်ဆာလောင်နေကြတယ် ဒီတော့ မင်းဆီမယ်လိုက်တည်းလျှင်ဖြင့် စားစရာတခုခုတော့ရမှာသေချာလောက်တယ်ဆိုပြီး မင်းကို အပိုင်ချိတ်သွားကြတာ ..ဟော သူတို့ကံအားလျော်စွာ ခုသားကောင်တစ်ကောင် ရပြီဆိုတော့ ..ရပြီပဲထားပါကွာ ..သူတို့မင်းဆီပြန်မလာကြတော့ဘူး စိတ်ချ''

''မဖြစ်နိုင်ဘူး''

''မဖြစ်နိုင်ဘူး ..ဖြစ်နိုင်တယ်ဆိုတာအချိန်ကစကားပြောသွားလိမ့်မယ် မင်းသူတို့ကိုမျှော်မနေနဲ့ ငါပြောတာယုံ ..ကဲလာပါ သွားကြမယ်''

လူပုကြီးက ခွေးကိုစေ့စေ့ကြည့်ပြီး ပြောလိုက်သည်။

ဘာရယ်ကြောင့် မသိ ခွေးသည် ထိုလူပုနှင့်အတူ နောက်ဆံတငင်ငင်ဖြင့် စခန်းတဲသို့ ပြန်ခဲ့လေတော့၏။

''နို့နေပါဦး ..ခင်ဗျားခြေရာကောက် လိုက်နေတဲ့မုဆိုးနှစ်ယောက်ဆိုတာ သူတို့လား''

ခွေးကစပ်စပ်စုစုမေးလိုက်၏။

''ဟုတ်တယ်''

''နို့ဖြင့်ဘာလို့ သူတို့နောက်လိုက်မသွားတာလဲ''

''တရေးနိုးထလိုက်လို့ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည်ကြောင့် ခွေးသည်လူပုကြီးကို အံ့သြစွာကြည့်လိုက်မိ၏။

"ဘာလဲ ..မင်းမယုံဘူးလား ..ဒီလိုလေကွာ ငါပြောပြမယ် သူတို့သိပ်ဆာလောင်နေကြတယ် ..ဟော သားကောင်တစ်ကောင် ဖမ်းခတ်ရလိုက်ပြီဆိုတော့ သူတို့အဲဒီနားမှာတင် အသားဖျက်မီးကင်စားကြမယ် ..အဲဒီနေရာလေးက တောခြောက်ဆိုတော့ နေရာထိုင်ခင်းကလည်း ကောင်းတယ်..မိုးလေဝသကလည်း ကောင်းတယ်၊ အချိန်ကလည်း လင်းနေပြီဆိုတော့ ..အဲဒီမှာပဲစားသောက်..အဲဒီမှာပဲ စခန်းချညအိပ်ကြမှာပေါ့"

သို့ လူပုကြီးကပြောသည်တွင် ခွေးသည်သူ့အိတ်ကပ်တွင်းကပျာကသီ စမ်းနှိုက်နေလေသည်ကြောင့် လူပုကြီးကသဘောကျစွာရယ်လိုက်ပြီး-

"ဟား ..ဟား ..ဟား ..ဟား မင်းမီးခြစ်သူတို့ဆီပါသွားပြီ" ဟု အေးဆေးတည်ငြိမ်စွာပြောလာတော့၏။

"အဲဒါမှ ..ဒုက္ခ"

သူ့တွင်မီးခြစ်မရှိမှန်းသိသည်တွင် ခွေးတစ်ယောက်ပြူးပြူးပျာပျာဖြစ်သွားသည်ကို ကြည့်ပြီး လူပုကြီးက-

"နို့ကြောင့်လဲ ငါ..မင်းတဲကိုလိုက်ခဲ့မယ်ပြောတာပေါ့ကွ..မပူပါနဲ့ကွာ...ငါ့မယ်မီးခြစ်ပါ ပါတယ်"

သို့ဖြင့် သူတို့သည် ခွေး၏စခန်းတဲသို့ ရောက်ခဲ့ကြတော့၏။

"မင်းနေရာမယ် ငါ.တစ်ညပဲတည်းခိုခွင့်တောင်းမှာပါ တစ်ညတောင်မှအပြည့်အဝ နေမှာမဟုတ်ဘူး အရုဏ်မလာမီ ငါ..ဒီကထွက်သွားမှာပါ"

"ဗျာ...ဘယ်လိုကြောင့်လဲ"

အံ့သြတကြီးမေးလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနှစ်ယောက်ကို အမီလိုက်ရမှာမို့"

"နို့ဖြင့်စောစောကပြောပြတော့ တရေးနိုးထလိုက်လို့ရတယ်ဆို ခုတော့လဲ ရေးကြီးသုတ်ပြာ အမီလိုက်ရလိမ့်မယ် ဆိုပြန်ပါတော့လား"

"အေး ..မင်းပြောလဲ ပြောစရာပေပဲ..ညကြီးမင်းကြီးသူတို့လဲ ဘယ်လိုမှ ခရီးဆက်ကြမှာမဟုတ်ဘူး၊ မနက်စောစော ထသွားချင်တာ သွားကြလိမ့်မယ်၊ ငါကလဲ တရေးလောက်တော့ အိပ်ချင်သေးသကွ၊ နို့ပေမင့် သူတို့အိပ်ရာမထခင် ရောက်သွားချင်သေးတာကိုး"

"နို့နေပါဦး ..သူတို့နဲ့ခင်ဗျားနဲ့ ဘယ်လိုပတ်သက်လဲ တူတူခရီးသွားတွေ လူစုကွဲသွားလို့လား"

"မင်းပြောတာမဟုတ်ဘူး သူတို့နဲ့ငါဘယ်လိုမှ ပတ်သက်မှုမရှိဘူး နို့ပေမင့်လို့ ငါကမပတ်သက်ချင်ပဲ ပတ်သက်ရလိမ့်မယ်"

"အလိုလေးဗျာ..အဲဒါဘယ်လိုဖြစ်ရတာတုန်း"

"မင်း..နောက်တော့ကာ သိလာလိမ့်မယ် ခုငါအိပ်ချင်ပြီ မနက်စောစောလဲ ခရီးထွက်ရမှာမို့ ငါတော့အိပ်ပြီဟေ့"

သို့နှယ်ပြောကာ လူပုကြီးသည် ဝါးကြမ်းခင်းပေါ်တွင် ခေါင်းကို လက်ခု ကွေးကွေးလေး အိပ်ချလိုက်သည်ကြောင့်-

"နေပါဦးဗျ..ညစာတခုခုစားဦးလေ ပြီးမှအိပ်ပေါ့ဗျာ"

သို့ ခွေးကပြောလိုက်သည်တွင် လူပုကြီးကရုတ်ခြည်းထထိုင်လိုက်ပြီး-

"ဟား ..ဟား ရယ်ရတယ်ဟေ့ ..မင်းတောင်ငါကျွေးတဲ့ ငှက်ပျောသီးပဲစားပြီး အိပ်ရမှာမဟုတ်လား ..အဲဒါကိုများ လောကွတ်လုပ်နေရသေးတယ်လို့" ပြောလိုက်သည်တွင် ခွေးတစ်ယောက်မျက်စိမျက်နှာပျက်သွားပြီး-

"ကျုပ်က စေတနာအရင်းမှန်နဲ့ပြောတာဗျ စားစရာရှိတာမရှိတာက အကန့်တစ်ခုပါဗျာ..ကျုပ်ရဲ့စေတနာကို ပြောလိုက်မိတာပဲ...



www.burmeseclassic.com

www.burmeseclassic.com



အဲလိုဆိုလဲပြီးကောဗျာ" ရယ်လို့ မကျေမနပ်ပြောကာ တဲပေါ်မှဆင်းသွား လေတော့၏။

လူပုကြီးကစိတ်ဆိုးသွားသောငခွေးကို ပြုံးလျက်ကြည့်နေလိုက် ပြီး-

"ငါက··သဘောပြောတာပေါ့ဗျာ··နို့ကြောင့်လဲ ငါမင်းကို ကူညီချင်လို့ ခုလိုလိုက်လာတာပေါ့"

"ဗျာ··ဘယ်လို ကျွန်တော်ကဘာဖြစ်နေလို့ ကူညီရမှာတုန်း လောလောဆယ်ကျွန်တော်ကသာခင်ဗျားကို ကူညီနေရတာမဟုတ်လား"

"အေးပါကွာ ··အေးပါ··ထားပါတော့ နောက်တော့ကာ မင်းသိပါလိမ့်မယ်··ခုငါမင်းကို ဘာမှရှင်းမပြနိုင်ဘူး ··အိပ်ဖို့ပဲ အရေး ကြီးတယ်ဟေ့" ဆိုကာ ပြန်လှဲချအိပ်လိုက်ပြန်တော့၏။

လူပုကြီးကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားတော့၏။

ငခွေးသည်လည်း လူပုကြီးအိပ်နေပုံကို မဲ့ရွဲ့ကာ ကြည့်လိုက်ပြီး ထင်းမီးပုံ နားထိုင်နေလိုက်တော့၏။

ထင်းမီးပုံ၏မီးတောက်မီးလျှံကို ကြည့်ရင်းအတွေးနယ်ချဲ့နေမိ တော့၏။

ပတ်ဝန်းကျင်တစ်ခွင်လုံးမဲမှောင်၍ တိတ်ဆိတ်ငြိမ်သက်လို့နေ ချေတော့၏။

အတန်ကြာတွင် ငခွေးတစ်ယောက် လွန်မင်းစွာအိပ်ချင်လာ သည်ကြောင့် တဲပေါ်တက်ကာ လူပုကြီးနားတွင် ဝင်ခွေလိုက်တော့၏။

အတန်ကြာတွင် ငခွေးသည်လည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော် သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။ တစ်ညသုံးတ ရေးမျှပင်မရှိ။ မိုးစင်စင်လင်းမှ နိုးလာရတော့၏။ နိုးတောင်မှ



www.burmeseclassic.com

www.burmeseclassic.com



'ကျလိ..ကျလိ ကျလိ' ရယ်လို့ ဆူညံသော ကျေးငှက်တို့၏အသံကြောင့် နိုးလာရခြင်းဖြစ် တော့၏။

"ဟင်"

အရုဏ်မလာမီ ထွက်သွားမည်ပြောသော လူပုကြီး ဆန့်ဆန့် အိပ်လျက်ရှိနေပါသေးကလား။

သို့ကြောင့် ခွေးသည် ပက်လက်အိပ်မောကျနေသည့် လူပုကြီး ကိုလှုပ်နိုးလိုက်၏။

"ဟိတ်လူ..ဟိတ်လူ..ထလေ..ထလေဗျာ.."မည်မျှပင် လှုပ်ခါနိုးစေ "အင်း ..အဲ..အင်း ..အင်း" ဖြင့်သာ ညည်းလျက် အိပ်ရာမှ မထတန်းရှိနေသည်ကြောင့် ခွေးသည်လက်လျှော့လိုက်ပြီး ချောင်းဘက်သို့ ထွက်ခဲ့တော့၏။

ခွေးတစ်ယောက် ချောင်းစပ်တွင်ခြေလက်ဆေး၊ မျက်နှာသစ် နေစဉ် ချောင်းတစ်ဘက်ကမ်း တောင်ကြောလေးပေါ်မှ "နောင်..ဝေ ဝေ..ဝေ" ရယ်လို့ ကြေးစည်သံလေး ကြားလိုက်သည်ကြောင့် လှမ်းကဲ ကြည့်လိုက်စဉ်-

"ဗွမ်း ..ဗွမ်း ..ဗွမ်း"

သူ့နံဘေး လှစ်ခနဲဖြတ်ကျော်ကာ ချောင်းရေထဲတွင်းပြေးလွှားသွား လေသည့် ကိုလူပုကြီးကို မြင်လိုက်သည်တွင် အံ့သြသွားတော့၏။

လူပုကြီးသည် ချောင်းကိုဖြတ်၍ တစ်ဖက်တောင်ကြောလေး ပေါ်သို့ ပြေးတက်သွားခြင်းဖြစ်တော့၏။

ကြည့်စမ်း သူလှုပ်ခါနိုးနေတုန်းက တုတ်တုတ်မျှပင်မလှုပ် ခု ကြေးစည်သံသဲ့သဲ့ ကြားလိုက်သည်နှင့် အိပ်ရာမှကပျာကသီလူးလဲထ ပြေးလွှားလေသည့် လူပုကြီးကို အံ့သြတကြီးကြည့်နေမိတော့၏။

"ဒိန်း"

သေနတ်သံတစ်ချက်ကြားလိုက်သည်နှင့် တစ်ခြင်နက်ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



သွားသော လူပုကြီးသည် ရှေ့သို့ဟပ်ထိုးလဲကျသွားတော့၏။

"ဟာ"

ခွေးရှင်ထိတ်သွားသည် လူပုကြီးသေနတ်မှန်သွားလေပြီ။ သို့ကြောင့်ခွေးသည် ထိုင်နေရာမှ ရုတ်ခြည်းထလိုက်ပြီး လဲကျသွားသော လူပုကြီးထံသို့ ပြေးသွားလိုက်တော့၏။

"ဟင်"

လူပုကြီးနားရောက်သည်တွင် အံ့သြတကြီးဖြစ်သွားရပြန်၏။ သူသိလိုက်သည်မှာ လူပုကြီးသေနတ်မှန်လဲသွားသည်။ အနားရောက်တော့ မဟုတ်ပါကလား လူပုကြီးသည် မြေပြင်တွင်ထိုင်လျက် သူ့ကိုပြုံးဖြီးကြည့်နေလေ၏။

"ကိုလူပု ခင်ဗျားဘာမှမဖြစ်ဘူးနော်" ဟုအလောတကြီး မေးလိုက်၏။

လူပုကြီးက ခေါင်းကိုခါရင်း-

"ခလုတ်တိုက်မိတာ ကျုပ်အတွက် ကံကောင်းတာပဲ" ဟုပြောသဖြင့် ခွေးက-

"သူတော်ကောင်း နတ်ကောင်းမတာပေါ့ဗျာ" ဟုပြောရင်း လူပုကြီးနားတွင် ထိုင်ချလိုက်၏။

"သူတော်ကောင်းကို နတ်ကောင်းမတာ ဘယ်ဟုတ်ရမှာတုန်း သူတော်ကောင်းကို လိပ်ကောင်းမတာဟ"

"ဗျာ"

"မဗျာနဲ့လေ..ကျုပ်ခလုတ်တိုက်မိတာ ဒီကောင်ကြီးဗျ"

"အလို..တောင်လိပ်ကြီးပါကလား"

"အဲဒါပဲကြည့်တော့ကွ..တောတိရစ္ဆာန်ကောင်လေးတွေက သူတွေကို အကျိုးပြုတတ်ကြပါတယ်..ဒါဟာ ဘာလဲဆိုတော့ ခေတ္တာပေါ့ ကွာ..ကျုပ်ဟာအမြဲတမ်း တိရစ္ဆာန်လေးတွေပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခေဗျာထား ခေတ္တာ ဖို့လေ့ရှိတော့ကာ ကြည့်··ခု··ကျုပ်အသက်ထိ ဒီတောင်လိပ်လေးက ကယ်တင်လိုက်တာပဲမဟုတ်လား"

"နေ့ နေပါဦး ကိုလူပုကို ဘယ်သူကဘာလို့လုပ်ကြရတာတုန်း"

သို့နှယ်ပြောပြီး ငခွေးသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့် လိုက်၏။

"ဘာလဲ··သေနတ်သမားကို ရှာနေတာလား မရှိနိုင်ဘူး ရှာ မနေနဲ့"

"ဘာလို့တုန်း"

"ဘာလို့လဲဆိုတော့ ကျုပ်ကိုချောင်းပစ်တာ မဟုတ်လောက် ဘူး သားကောင်ကိုပစ်ရင်းနဲ့ လွဲချော်လာတဲ့ကျည်ကကျုပ်ဆီကို တည့်တည့် ရောက်လာတာ ကဲ··လာ သွားကြမယ်"

သို့နှယ်ပြောပြီး လူပုကြီးက ထိုင်ရာမှ ထလိုက်သည်ကြောင့်-

"ဘယ်သွားမှာတုန်းဗျ" ရယ်လို့ငခွေးက လူပုကြီးကိုမေးလိုက် သည်။

"ဘရသေ့ဆီ"

"ဟင်··ဘယ်က ဘရသေ့လဲ··ဒီတောထဲမှာ ရသေ့ရှိလား"

ငခွေးက သို့နှယ်တအံ့တသြမေးလိုက်သည်။

"မင်းစောစောက ကြေးစည်သံလေး မကြားဘူးလား"

"ကြားတယ်လေ··အဲဒီအသံလာရာကို ခင်ဗျားပြေးသွားရင်း ခုလိုဖြစ်ရတာမဟုတ်လား"

"အေးလေ··"

"ခုလောက်ဆို ခင်ဗျားပြောတဲ့ ဘရသေ့ တနေရာရောက်သွား လောက်ပြီပေါ့"

"အဲဒါ··သူ့ကိစ္စပါ ကြေးစည်သံကြားတဲ့နေရာသွားရမှာပေါ့ ငါ့ အလုပ်ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ပြောပြီး ခွေးကို စူးစိုက်ကြည့်လေသည်ကြောင့်-

"အင်းလေ..သွားပေါ့..ကျုပ်လဲလိုက်မယ်"

သို့ဖြင့် ထိုနေရာကလေးမှ ထွက်ခဲ့ကြတော့၏။

တောင်ကြောစွယ် လမ်းမြောင်လေးအတိုင်း ကုန်းကုန်းကွကွ တက်ခဲ့ကြရာမှ တောင်ကြောမကြီးပေါ်ရောက်လာခဲ့ကြ၏။

တောင်ကြောမကြီးပေါ်တွင် သစ်ပင်ကြီးတို့သာ ပေါက်လျက်ရှိ၏။ ချုံနွယ်ပင်များမရှိသည်ကြောင့် ရှင်းလင်းလို့နေ၏။

သူတို့တက်ခဲ့သောနေရာနှင့် ခပ်လှမ်းလှမ်းတွင် စိမ်းစိမ်းစိုစို ကျွန်းပင်ကြီးတစ်ပင်ရှိချေ၏။ ထိုကျွန်းပင်ခြေရင်းတွင် ရသေ့တစ်ပါး မတ်တတ်ရပ်လျက် ခပ်လှမ်းလှမ်းတဖက်တောင်ကြောဘက် လှမ်းကြည့်နေရင်း မေတ္တာသုတ်ကို ရွတ်ဖတ်နေ၏။

သူတို့ ရသေ့အနားရောက်သွားသည့်တိုင် ရသေ့ရွတ်ဖတ်နေသော မေတ္တာသုတ် မဆုံးသေးသည်ကြောင့် ရသေ့အား အနောက်အယုက် မပြုရာရောက်မည်ဆိုး၍ ငြိမ်သက်စွာ ရပ်နေလိုက်ကြ၏။

သို့ရသေ့ မေတ္တာသုတ်ရွတ်ဖတ်ဆုံးလေသည်နှင့် လက်တွင်းရှိ ကြေးစည်လေးကို 'နောင်..ဝေ..ဝေ..ဝေ' ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်လေတော့၏။

"ဒိန်း"

တစ်ဘက်တောင်ကြောမှ သေနတ်သံထွက်လာပြန်၏။

လူပုကြီးက ခွေးဘက်လှည့်ပြီးပြုံးလိုက်ကာ-

"သူတို့ကညည်ကုန်ရုံပဲရှိတော့မပေါ့" ဟုပြောလာသဖြင့် ခွေးသည် လူပုကြီးကိုစေ့စေ့ကြည့်လိုက်ပြီး-

"သားကောင်ကိုမမှန်ဘူး မှန်တယ် ခင်ဗျားဘယ်လိုလုပ်သိနိုင်မှာတုန်း" ဟု လှောင်ပြုံး ပြုံးလျက်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် လူပုကြီးက သူ၏နှုတ်ခမ်းထူထူကြီးကို အကျည်းတန်စွာရှုလိုက်ပြီး–

"ရသေ့ကြီးက အဲဒီဘက်လှည့် မေတ္တာပို့လေမှတော့ ဘယ်လိုသားကောင်တွေ ဒုက္ခရောက်တော့မှာတုန်း"

သို့ လူပုကြီးက ပြောလာတော့၏။

သည်တွင် ငခွေးက "မုဆိုးနဲ့သားကောင်ဆိုတာ သဘာဝအရ ပြောရလျှင်ဖြင့် မုဆိုးကအစာအဟာရအလို့ငှာ သားကောင်ကိုရှာဖွေသတ်ဖြတ်စားကြတာပဲမဟုတ်လား‥ရသေ့ကြီးအနေနဲ့ ကြားဝင်ဟန့်သလိုဖြစ်မနေဘူးလား ‥အဲလိုတော့ မလုပ်သင့်ဘူးထင်တယ်ဗျာ"

သို့ မကျေမနပ်ပြောလေသည်တွင် လူပုကြီးသည် ယဲ့ယဲ့ပြုံးလိုက်လေပြီ။

"ဘရသေ့က တောတောင်တကာလှည့်ပြီး မေတ္တာတွေချည်းလွှတ်ပို့နေတော့ ဘယ်ဟုတ်ပါ့မလဲကွာ‥ခုဟာကသူရှိတဲ့ နေရာပတ်ဝန်းကျင်မှာရှိနေတဲ့ သတ္တဝါတွေအတွက်သာ ပို့တာပေါ့ကွဆိုပါစို့ကွာ မြွေကောင်ဟာ အစာအလို့ငှာ သားကောင်ငယ်ကို ညှို့ယူဖမ်းစားနေတာကို ဟန့်ဖို့မသင့်သလို ပင့်ကူအိမ်ထောင်ချောက်မှာ မိနေတဲ့ ပိုးမွှားကောင်တွေဟာလည်း ပင့်ကူကောင်ရဲ့ အစာပေပဲမို့ ဖြုတ်ပေးဖို့မသင့်ဘူးလေကွာ‥ဒါဟာ‥သဘာဝရှာဖွေစားသောက်ကြတာလေ‥နို့တခုတော့ရှိတာပေါ့စည်းဆိုတာတော့ ရှိရတာပေါ့ကွာ‥လူလည်းလူ့စည်း‥ဘီလူးလဲဘီလူးစည်းဆိုသလို မုဆိုးလည်း စည်းဆိုတာရှိရမပေါ့"

"ကဲ‥လာ‥ရသေ့ကြီးနဲ့တွေ့လျှင် မင်းသဘောပေါက်သွားလိမ့်မယ်"

သို့နှယ်ပြောကာ လူပုကြီးသည် သူ့လက်ကိုအုပ်၍ ရသေ့ကြီးရှေ့သို့ တိုးသွားလိုက်ပြီး အနားရောက်သည်နှင့် မြေပေါ်သို့ ဒူးထောက်ခယဝပ်တွားလျက် ရသေ့အား ဦးချလိုက်တော့၏။

တွတ်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခွေးသည်လည်း လှုပုကြီးနှယ်လိုက်လုပ်လေတော့၏။

“ရှေ့တောင်ကြောမယ် မုဆိုးနှစ်ထောင်ရှိတယ် စည်းကမ်းမရှိတဲ့မုဆိုးတွေပဲ စီးရှိတဲ့သားကောင်လေးတွေကိုလည်း ပစ်ချင်တယ်၊ ရင်ခွင်ပိုက်သားငယ်ရှိတဲ့ မျောက်မကြီးကိုလည်း ပစ်ချင်တယ်…လသားအရွယ် ဝံပေါက်လေးတွေကိုလည်းပစ်ချင်တယ် နို့ကြောင့် ရသေ့မေတ္တာပို့လွှတ်နေရတာပေါ့ ရသေ့လုပ်ရပ်မှားလား”

သို့ရသေ့ကပြောလာသည်ကြောင့် ခွေးသည် မော့ကြည့်လိုက်၏။ ရင့်ကျက်တည်ကြည်သော မျက်နှာပိုင်ရှင်ရသေ့ကြီးဖြစ်နေသည်ကို မြင်တွေ့လိုက်ရသည်ကြောင့် စောစောကသူသည်ပင် ရသေ့ကြီးအပေါ် စိတ်နှင့် ပစ်မှားအထင်လွဲခဲ့မိ၏။ သို့ရသေ့ကြီးက ပြောလာပြန်တော့သူ မျက်နှာပူသွားရတော့၏။ သို့ကြောင့် -

“ရသေ့ကြီးအပေါ် ကျွန်ုပ်တော်အထင်အမြင်လွဲမှားခဲ့တဲ့အတွက် တောင်းပန်ပါတယ်”

“အေး ..မင်းက တောင်းပန်လာတော့လဲ သိသင့်သိထိုက် ပြောသင့်ပြောထိုက်တဲ့ စကားကိုပြောရတော့မပေါ့”

“ပြောပါရသေ့ကြီး ..နာခံလျက်ပါ”

သို့သူကပြောလိုက်သည်တွင် ရသေ့ကြီးက ပြုံးရွှင်သောမျက်နှာဖြင့် ခွေးကိုကြည့်လျက်-

“သာမာန်လူအချင်းချင်း အပြစ်ဆိုမိတာ အထင်အမြင်လွဲမိတာ အပြဿနာသိပ်မရှိလှဘူးကွဲ့ သူတော်စင်တွေအပေါ်မှာ လုံးဝစိတ်နဲ့တောင် မပစ်မှားသင့်ဘူး ဘာလို့လဲဆိုတော့ သူတော်စင်ဆိုတာ ကိုယ့်အကျိုးမြင့်မြတ်တာချည်းပဲလေ တချို့ကရှိသေးတယ် ဘုန်းကြီးတုမို့လို့ ရသေ့တုမို့လို့ ငါပြောလိုက်လို့ အပြစ်မရှိနိုင်ဘူးမထင်နဲ့ကွဲ့..သူတို့ ဘာသာ သူ့သာတုတာပဲ ဒါကိုယ်နဲ့မဆိုင်ဘူး ဒါသူတို့ကိစ္စ ရှင်းရှင်းပြောမယ် ဘုန်းကြီး၊ ရဟန်းတွေဆိုတာ ဘာပဲဖြစ်ဖြစ် သာမန်လူသားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ထက်တော့မြင့်မြတ်ကြတာချည်းကွ အနည်းလေးငါးပါးသီလတော့ လုံတယ်ကွာ နို့မဟုတ်ဘူးဆိုတာတောင်မှ သက်န်းဝတ်ပုဂ္ဂိုလ်တွေပဲကွ..ဘုရားရှင်ရဲ့ အရေကိုခြုံထားကြတာလေ ဘာပဲပြောပြော ဘုရားရဲ့အရေကို ကိုယ်ကတန်ဖိုးထားရမယ်၊ ဂါရဝထားရမယ်၊ ကိုးကွယ်ရမယ်လေ..ဘုရား ရဲ့အရေကိုခြုံပြီး မဟုတ်မဟာဝ်လုပ်ကြတဲ့သူတွေဟာ ဒါ..သူတို့ကိစ္စပေပဲ ကိုယ့်မယ်ဘာပြောပြော သင်္ကန်းဆိုတဲ့ ဘုရားအရေကိုတော့မြင့် မပုတ်ခတ် မစော်ကားရပေဘူး"

သို့ ရသေ့ပြောစကားကြောင့် ငခွေးတစ်ယောက် အမြင်မှန်ရသွားလေတော့၏။ သို့ကြောင့် ရသေ့ကို ဦးချကန်တော့ တောင်းပန်လိုက်ပြန်၏။

"အိမ်း ..မှတ်မိအောင်တော့မြင့် မှတ်ထားကွဲ့ ဘာပဲပြောပြော မြစ်ဖြစ်၊ မေတ္တာထား၊ မုဒိတာပွား၊ လောဘကင်းအောင်နေ ဒေါသကင်းအောင်နေ မောဟရှင်းအောင်နေ နို့ဆိုလျှင်မြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း မပြီးပြည့်စုံတောင် ပြီးပြည့်စုံသလောက်တော့မြင့် ရနိုင်ပါတယ်"

ရသေ့က သို့နယ်ပြောပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို 'နှောင်..ဝေ..ဝေ..ဝေ' ရယ်လို့ မြည်အောင်ထုခတ်လိုက်ပြီး တောင်ကြောလမ်းမြောင်အတိုင်း တရွေ့ရွေ့ထွက်သွားလေတော့၏။

ငခွေးတစ်ယောက် မှင်တက်စွာဖြင့် ငေးမောကြည့်နေမိရာမှ လူပုကြီးကို သတိရလိုက်သည်နှင့် ရသေ့ထံအကြည့်ကိုလွှဲ၍ နံဘေးသို့ လှည့်ကြည့်လိုက်၏။

"ဟင်"

လူပုကြီးမရှိတော့ပါကလား။ ဘယ်ရောက်သွားပါလိမ့် အနီးတစ်ဝိုက်လှည့်ပတ်ရှာကြည့်ပြန်လည်း အရိပ်အရောင်ပင် မမြင်မိပါချေ။ ရသေ့ထွက်သွားရာသို့ လှမ်းကဲကြည့်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်လိုက်သည့်ဖြစ်ခြင်း ရသေ့ကြီးကိုလည်း မတွေ့မိပါတော့ချေ။ သို့ကြောင့် ခွေးသည် ထိုတောင်ကြောလေးမှ ပြန်ဆင်းကာ သူ၏စခန်းတဲ ရှိရာသို့ ရှေ့ဦးလာလိုက်တော့၏။

စခန်းတဲရောက်လုတွင် တောင်လိပ်တစ်ကောင်တွေ့လိုက်သည်ကြောင့် အားရဝမ်းသာကောက်ယူလိုက်သည်တွင်-

"ငါ့ရဲ့အသက်သခင်ကျေးဇူးရှင်လေကျွာ"

ရယ်လို့ လူပုကြီးအသံကြားလိုက်သည်ကြောင့် တအံ့တဩဖြစ်သွားလျက် အသံလာရာသို့ လှည့်ကြည့်လိုက်၏။

"ဆာလောင်မှု ပြေပျောက်ဖို့ဂါ အဓိကပဲဆိုလျှင်ဖြင့် ရော့..ဒါ ထိုမင်းယူလိုက် အဲဒီလိပ်ကို ပြန်လွှတ်လိုက်"

သို့ဆိုလျှင်လူပုကြီးသည် သူ့ထမ်းပိုးလာသည့် ငှက်ပျောတစ်ခိုင်ကို မြေပေါ်သို့ချလိုက်ပြီး မပြောမဆို လှစ်ခနဲလှည့်ပြေးထွက်သွားတော့၏။

ခွေးတစ်ယောက် ငေးကြောင်ကျန်ရစ်ခဲ့တော့၏။

လူပုကြီးပေးလာသည့် ငှက်ပျောတစ်ခိုင်ကိုပဲ ယူရလေမလား။

လိပ်ကောင်ကိုပဲ သတ်ဖြတ်ချက်ပြုတ်စားရလေမလား။

သူမည်သို့ ဆုံးဖြတ်ရမည်မသိ ဖြစ်ချေတော့၏။

လွှင့်ပစ်ရမှာလည်း အဆီတဝင်းဝင်း။

စားရမှာလည်း သံတရှပ်ရှပ်ကိန်း ခွေးဆိုက်ချေပြီ။

"ဟား ..ဟား ..ဟား ..ဟား ..ဟီး ..ဟီး ..ဟား ဟား"

အဝေးမှ လူပုကြီး၏ လှောင်ရယ်သံသည် သူ့ထံသို့ သဲ့သဲ့မျှလွင့်လာတော့၏။

နောက်ဆုံး သူ့တွင်မီးခြစ်မရှိတော့သည်ကို သတိရလိုက်သည်အခါ သူ့လက်တွင်းမှ ယက်ကန်ယက်ကန် ရုန်းကန်နေသည့်လိပ်ကောင်ကို မြေပေါ်သို့ အသာချပေးလိုက်ပြီး လူပုကြီးချပေးသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောခိုင်ကို ကောက်ယူလိုက်တော့၏။ လိပ်ကောင်သည် မြေပေါ်သို့ ခြေချွင် ရှုလိုက်သည်နှင့် အရွမ်းကာရုံကြီးစား ပြေးလွှားသွားတော့၏။

"ဟွန်း"

ခွေးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လူပုကြီးချပေးသွားသည့် ငှက်ပျောခိုင်ကို ထမ်း၍စခန်းတဲပေါ်သို့ တက်၍ ခြေဖစ်လက်ပစ် ထိုင်ချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှယ် ဝါးခုတ်သမား ခွေးက ကိုလူပုနှင့် ဆုံစည်းခဲ့ပုံကို ပြော ပြလေသည်။

"သည့်နောက် ကိုလူပုနဲ့ဆုံသေးလား"

ကျွန်တော်ကမေးလိုက်၏။

"မဆုံတော့ဘူး"

"ဘယ်လောက်ကြာပြီလဲ"

လင်းမြင့်လှိုင်က ဝင်မေးပြန်၏။

"ပထမအခေါက် ဝါးတက်ခုတ်တုန်းက တစ်လနီးပါးတော့ရှိ တောပေါ့"

"ကိုပိုက်တွေ့ခဲ့တာ ခွေးနဲ့ဆုံခဲ့တဲ့ လူပုကြီးဖြစ်နိုင်တယ်"

လင်းမြင့်လှိုင်က သို့နှယ်ကျွန်တော့်ကို ပြောလာ၏။

"ကဲ..ကျွန်တော်တို့သွားကြစို့"

*

တွတ်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ကျွန်တော်ကပြောရင်း ထလိုက်၏။

"ချောင်းထဲကသွားမလား ကြောပေါ်ကသွားမလား"

ခွေးကသို့မေးလာသဖြင့် -

"ကြောလမ်းအတိုင်းသွားကြတာပေါ့" ဟုဆိုလျက်ကျွန်တော်က ရှေ့မှဦးဆောင်ထွက်ခဲ့တော့၏။

သို့လျှောက်ခဲ့ကြရာမှ ခရီးအတန်ငယ်အရောက်တွင်ကျွန်တော်သည် ရှေ့မှသွားနေရာမှ ရုတ်ခြည်းရပ်လိုက်ပြီး နောက်မှကပ်ပါလာသူလင်းမြင့်လှိုင်နှင့်ခွေးကို လက်ကာပြရပ်တန့်စေပြီး လက်တွင်းမှ သေနတ်ကိုရှေ့တူရှုသို့ ထိုးချိန်လိုက်၏။

ရှေ့အတန်လှမ်းလှမ်း နေရာရှိချုံနွယ်ပင်နောက်ကွယ်မှ သားကောင်တစ်ကောင်ကို ဗိုးတဝါးမြင်လိုက်သောကြောင့် ဖြစ်ချေ၏။

"ဘာကောင်းတုန်းဗျ"

လင်းမြင့်လှိုင်က တိုးညှင်းစွာလေသံဖြင့် အနားကပ်မေးလာရင်း ကျွန်တော် သေနတ်ပြောင်း ချိန်မှတ်ဆီသို့ လှမ်းကဲကြည့်နေ၏။

"ဘာကောင်ရယ် သဲသဲကွဲကွဲမသိရသေးဘူး"

သို့နှယ်ပြောရင်း အသေအချာကြည့်နေလိုက်ပြန်၏။

"ဟာ..ကိုပိုက်..မပစ်နဲ့..မပစ်နဲ့"

လင်းမြင့်လှိုင်က သို့နှယ်ပြောရင်း ကျွန်တော့်သေနတ်ပြောင်းကိုမြေပြင်သို့ ဆွဲချလိုက်၏။

"ကိုလင်း ..ဘာကောင်မို့တုန်း"

လင်းမြင့်လှိုင်ကို လှည့်ကြည့်မေးလိုက်၏။

"ဘာကောင်မှမဟုတ်ဘူး ..လူတစ်ယောက်ဗျ"

"ဗျာ"

"လာပါဗျာ..အနားသွားကြစို့"

လင်းမြင့်လှိုင်က အသေအချာမြင်လိုက်သိလိုက်သည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ ထိုချုံနွယ်ပင်ရှိရာသို့ တန်းတန်းမတ်မတ်သွားလိုက်သည်။

ထိုချုံနွယ်ပင် နောက်ရောက်သည်တွင် မြင်လိုက်ရသည့် မြင်ကွင်းက တုန်လှုပ်ချောက်ချားဖွယ်ပင်ဖြစ်တော့၏။

သွေးသံရဲရဲနှင့် လူတစ်ယောက်ပါကလား။

နာကျင်လွန်းသည့် ဝေဒနာကြောင့် ညည်းတွားရုန်းကန်နေရှာ၏။ သူ့နံဘေးတွင်မတော့ ရိုင်ဖယ်သေနတ်အိုတစ်လက်ရှိနေ၏။

အမဲလိုက်မုဆိုးတစ်ယောက်ဖြစ်ချိမ့်မည်။

"ဟင်"

ခွေးက ထိုသူ့ကို မြင်သည်နှင့် အံ့ဩတကြီးဖြစ်သွားတော့၏။

"သူ..သူ မုဆိုးနှစ်ယောက်ထဲက တစ်ယောက်ပဲ" ဟုပြောလေသဖြင့်-

"ဘာလဲ မင်းနဲ့ဆုံခဲ့တယ်ဆိုတဲ့ မုဆိုးနှစ်ယောက်ကိုပြောတာလား"

သို့ ကျွန်တော်ကမေးလိုက်၏။

"ဟုတ်တယ်..ဟုတ်တယ်"

ကျွန်တော်သည် ခွေးထံမှ လှည့်၍ထိုသူ့ကိုလှည့်ကြည့်လိုက်၏။

"ဟင်"

လုံးဝငြိမ်သက်သွားပါကလား။ သို့ကြောင့် ကဗျာကယာမွှေ့ရှုလိုက်၏။

ရရှိထားသော ဒဏ်ရာဖြင့် သူသေဆုံးသွားလေပြီပဲ။ ဘယ်လိုဖြစ်ရတာပါလိမ့်။

သူရရှိထားသော ဒဏ်ရာများကို လေ့လာကြည့်လိုက်၏။ တစ်ကိုယ်လုံးအနှံ့ ပြတ်ရှဒဏ်ရာတွေချည်းပါကလား။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ထိုသူ့အလောင်းကို အသေအချာ စိတ်ဝင်တစားကြည့်နေစဉ် တစ်ဘက်တောင်ကြောအောက်မြောင်းအတွင်း ပြေးဆင်း သွားသည့် ခြေသံကြောင့် ရုတ်ခြည်းလှည့်ကြည့်လိုက်ကြ၏။

"ကိုပိုက်..လိုက်..လိုက်..လိုက်..အဲဒီနောက်လိုက်" လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး ထိုခြေသံရှင်နောက် ပြေးလိုက်သွားသည်ကြောင့် ကျွန်တော်နှင့်ငွေးသည်လည်း လင်းမြင့်လှိုင်နောက်ပြေးလိုက်သွားကြတော့၏။

ပြေးလွှားရင်း လှမ်းကြည့်မိ၏။

လူတစ်ယောက်ဖြစ်နေပါကလား။ လူသတ်သမားများလေလား။ ထိုသူသည်တောကျွမ်းသူ၊ အပြေးသန်သိဖြစ်ချိမ့်မည်။

မြောင်လေးနစ်ဖြတ် တောင်ကြောလေးတစ်ကြော အကွာ အဝေးတွင်လုံးဝပျောက်ခြေပြတ်သွားရတော့၏။

"ရှေ့ကပြေးသွားတဲ့သူကို မြင်လိုက်လား၊ ဘယ်သူဖြစ်နိုင်မလဲ"

မြေပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချရှားလိုက်ရင်း လင်းမြင့်လှိုင်က ငွေးကိုမေးလိုက်၏။

"ကျွန်တော် အရိပ်အယောင်တောင်မမြင်မိပါဘူး ဆရာလေးတို့နောက်သာ အပြေးလိုက်မိတာပါ"

"လူပုလေးမဟုတ်ဘူးဆိုတာတော့ ကျွန်တော်သိလိုက်တယ်" သို့ ကျွန်တော်ကပြောလိုက်၏။

"ကဲ..ကိုပိုက်ရေ ခဏနားချေဦးမယ်" ဆိုလျက် လင်းမြင့်လှိုင် သည် ဘောင်းဘီအိတ်အတွင်းမှ ဝီစကီပုလင်းပြားလို ထုတ်၍တစ်ငုံမော့ သောက်လိုက်ပြီး လှမ်းပေးလာ၏။

"ကဲ..ဟိုကို ပြန်သွားကြမယ်ဗျာ"

ကျွန်တော်က လင်းမြင့်လှိုင်ကမ်းပေးလာသည့် ဝီစကီကို မော့



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ပြီး ထိုင်ရာမှထလိုက်၏။

လူသေအလောင်းကြီးကို သည်အတိုင်းမထားလို၍ဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့သည် ပြေးလာရာလမ်းအတိုင်း ပြန်သွားလိုက်ကြသည်။

အလိုလေးဗျာ..ဘယ်လိုဖြစ်ရတာပါလိမ့် လူသေအလောင်းကြီးမရှိတော့ပါကလား။

ဘယ်ရောက်သွားပါလိမ့်။

သားရဲကောင်တွေ ဆွဲသွားလေသည်ထင်၍ အနားတစ်ဝိုက်လိုက်ကြည့်သေး၏။

"ကိုပိုက်..ဒီမယ် ခြေရာတွေ့သဗျ"

လင်းမြင့်လှိုင်ကပြောလာ၏။

"မသေဘဲ..သတိရ ထထွက်သွားတာဖြစ်မယ်"

ငခွေးက သူ၏ထင်မြင်ချက်ကိုပြော၏။

"မဖြစ်နိုင်တာ"

"အဲဒီခြေရာ နောက်လိုက်ကြည့်ကြမယ်"

လင်းမြင့်လှိုင်ကပြော၏။

သူပြောသည့်အတိုင်း ထိုခြေရာနောက်လိုက်ခဲ့ကြ၍ ရေစီးချောင်းလေးတစ်ခုအရောက်တွင် ခြေရာလုံးလုံးလျားလျားပျောက်သွားခဲ့ခြင်းကြောင့် ကျွန်တော်တို့သည် ထိုကိစ္စကို မေ့ဖျောက်ထားလိုက်ကြပြီး မူလခရီး စဉ်အတိုင်း ကျောက်ကုတင်ချောင်းဖျားသို့ ခရီးဆက်ခဲ့ကြပြန်တော့၏။

"ကိုပိုက်ရေ..တမနက်လုံးဘာသားကောင်မှမတွေ့ မပစ်ရလေတော့ ဘာမှလဲမစားရ၊ အင်မတန်လဲဆာနေပြီဗျာ ခဏနားကြဦးမယ်"

လင်းမြင့်လှိုင်က သို့နှယ်ပြောရင်း သစ်ပုပ်ပင်ကြီးတစ်ပင်အောက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်လည်း ဆာလောင်နေချေပြီ။ သို့ကြောင့် … လင်းမြင့်လှိုင်နည်းတူ သူ့အနားတွင် ထိုင်ချလိုက်တော့၏။

ငချွေးကတော့မူ ပတ်ဝန်းကျင်တစ်ပိုက် ဟိုဒီလှည့်ပတ်ကြည့်လိုက်ပြီး

"ဆရာလေးတို့ ခဏနေဦး" ဆိုကာ ကျွန်တော်တို့အပါးမှ ထွက်သွားလေတော့၏။

သူဘယ်သွားလေမလဲ။ စိတ်မဝင်စားနိုင် မောပန်းဆာလောင်နေပြီဖြစ်၍ မြေပေါ်တွင် ပက်လက်လှဲချ မျက်လုံးအစုံကို မှိတ်ရင်းနားနေလိုက်တော့၏။

မှေးခနဲ တစ်ချက်ဖြစ်သွားချိန်တွင်-

"ဆရာလေးတို့ သိပ်ဆာနေလျှင်ဖြင့် ဒါစားလိုက်လေ"ဟု ငချွေး ၏အသံကြောင့် ပက်လက်အနေအထားမှပင် မျက်လုံးဖွင့်လိုက်၏။

သစ်ဆိမ့်သီးတွေပါကလား။

မည်သို့ပင်ဖြစ်ချေ။ အနည်းငယ်တော့ဖြင့် ဆာလောင်မှုဒဏ် သက်သာနိုင်ပေသည်ဟု တွက်ကာ ထိုသစ်ဆိမ့်သီးတို့ကို ခါးနောင့်ဖြင့် ထုခွဲ အဆံများကို ထုတ်စားလိုက်၏။

"စားကောင်းတယ်ဆိုပြီးနင်းကန်လည်းမစားနဲ့ဦး ကိုပိုက်ရေ" ဟုလင်းမြင့်လှိုင်က သတိပေးသည့်ကြားမှ အတော်များများစားမိသည်ဖြစ် ၍ စားသောက်ပြီး သွေးလေးလာသည်ဖြစ်၍ ခဏမှိန်းနေလိုက်ရာ အိပ်ပျော်သွားခဲ့ရတော့၏။

မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ ဖျတ်ခနဲသတိတရ လာရသည်တွင် ကျွန်တော့်နံဘေးတွင် မည်သူ့မျှမတွေ့လေသည်ကြောင့် ကပျာကသီထထိုင်ရင်း ဟိုဟိုဒီဒီလှမ်းကဲကြည့်လိုက်၏။

"ဒိန်း"

တောင်ကြောအလယ်လောက်ဆီမှ ယမ်းအားပေါက်ကွဲသံတ



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြားလိုက်ရ၏။ သို့ကြောင့် ထိုနေရာသို့ စူးစိုက်ကြည့်ရင်း သေနတ်ကိုဆုပ်ကိုင်ထားမိ၏။

ထိုနေရာလေး၏လမ်းမြောင်လေးမှ လင်းမြင့်လှိုင်ထွက်လာ၏။ သေနတ်ကို ပခုံးထက်တင်ထမ်းလာ၏။

သူ့နောက်တွင် ကပ်လျက်ခွေးပါလာချေ၏။

သားကောင်တစ်ကောင် ပစ်ရလာသည်ပဲ ..မှန်း ...

သူ တို့အနား ရောက် လာလေမှ 'ကြောင် ကတိုး' ကို ပစ်ခတ်ရလာ ခြင်းသိရတော့၏။

"ကိုပိုက်အိပ်နေတုန်း ကြောင်တွေ့တာနဲ့ သွားပစ်တာ"

"ကဲ..ကျွန်တော်တို့ရှေ့နားလေးမယ်သွားပြီး ဒီတစ်ညစခန်းချနားကြတာပေါ့..အချိန်လည်းလင့်နေပြီ"

လင်းမြင့်လှိုင် သို့ပြောလေမှ ညနေစောင်းပြီကို သတိထားမိတော့၏။

"ကျွန်တော်အတော်ကြာကြာအိပ်ပျော်သွားတာကိုး"

ကျွန်တော်ကပြောလိုက်၏။

"ဒို့ကြောင့် ကျွန်တော်ပြောတာပေါ့ သစ်ဆိမ့်သီးသိတ်မစားပါနဲ့လို့"

"သိပ်ဆာလောင်နေတော့လည်း မထိန်းနိုင်ဘူးပေါ့ဗျာ"

သည်သို့ဖြင့် ကျွန်တော်တို့သည် ရှေ့သို့ဆက်လျှောက်ခဲ့ကြ၏။ တောင်ကြောအဆင်း မြေပြန့်လေးတစ်ခုတွင် ဝါးခုတ်တဲပေါင်းတစ်ခုတွေ့သည်ကြောင့် ခြေခင်းလက်ခင်းသာသည့် နေရာလည်းဖြစ်သည်ကြောင့် စခန်းချရန် ဆုံးဖြတ်လိုက်ကြ၏။

ထိုတဲပိုင်ရှင် ဝါးခုတ်သမားတို့သည် လွန်ခဲ့သောတစ်ရက်နှစ်ရက်လောက်ဂ မှ ထိုတဲကို စွန့်ခွာသွားပုံရ၏။

"ကဲ..ခဏနားနေပြီး ရှေ့ကချောင်းလေးထဲမယ် ရေသွားချိုးကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

သို့နှယ်ပြောရင်း လင်းမြင့်လှိုင်က တဲဝါးကြမ်းခင်ပေါ် ထိုင်ချလိုက်၏။

ခွေးက တဲရှေ့ကွက်လပ်တွင် ထင်းခြောက်တုံးများကို စုပုံနေလေ၏။ ထင်းမီးဖိုရန်ဖြစ်၏။

ကျွန်တော်သည် ခဏမျှနားနေပြီး လင်းမြင့်လှိုင်နှင့်ခွေးကို ခေါ်၍ ရေချိုးရန်ချောင်းရှိရာသို့ ထွက်ခဲ့တော့၏။

ကျွန်တော်တို့ ချောင်းရေစိမ်နေစဉ် ခွေးသည် လင်းမြင့်လှိုင်ဓါး ခုတ်ရထားလေသည့် 'ကြောင်ကတိုး' ကို အရေဆုတ် အသားဖျက်နေလေ ၏။

ထိုစဉ် ချောင်းကမ်းတောင်ကြောလေးအပေါ်မှ ခြေသံကျယ် ကျယ်ကြောင့် ကပျာကသီ ကမ်းစပ်ရှိ သေနတ်တို့ကို ပြေးယူလျက် ချောင်း ကမ်းကြောပေါ်သို့ မော့ကြည့် သေနတ်ဖြင့် ချိန်ရွယ်လိုက်ကြ၏။

ဘာကောင်ရယ်မသိရ..တိတ်ဆိတ်ငြိမ်သက်သွားသည်။-

"ကဲ..စခန်းတဲပြန်ကြမယ်ဗျာ" ဆိုလျက် တဲသို့ပြန်ခဲ့ကြတော့ ၏။ တဲသို့ရောက်သည်တွင် ကျွန်တော်နှင့်လင်းမြင့်လှိုင်က ထုံးစံအတိုင်း ဝီစကီသောက်နေကြစဉ် ခွေးသည် 'ကြောင်ကတိုး'ကောင်ကို တံမြက်ဆိုး မီးကင်နေလေတော့၏။

ပုလင်းပြားလေးတစ်ဝက်ကျိုးသွားသည်တွင် ကြောင်ကတိုး သားမီးကင်သည်လည်း စားလို့ရချေပြီဖြစ်၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်က အမြည်းအလို့ငှာစားနေသလို ခွေးသည် ညစာအလို့ငှာ အားပါးတရစားနေချေတော့၏။

ကြောင်သားသည်လည်း အပူသားဖြစ်လေသည်ကြောင့် ထိုည ကောင်းကောင်းအိပ်၍မရ၊ ရေငတ်သည်ကြောင့် မကြာခဏထကာရေ သောက်နေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နို့တောင်မှ..ကျွန်တော်တို့သည် မည်မျှပင်ဆာလောင်နေကြသည်ဆိုဦး ကြောင်လေးတစ်ကောင်ကို ကုန်စင်အောင်မစားနိုင် ကြောင်သားတစ်ခြမ်းပင်ကျန်နေသေးတော့၏။

သို့..ကျွန်တော်ကား အိပ်နေလျက် ရေငတ်လာသည်ကြောင့် နိုးလာ..ရေထသောက်။ တစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ်အလီလီ ဖြစ်ချေတော့၏။ လင်းမြင့်လှိုင်နှင့် ချေးကာတော့မှ ယောက်လို့ပင်နေကြသေးတော့၏။ သန်းခေါင်ယံကျော်တွင် နှစ်နှစ်ခြိုက်ခြိုက် ကျွန်တော်အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာအိပ်ပျော်သွားလေသည်မသိ။ မသိစိတ်၏ နှိုးဆော်မှုကြောင့် နိုးလာရပြီး ထင်းမီးပုံဘက်လှည့်စောင်းကြည့်မိလိုက်၏။

"ဟင်"

ရုတ်တရက်မို့ ရင်ထိတ်သွားမိ၏။

ဘုရားရေ..ညကြီးသန်းခေါင် လူစိမ်းတစ်ယောက် ရောက်နေပါလား။

လူတစ်ယောက်မှန်းသိလိုက်သည်ကြောင့် ထိတ်လန့်စိတ်များ ချွင်ပြယ်သွားသည်တွင် ကပျာကသီထထိုင်လိုက်ပြီး သေနတ်ကိုကောက်ယူ၊ ထိုသူထံ လှမ်းထိုးချိန်လိုက်၏။

ကျွန်တော်၏ရုတ်ခြည်းလှုပ်ရှားမှုကြောင့် ဝါးကြမ်းခင်းလှုပ်ခါသွားရသဖြင့် အအိပ်ဆတ်သော လင်းမြင့်လှိုင်နိုးလာတော့၏။

"ဟိတ်လူ...ခင်ဗျားဘယ်သူလဲ ဘယ်ကလာတာလဲ"

သို့နှယ်မေးလည်းမေး သေနတ်ဖြင့် ချိန်ရွယ်ထားရင်း တဲပေါ်မှဆင်းကာ ထိုသူ့အနားသို့ တိုးကပ်သွားလိုက်၏။

ထိုသူ့နံဘေးတွင် သေနတ်တစ်လက်ရှိနေ၏။ သူ့သေနတ်ကိုပြီးစလွယ် နံဘေးချထားပုံတောက်ခြင်းအားဖြင့် သေနတ်အတွင်း ကျည်ရှိပုံမပေါ်ချေ။

နို့ပေမင့် သတိဆိုတာ မပြတ်ရှိဖို့လိုသည်မဟုတ်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို ဖျက်နာငယ်လေး
ကြည့်ရင်း တိုးလျှိုးတောင်းပန်သံဖြင့်-

"ကျွန်တော် သိပ်ဆာလွန်းအားကြီးလို့ ခုလို့မပြောမဆို ယူ
မိတာပါ" ရယ်လို့ပြောလည်းပြော ကျွန်တော်တို့၏ ကြောင်သားတစ်
ကိုလည်း လက်မှမချ ပြောလာချေတော့၏။

ကျွန်တော်တို့အား ရန်မူလိုဟန်မမြင်သည့်ကြောင့် သူ့အ
သွားလျက်လို့ရမယ်ရဆိုသလို သူ့သေနတ်ကိုကောက်ယူလိုက်၏။

"ခင်ဗျား..တောလိုက်မုဆိုးတစ်ယောက်လား"

ကျွန်တော်ကမေးလိုက်၏။

"ဟုတ်ပါတယ်"

"သည်တောကအမဲပေါတာပဲ..ခင်ဗျားမလဲ သေနတ်ရှိ
အမဲလေးတစ်ကောင်ကောင်မရဘူးလား" ဟုမေးလိုက်သည်။

"ကျွန်တော့်သေနတ်က တုတ်တစ်ချောင်းလောက်ပဲ အသုံး
ပါတော့တယ်"

"ဘာလဲ..ကျည်မရှိလို့လား"

"ဟုတ်ပါတယ်"

"ကျည်လုံလုံလောက်လောက် ဘာလို့ယူမလာတာတုန်း"

လင်းမြင့်လှိုင်ကမေးလိုက်၏။

"ကျည်အလုံအလောက်ပါတာပေါ့ဗျာ..နို့ပေမင့် တောထဲ
လမ်းစပျောက်နေတာကြာပြီ သည်ကြားအဖော်နဲ့ကွဲပြီး အဲဒီအဖော်
နောက် ကျည်တွေပါသွားတယ်"

"ယော"

သို့ သူပြောလေမှ ကျွန်တော်ပျောက်ဆုံးသွားသော အမဲလို
မုဆိုးတစ်ယောက်ကို သွားသတိရမိလိုက်တော့၏။

"နို့ဖြင့် ..ခင်ဗျားအဖော် မုဆိုးကော"



www.burmeseclassic.com

www.burmeseclassic.com



"သားကောင်တစ်ကောင်နောက်လိုက်ရင်း လှူကွဲသွားတယ်..ခုချိန်ထိ ပြန်မဆုံကြသေးဘူး ကျွန်တော်လဲတစ်ယောက်တည်း တောတောင်ထဲမှာ ကြိုးသလိုအိမ်၊ ခြေဦးတည့်ရာ သွားနေရတာနှစ်ရက်လောက်ရှိပြီ ဘာမှလည်းမစားရတာကြောင့် သိပ်ဆာနေပြီ သွားရင်းလာရင်း ခင်ဗျားတို့တဲနား ရောက်လာတော့ကာ မီးကင်ထားတဲ့ ကြောင်သားကိုတွေ့လို့ မပြောမဆို စားလိုက်မိတာပါ"

သူစကားဆုံးသည်နှင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်တစ်ယောက် လိုရမယ်ရဆိုသလို သူ့သေနတ်ကျည်အိမ်ကို ဖြုတ်ကြည့်လိုက်သည်။ အမှန်တကယ်ပင် ကျည်တစ်တောင့်မှ ရှိမနေပါချေ။

သို့ကြောင့် သူ့သေနတ်ကို ပြန်ပေးလိုက်ပြီး-

"အေးလေ..ခင်ဗျား သိပ်ဆာနေလျှင်လည်း စားလိုက်ပါ"

"ဟာ..ဟိတ်လူ ခင်ဗျားတို့ပဲ မဟုတ်လား"

ငခွေး၏အသံကြောင့် ထိုသူလှည့်ကြည့်လေပြီး-

"အော်..နောင်ငယ် ကျွန်တော်တို့ ခင်ဗျားမီးခြစ်ကို တမင်ယူသွားတာမဟုတ်ပါဘူးဗျာ သားကောင်နောက်လိုက်ရင်း ပြန်လာတော့ကာ ဝါးခုတ်တဲ့ နေရာမှာ ခင်ဗျားကိုမတွေ့မိတော့ဘူး ခင်ဗျားစခန်းတဲ ဘယ်ရှိမှန်းလဲမသိတော့ကာ နှစ်ယောက်သား ခြေဦးတည့်ရာထွက်သွားကြရာ အခု လူစုကွဲသွားပြန်တယ်" ရယ်လို့ ထိုသူက ငခွေးကို မှတ်မိလေဟန်ဖြင့် ပြောလေတော့၏။

အော်..ငခွေးပြောသည့် မုဆိုးနှစ်ယောက်ပါကလား။

တစ်ယောက်ကတော့ သေလေပြီလား။ ဘယ်ရောက်သွားလေသည်မသိ။

"ကဲ...မိတ်ဆွေဘာဆက်လုပ်မယ်စိတ်ကူးလဲ"

"ကျွန်တော်..."သို့နယ်ပြောပြီး ရုတ်ခြည်းဆိုသလို ဝေါ်ခနဲထပြေးသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့သေနတ်ကတော့ ကျန်ရစ်ခဲ့လေ၏။

ဘယ်လိုဖြစ်သွားတာပါလိမ့်။ သူလှမ်းကြည့်ရာ တဲနံဘေး အမှောင်ရိပ်တွင်း လှမ်းကြည့်လိုက်၏။

ဘာမှမတွေ့ပါကလား...သူဘာကိုမြင်ပြီး ကြောက်လန့် ပြေးသွားပါလိမ့်။

ထိုသူသည် အမှောင်ထုတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့ ၏။

"ဟား ..ဟား ..ဟား ..ဟား ..ဟီး ..ဟီး ..ဟား ဟား ..ဟီး ..ဟား"

ရုတ်ခြည်းပေါ်လာသည့် ရယ်မောသံကြောင့် အသံလာရာသို့ လှည့်ကြည့်လိုက်ကြပြန်၏။

"ဟင်"

အမှောင်ရိပ်အတွင်းမှ လှစ်ခနဲလူတစ်ယောက်လှည့်ပြေးသွား သည်ကိုသာ ဖျတ်ခနဲတွေ့လိုက်ရ၏။

ဘယ်သူပါလိမ့်။

"လူပုလေးများလေလား"

ကျွန်တော်ကပြောလိုက်၏။

"ပျောက်သွားတဲ့ မုဆိုးလည်းဖြစ်နိုင်တယ်"

လင်းမြင့်လှိုင်ကလည်း ပြောလာပြန်၏။

"ဘယ်သူပဲဖြစ်ဖြစ်ပေါ့ ကိုပိုက်ရယ်..ဒီတောထဲမယ် ညှို့ကြိုး သန်းခေါင် လျှောက်သွားနေကြတဲ့သူတွေရှိတာပဲနော် ကျွန်တော်တို့တော့ မသွားရဲပေါင်ဗျာ..သားရဲကောင်တွေ အန္တရာယ်ကြောက်တယ်ဗျ"

"ကဲ..ကိုလင်း..အချိန်ရှိသေးတယ်..အိပ်ကြစို့"

"ကျွန်တော်တော့ မအိပ်ချင်တော့ဘူးဗျာ"ဆိုလျှင် ခွေးသည် ထင်းမီးပုံနံဘေးတွင် ထိုင်လျက်ကျန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မိုးစင်စင်လင်းလေမှ နိုးလာရတော့၏။ ကျွန်တော်တို့အိပ်ယာမှနိုးသည်တွင် ခွေးကိုမတွေ့သည်ကြောင့် ရင်ထိတ်သွားမိသေး၏။ သို့ပေမင့် ခွေးသည် ချောင်းဘက်မှပြန်လာသည်တွေ့လေမှ စိတ်အေးသွားရ၏။

"ဘယ်သွားနေတာတုန်း"

ကျွန်တော်ကမေးလိုက်၏။

"မြောင်လေးထဲမှာ ငါးသွားဖမ်းလာတာ"

သို့နှယ်ပြောပြီး ငါးသီတစ်တွဲကိုမြှောက်ပြလာ၏။ အရှည်တစ်ပေလက်ကောက်ဝတ်လုံးခန့် ကိုယ်ထည်ရှိ ငါးရံ့လေးကောင်ကို နှီးကြိုးဖြင့် သီဆွဲလာခြင်းဖြစ်၏။

"အေး..ကောင်းတယ် ညက ဟိုပုဂ္ဂိုလ် ငါတို့ကြောင်သားစားသွားတော့ကာ မနက်စာ ဘာမှမရှိတာနဲ့ အတော်ပဲပေါ့"

သို့နှယ်ပြောပြီး ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မျက်နှာသစ်ခြေလက်ဆေးရန် ချောင်းဘက်ထွက်ခဲ့တော့၏။

ခွေးသည်ငါးများကိုသီတံဖြင့်တံစို့ထိုး မီးကင်နေလေတော့၏။

ချောင်းဘက်သို့အလာ ညကလူလှည့်ပြေးသွားသည့် မှောင်ရိပ်နေရာလေးရောက်သည်တွင် ဘာရယ်မဟုတ် မြေပြင်တစ်ဝိုက်လှည့်ပတ်ကြည့်လိုက်မိ၏။

"ဟာ"

"ဟင်"

လူခြေရာအစား တောဝက်ကောင်၏ ခြေရာများ ဗရပွတွေ့ရပါကလား။

"ကျွန်တော်တို့ညက တောခြောက်ခံရတာများလား"

သို့ ကျွန်တော်က တောဝက်ခြေရာများ ကြည့်ပြီးပြောလိုက်၏။

"မဖြစ်နိုင်တာဗျာ ..ညက ရယ်သံကို ရှင်းရှင်းကြီးကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရတာပဲဗျာ..လူရယ်သိအစစ်ပါ..တခုခုတော့ မှားယွင်းနေပြီထင်ပါရဲ့"

လင်းမြင့်လှိုင်က သို့နယ်ပြောလည်းပြော မြေပြင်ကိုလည်းအသေအချာကြည့်လိုက်၏။

"အော်..ဟောဒီမယ် လူခြေရာတွေပြီဗျ"

သို့ကြောင့် ထိုခြေရာကို အသေအချာလေ့လာကြည့်လိုက်၏။

"အင်း ..ဟုတ်ပါရဲ့..ညက ဒီကနေလှည့်ပြေးသွားတာ လူတစ်ယောက်ပါပဲ ဒီဝက်ကောင်က ဒီနက်စောစောမှ လာသွားတာဖြစ်မယ် နို့ကြောင့် လူခြေရာတွေပျောက်ပြီး ဝက်ကောင်ခြေရာတွေ တွေ့ရတာကိုး ဟင်း ..ဟင်း"

သို့နယ် ကျွန်ုပ်တော်ကရှက်ရယ်..ရယ်လိုက်ပြီး ချောင်းဘက်သို့ထွက်ခဲ့လေတော့၏။

"ကျွန်တော်တို့ဒီဝက်ခြေရာနောက်လိုက်ကြလျှင် မကောင်းပေဘူးလား"

မျက်နှာသစ်ပြီး အပြန်လမ်းတွင် ကျွန်ုပ်တော်ကပြောလိုက်၏။

"လွယ်လင့်တကူ ပစ်ရမယ်၊ သားကောင်နောက်လိုက်တာပိုကောင်းတာပေါ့ဗျာ"

သို့ဖြင့် ကျွန်ုပ်တော်တို့သည် ချေးကင်ကျွေးသည့် ငါးမီးကင်ကိုစားပြီးနောက်...ဝက်ခြေရာနောက် ခြေရာကောက်လိုက်ခဲ့ကြတော့၏။

ကျွန်ုပ်တော်တို့ပဲ ခြေရာကောက်တော်လေသည်လား ဝက်ကောင်သည်ပဲ ညံ့ဖျင်းလေသည်လားမသိ။

ဗွက်ဖိုင်လေးတစ်ခုတွင် တစ်ကိုယ်လုံးနစ်လူးနေသည့် ဝက်ကောင်ကို တွေ့လိုက်သည်နှင့် ကျွန်ုပ်တော်က မှုဆိုးဒူးတောက်ထိုင်ချ လိုက်ပြီးပစ်မှတ်ကို အသေအချာချိန်လိုက်၏။

ဝက်ကောင်သည် သူ့အသက်အန္တရာယ်ကို သတိထားမိဟန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ နှလုံးလို့သာ "ကျိစ်လိ..ကျိစ်လိ" ရယ်လို့အော်နေ၏။

"ချောက်"

သေနတ်မောင်းတင်လိုက်သံကြောင့် ဝက်ကောင်သည် ခဏမျှ ငြိမ်သက်သွား၏။ နားတော့ဖြင့် အပါးသား။

ဝက်ကောင်သည် သူ့အန္တရာယ်ကို ရိပ်မိသွားပြီထင့်။ ရုတ်ခြည်း ဆိုသလို နှလုံးနေရာမှ ခြေစုံထရပ်လိုက်ပြီး ဝဲယာတစ်ဘက်တစ်ချက် ငေးစမ်း ကြည့်နေလိုက်၏။

ပစ်မှတ်ကတော့ဖြင့် ငြိမ်နေချေပြီပဲ။

ဝက်ကောင်ပြေးမလွတ်ချေတော့ပြီ။

"ဟင်"

မောင်းထိန်းခလုတ်ပေါ် ဖွဖွလေးတင်ထားသည့် လက်ညှိုးလေး ဆို ဆွဲညှစ်လိုက်ရမည့်အစား မှေးတင်ထားရာမှ ခွာလိုက်ပြီး သေနတ် မြောင်းကိုလည်း မြေကြီးစိုက်လိုက်ကာ 'ဟင်း' ရယ်လို့ သက်ပြင်းချလိုက် သည်တွင်-

"ကိုပိုက်..အပိုင်ပဲဗျာ..ဘာလို့မပစ်တာလဲ"

သို့နှယ်လင်းမြင့်လှိုင်က အံ့အားတကြီးမေးလာလေ၏။

"စီးရှိလို့"

"ဟင်"

သို့ ကျွန်တော်ပြောလိုက်လေမှ လင်းမြင့်လှိုင်သည် ဝက်ကောင် ဆို အသေအချာကြည့်မိဟန်တူ၏။

"ဟုတ်ပါရဲ့ဗျာ..ဝက်ကောင်က နှလုံးထားတော့ကာ ဝမ်းဗိုက် ဆယ် ရွှံ့တွေပေကျံနေလို့ စီးရှိလို့ ရှိမှန်းမသိတာပဲ၊ တော်ပါသေးရဲ့ဗျာ မြင် ကျွန်တော်တို့မှဆိုးစည်းဖောက်မိတော့မလို"

သို့နှယ်ပြောလာတော့သဖြင့် ငခွေးသည် ကျွန်တော်တို့ ' သောက်ကို လူထူးလူဆန်းနှယ်ငေးကြည့်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ..ဟား ..ဟား ..ဟား ..ဟား ..ဟား ..ဟား"

သို့နှယ် ရယ်မောသံကြောင့် သုံးယောက်သား တစ်ပြိုင်နက်ဆို သလို ရယ်သံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်ကြ၏။

တောတိုးပြေးလွှားသွားသည်ကိုသာ သိလိုက်၏။ လူလုံးကွဲ တော့ဖြင့်မမြင်ရချေ။

"ကျွန်တော်တို့နောက်ကို လူတစ်ယောက် အစဉ်မပြတ်လိုက် ချောင်းနေပုံပဲဗျ"

လင်းမြင့်လှိုင်က ပြော၏။

"အေးဗျာ...ဘာသဘောလဲမသိဘူး"

"ကဲ..ကိုပိုက်ရေ..ခရီးဆက်ကြစို့"

သည်သို့ဖြင့် ကျွန်တော်တို့သည် ချောင်းနံဘေးမြေပြန့်လေး အတိုင်းလျှောက်ခဲ့ကြရာမှ လမ်းချိုးလေးတစ်ခုအရှေ့တွင် ညာကရောက် လာသော မုဆိုးကိုလှမ်းတွေ့လိုက်ကြ၏။

သူသည်လည်း ကျွန်တော်တို့ကို ရပ်စောင့်နေပုံရ၏။ ကျွန်တော် တို့တွက်ထားသည်မှာ ထိုသူ ကျွန်တော်တို့နှင့်လာရောက်တွေ့ဆုံလိမ့်မည် ဟု။ သို့ဝေမင့် ကျွန်တော်တို့ကို ကျော်ကြည့်ပြီး မျက်စိမျက်နှာပျက်သွား ကာ လမ်းမြောင်လေးအတိုင်း ရုတ်ခြည်းလှည့်ပြေးသွားတော့၏။

"ဘယ်လိုဖြစ်သွားတာပါလိမ့်"

သို့နှယ်ရေရွတ်လိုက်ပြီး ကျွန်တော်သည် နောက်သို့လှည့်ကြည့် လိုက်၏။

"အလို"

"ဟင်"

"ဟာ"

ကျွန်တော်တို့ နောကဖက်ခပ်လှမ်းလှမ်းတွင် ကိုစံပုကို တွေ့ လိုက်ကြတော့၏။ ကျွန်တော်တို့လှည့်ကြည့်လာသည်ကြောင့် ကိုလှပုသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပြလာပြီး လှစ်ခနဲဆိုသလို တောစပ်မှအတွင်းသို့ တိုးဝင်ပြေးသွားလေတော့၏။

"ဘယ်လိုသဘောလဲ ကိုလင်းရဲ့ ဟိုလူက ကိုလူပုကိုတွေ့တာနဲ့ ထွက်ပြေးသွားတော့တာပဲ"

"အေးဗျ..ကျွန်တော်လဲသတိထားမိတယ် ကြည့်ရတာ ဟိုမုဆိုးက ကျွန်တော်တို့ကို စကားပြောချင်ပုံရတာယ်၊ နို့ပေမဲ့ ကိုလူပုကို မြင်တာနဲ့ လှည့်လှည့်ပြေးသွားတော့တာပဲဗျာ..ကိုလူပုကို ဘာလို့ ဒီလောက်တောင်ကြောက်နေတာလဲ..မသိဘူးဗျနော်"

"အဲဒါက အကြောင်းမဟုတ်ဘူး ဘာလို့များသူတို့နှစ်ယောက်က ကျွန်တော်တို့ပတ်ဝန်းကျင်နားတဝိုက်မှာ ရှိနေကြရတာလဲ ဒီတစ်ခါ ဒီလိုလုပ်မယ်ဗျာ ကိုလူပုပဲဖြစ်ဖြစ် ဟိုမုဆိုးပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကို အမိဖမ်းပြီး စုံစမ်းမေးမြန်းရတော့မှာပဲ"

သို့ကျွန်တော်ကပြောလိုက်ရင်းရှေ့သို့ ဆက်လျှောက်ခဲ့တော့၏။

သို့ လျှောက်ရင်း ဘေးဘီဝဲယာပိုက်အကဲခတ်နေရတော့၏။

ဘယ့်တွက်မူ..သူတို့နှစ်ယောက်သည် ကျွန်တော်တို့ပတ်ဝန်းကျင်တွင်သာ သွားလာနေကြမည် သိထားသောကြောင့် ဖြစ်ချေ၏။ သည် သို့ဖြင့်ကျွန်တော်တို့သည် ညနေစောင်းလေးတွင် ချောင်းစပ်ရေဆင်းသောက်သော ဂျီ(ချေ)တစ်ကောင်ကို ပစ်ခတ်ရရှိသည်နှင့် စခန်းချရန် နေရာထိုင်ခင်း ကောင်းသော တောင်စောင်းမြေပြန့်နေရာလေးတွင် ယာယီ စခန်းတဲဆောက်နေလိုက်ကြတော့၏။

ဝါးတဲထိုးပြီးသည်တွင် ရေချိုးလိုက်ကြသည်။ ငခွေးက ဂျီ(ချေ)ကောင်ကို အသားဖျက် တုံးတစ်၊ တံစို့ထိုး မီးကင်နေ၏။

"လက်ကျန်ဒါပဲရှိတော့တယ်ဗျ"

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး ဝီစကီတစ်ပြား ကမ်းပေးလာ၏။ သို့ဖြင့် ညနေခင်းပိုင်းလေးသည် နှစ်ယောက်တည်းဆိုပြီး လွန်စွာ

www.burmeseclassic.com



စိတ်ချမ်းမြေ့ဖွယ်ကောင်းလွန်းလှတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင် အမဲလိုက်ခြင်းအလုပ်မစွန့်လွှတ်နိုင်ခြင်းမှာ ထိုအရသာစည်းစိမ်ကို မက်လွန်း၍ဖြစ်တော့၏။

ခွေးကတော့ လူငယ်ဝီဝီ အစားအသောက်ကိုသာ မက်မော၏။ သို့ပေမင့် ...ဝါးလုံးချောချော ဝါးရုံတွေ့လျှင် စုပ်တသပ်သပ်ဖြင့် "ကောင်းလိုက်တဲ့ ဝါးကြီးတွေဗျာ..အလုံးချောကြီးတွေ အောက်ဘက်မယ်မရှိဘူးဗျ..ပေးလွန်းလို့ပေါ့..နို့ ဒီမယ်ဝါးလာခုတ်ပါတယ်" ရယ်လို့ပြော တတ်ချေ၏။

သို့ဖြင့် တစ်စတစ်စည့်နက်လာသည်တွင် ကျွန်တော်တို့လဲမူးလာ ချေပြီဖြစ်၏။

"ခွေး မင်းအိပ်တော့လေကွာ"

ထင်းမီးမပြတ်ထိုးထည့်နေသော ခွေးကို အိပ်ခိုင်းလိုက်၏။ ဂျီ (ချေ)သားမီးကင်ကို တနင့်တပိုးစားထားသည့် ခွေးသည်လည်း လွန်မင်း စွာအိပ်ချင်နေပြီဖြစ်၍ သို့ပြောလိုက်သည်နှင့် ဝမ်းပန်းတသာ ဝါးကြမ်း ခင်းပေါ် လှဲချအိပ်လိုက်လေတော့၏။

"နို့တောင်မှ ..ထင်းမီးကိုတော့ ကျွန်တော် မပြတ်ထည့်ထားပြီးပါပြီ ဆရာလေးတို့ အိပ်လျှင်လည်း စိတ်ချလက်ချအိပ်လို့ရတယ်" ဟု ပြောလာသေးတော့၏။

ခွေးကိုကြည့်၍ ကျွန်တော်ပြုံးမိလိုက်သည်။

သည့်နောက် လင်းမြင့်လှိုင်ဘက်လှည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြ၍ "ကျွန်တော်သိပ်မူးနေပြီ အိပ်တော့မယ်ဗျာ" ဟုပြောလိုက်၏။

"ကျွန်တော်လဲ မဟန်တော့ပါဘူး အိပ်ပြီဗျာ..ဂွဒ်နိုက်..ဂွဒ်နိုက်" ဆိုလျက်လင်းမြင့်လှိုင်သည်လည်းကြမ်းခင်းပေါ်လဲကျသွားတော့၏။

ကျွန်တော်သည် မျက်စိကိုမှိတ်ထားသော်လည်း နားကိုစွင့်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ပုံဖြင့် ကျွန်တော်အချိန်အတော်ကြာကြာနေရ၏။

နာရီဝက်ခန့်အကြာတွင် ကျွန်တော်မျှော်လင့်ထားသလို ဂွက်တီဖြစ်လာချေတော့၏။

မီးပုံများတွင် တံစို့ထိုးမီးကင်ထားသည့် ချေသားတုံးအတွဲများရှိရာသို့ လူတစ်ယောက်ရောက်လာတော့၏။

ထိုသူသည် ကျွန်တော်တို့ဘက်လှည့်ကြည့်ကာ ..ကြည့်ကာဖြင့် ဂျီ(ချေ)သားတစ်တွဲကိုယူ၍ မှောင်ရိပ်အတွင်း ပြန်လှည့်ပြေးသွားသည့်အလုပ်တွင်-

"ဟိတ်လူ..မပြေးနဲ့ ..ရပ်လိုက်"

လင်းမြင့်လှိုင်က နံဘေးမှသေနတ်ကိုကောက်ကိုင်ပြီး ထိုသူထံသို့ ပြေးသွားလိုက်၏။

ကျွန်တော်သည်လည်းနံဘေးမှသေနတ်ကို ကောက်ယူလိုက်ပြီးအရပ်လေးမျက်နှာသို့ ခြောက်လှန့်ပစ်လိုက်တော့၏။

"ဒိန်း"

"ဒိန်း"

"ဒိန်း"

"ဒိန်း"

လင်းမြင့်လှိုင်သည် ထိုသူကို သေနတ်ဖြင့် ချိန်ရွယ်ထားပြီးဖြစ်တော့၏။

ထိုသူသည် လွန်မင်းစွာ ကြောက်ရွံ့နေရှာ၏။

ကျွန်တော်၏ပစ်ခတ်မှုကြောင့်လည်း ထိတ်လန့်နေဟန်တူ၏။ ကျွန်တော် သို့ပစ်ရခြင်းသည် ပတ်ဝန်းကျင်တွင် ကိုလူပုရှိနေမည်ထင်၍သူ့အား ခြောက်ထုတ်လိုက်ခြင်းဖြစ်၏။

"ကျွန်တော်..ကျွန်တော်..ဆာလွန်းလို့ပါဗျာ"

ထိုသူက ထိတ်ထိတ်ပျာပျာ ပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဆာနေလျှင်ဖြင့်လည်း စားချေဗျာ နို့ပေမင့် ဒ္ဓါန္ဓာတော် တို့ခင်ဗျားအကြောင်းသိချင်တယ်၊ အမှန်အတိုင်းပြောပြပါ၊ ကိုလှလှနဲ့ကော ဘယ်လိုပတ်သက်သလဲ"

လင်းမြင့်လှိုင်က သို့နှယ်မေးလေတော့၏။

သည်တွင် ထိုသူကပတ်ဝန်းကျင်တစ်ဝိုက် ဝေ့ဝိုက်ကြည့်လိုက်လေသည့်ကြောင့် -

"ဘာလဲ..ကိုလှပု ရောက်လာမှာကြောက်လို့လား သည့်တွင် ပူပင်စရာမလိုပါဘူး"

သို့နှယ်ပြောပြီး အရုပ်လေးမျက်နှာသို့ ခြောက်ပစ်လိုက်ပြန်၏။

"ဒီနီး"

"ဒီနီး"

"ဒီနီး"

"ဒီနီး"

သူကျေနပ်သွားပုံရ၏။ စိတ်ချလက်ချ ဖြစ်သွားဟန်လည်းတူ၏။ သို့ကြောင့် သည်လိုဗျာဆိုလျှက် ...

"သိဒင်း" ရွာသားမှဆိုး 'ကျော်ခ' နှင့် 'ကဒိုး' တို့သည် 'စဉ့်အိုး' ချောင်းရေကျ 'ကသွယ်' မြောင်လေးအတိုင်း တောတိုးတက်ခဲ့ကြတော့၏။ ရွာမှထွက်ခဲ့ကြသည်မှာ မနက်ဝေလီဝေလင်းလောက်ကတည်းက ဖြစ်သည်။ ယခုနေပင်စောင်းလုချေပြီ။ သားကောင်မရသည့်ပြင် ဝံကောင်နှင့် ထိပ်တိုက်ဆုံခဲ့သည်ကြောင့် 'ကဒိုး'၏လက်တွင်ပင် ဒဏ်ရာရခဲ့ချေပြီ။ သည့်နောက် ကံအားလျော်စွာ တောင်လိပ်ကောင်တွေ့သည်ကြောင့် အသားဖျက်မီးကင်စားပြီးကသွယ်မြောင်ဖျားသို့ခရီးဆက်ခဲ့ကြခြင်းဖြစ်၏။

"ဒို့ကသွယ်မြောင်ဖျားရောက်လျှင် တောင်ကြောပေါ်တက် တဘက်မြောင်အတိုင်းဆင်းလိုက်သွားလျှင်ဖြင့် ကျောက်ကူချောင်းဆီ ရောက်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှတောတိုးသွားနေသော 'ကဒိုး' ကို 'ကျော်ခ' က ပြောလေ၏။ "အေး ..အချိန်လည်းမရှိတော့ဘူး ..ကျောက်ကုတင်ချောင်းထဲ အရောက်သွားကြမယ်..ကျောက်ကုတင်ချောင်းအတိုင်း စုန်ဆင်းလိုက်လျှင် ဥက္ကံချောင်းမကြီးရောက်ပြီပေါ့ ..အဲဒီမယ် နားနေစခန်းချကြတာပေါ့"

"မင်းပြောတာတော့ ဟုတ်တာပေါ့..'ကဒိုး' ရယ် သွားရင်းလာရင်း သားကောင်ရလျှင်ဖြင့် ကောင်းတာပေါ့"

"မင်းကလည်း ပူစရာမရှိ ပူနေပြန်ပြီ..ကျောက်ကုတင်ချောင်းထဲမယ် ငါးရှာသွားလျှင်ရပါတယ် ..အား..ကျွတ်..ကျွတ်"

သို့နှယ် ကဒိုးကရှေ့မှသွားရင်းပြောရင်း စုတ်သပ်လိုက်သည်ကြောင့်-

"ကဒိုးဘာဖြစ်တာလဲ" ဟု ကျော်ခက မေးလေ၏။

"ငါ့အနာ လက်ကိုသစ်ကိုင်းနဲ့ရိုက်လို့"

သို့ဖြင့် ကျော်ခနှင့်ကဒိုးတို့သည် ကသွယ်မြောင်ဖျားသို့ ရောက်သည်တွင်ဝါးတောကြီးနယ်ဖြစ်နေသည့် တောင်ကြောပေါ်တက်လိုက်ကြ၏။

"ဟာ..ဟိုမယ်"

ရှေ့မှသွားနေသော ကဒိုးက လက်တွင်းရှိသေနတ်ကို ရှေ့တူရူသို့ ထိုးချိန်လိုက်၏။

"ငါပစ်ရမလား"

ကျော်ခကမေးလေ၏။

"ရတယ်..ငါပစ်မယ်"

"ဒိန်း"

"ဟာ"

ပစ်မှတ်လွဲချော်သွားချေပြီ။ သို့ကြောင့်သားကောင် ဂျီ(ချေ)လေးသည် တစ်ဖက်တောင်ကြောလေးအောက် ပြေးဆင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"လက်ကအနာကြောင့်ပေါ့"

"အဲဒါကြောင့် ငါပစ်ရမလား မေးတာပေါ့"

ပစ်မှတ်လွဲချော်သွားသည့် ကဒိုးကို မကျေမနပ်ကြည့်၍ ကျော်ခ ကပြောလေတော့၏။

"ငါလဲ..ဘယ်လွဲချင်ပါ့မလဲ"

သို့နှယ် ကဒိုးကလည်း ပြန်ပြောလျက် မူးတေတေမျက်နှာဖြင့် ကျော်ခကို ကြည့်နေလေ၏။

ကျော်ခသည် ကဒိုးကိုစေ့စေ့ပြန်ကြည့်လိုက်ပြီး ရှေ့သို့ပမ်းတယ် ဆက်လျှောက်သွားလေတော့၏။

သို့ဖြင့် သူတို့သည် ကျောက်ကုတင်ချောင်းတွင်း ရောက်လာခဲ့ကြပြန်၏။

အလင်းတော့ရှိသေး၏ ဆိုပြား 'နေလုံး'တော့ဖြင့် မတွေ့ချေပြီ သူတို့လျှောက်လာသည့် လမ်းကြော၏ရှေ့ ခပ်လှမ်းလှမ်းလောက်မှ နေအိုင်တစ်ခုအစပ်တွင် ဒရယ်ကြီးတစ်ကောင်တွေ့လိုက်ကြပြန်၏။

စီးနှင့်ဖြစ်ချေ၏။

သူတို့ကိုမမြင်..ရေအိုင်အတွင်းမှရေကိုသာ ငုံ့သောက်နေ၏ အရွယ်ရာယ်သည် လက်တစ်ကမ်းတွင်သာရှိတော့၏။

'ကျော်ခ'က နောက်မှလိုက်လာသည့် 'ကဒိုး'ကို တစ်ချက်လှည့် ကြည့်လိုက်ပြီး ခေါင်းခါပြ၏။

ထိုသည်ကို ကဒိုးကကျေနပ်ပုံမပေါ် "ကမ္ဘာစီးလောင် သား ကောင်ချနှင်းရမှာပဲ" ဟုဆိုလျှက် သူ့လက်တွင်းရှိသေနတ်ဖြင့် လှ လိုက်၏။

"မင်းမပစ်လျှင်နေ..ငါပစ်မယ်" ဆိုသည့်သဘောပင် ဖြစ် ကျော်ခသည် 'ကဒိုး'ကို စိတ်ပျက်သွားဟန်ဖြင့် ကြည့်ပြီးခေါင်းခါလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ကဒိုးကတော့မှ သေနတ်မောင်းထိန်းခလုတ်ပေါ် ရှရှလေးတင်ထားသည့် သူ၏လက်ညှိုးလေးကို ရွှေးလိုက်မည်အပြုတွင်..

"ဟင်"

အိုင်စပ်မှ ဒရယ်လေးသည် သူနားပြုတ်ကျလာသည့် ခဲလုံးကြောင့်လန့်ဖျတ် ကဆုန်ပေါက်ပြေးသွားလေတော့၏။

ဒရယ်ကောင်လေးကိုဘယ်သူခဲနှင့်ပစ်ပေါက်ခြောက်လှန့်ထုတ်လိုက်ပါလိမ့်။

ခဲလုံးကျလာရာ တောင်ကြောလေးပေါ် လှမ်းကြည့်လိုက်၏။ လူပုလေးဖြစ်နေချေတော့၏။

စေ့စေ့စပ်စပ်ကြည့်လိုက်လေမှ လူပုလေးမဟုတ်။ လူပုကြီးဖြစ်နေတော့၏။ အသက်အရွယ်အားဖြင့် ငါးဆယ်ဝန်းကျင်ရှိချိမ့်မည်။ အရပ်ကတော့ လေးပေဝင်မပြည့်တတ်။

ဘယ်သူလဲ..ဘယ်ကလဲ လူသားစင်စစ်ကောဟုတ်ပါလေစ။ ကဒိုးကော ကျော်ခပါ ထိုလူပုကို အံ့သြတကြီးကြည့်နေကြစဉ်မှာပင် ကိုလူပုသည် နောက်လှည့်ပြေးသွားတော့၏။

"တောက်"

ကဒိုးက သို့နှယ်တောက်ခေါက်လိုက်ပြီး လေးသွဲ့စွာဖြင့် ထိုနေရာလေးမှ ထထွက်ခဲ့ပြန်တော့၏။

သို့ ကျောက်ကုတင်ချောင်းအတိုင်း စုန်ဆင်းခဲ့ကြရာမှ ကျော်ခသည် ကျောက်အိုင်လေးများအတွင်းရှိ ငါးတို့ကို ရနိုင်သ၍ ဖမ်းယူလာလေ၏။

သို့ကြောင့်လည်း ကျောက်ကုတင်ချောင်းဝရောက်သည်တွင် စခန်းတဲမထိုးမီ ငါးကင်စားလိုက်ကြ၏။

ငါးကင်စားပြီး ခေတ္တနားနေလိုက်ကြပြန်၏။

သည့်နောက် အမှောင်ထုမဖုံးလွှမ်းမီ စခန်းတဲဆောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။

အဒိုးနှင့်ကျော်ခသည် တနေကုန် လျှောက်ခဲ့ကြသည်ဖြစ်၍ ထင်းတမ်းနေခြင်း၊အဆာပြေသာလျှင် ဝမ်းဖြည့်ထားနိုင်ခြင်းကြောင့်စောစော အိပ်ယာဝင်လိုက်ကြ၏။

ကြမ်းခင်းပေါ် ခေါင်းချလဲလျောင်းလိုက်သည်နှင့် အိပ်ပျော် သွားကြတော့သည်။

သန်းခေါင်ယံကျော်တွင် လွန်စွာအေးစိမ့်လာခြင်းကြောင့် အိပ်ရာမှနိုးလာကြပြန်၏။

အချမ်းပြေအလို့ငှာ ထင်းမီးပုံနားသွားလိုက်ကြကာ ထင်း ခြောက်များ ထပ်ထည့်လိုက်ကြသည်တွင် ထင်းမီးတောက်ကြီးဖြစ်လာ တော့၏။

နွေးထွေးစွာ မီးလှုံရင်း စကားပြောနေကြသည်။

တရေးနိုးမှ ဆာလာခြင်းကြောင့်-

"ဆာလိုက်တာကွာရေပဲသောက်ရတော့မယ်" ဆိုလျက်ကျော်ခ က မီးပုံနားမှဖယ်ခွာ၍ ချောင်းဘက်သို့လျှောက်သွားလေတော့၏။

ကျော်ခတစ်ယောက် ချောင်းရေကို ဝါးကျည်တောက်အတွင်း ကဲထည့်နေရာမှ ထူးခြားသောအသံတစ်သံကြောင့် ချောင်းအထက်သို့ လှမ်းကြည့်လိုက်သည်။

"ဟင်"

မဲမဲသဏ္ဍာန်တစ်ခု ချောင်းအတိုင်းဆန်တက်သွားနေ၏။

ကပျာကသီ ပခုံးထက်လွယ်ထားသော သေနတ်ကို ဖြုတ်လိုက် ပြီး ထိုသဏ္ဍာန်ရှိရာသို့ လှမ်းချိန်လိုက်၏။

အမှောင်ထဲတွင် ကျင့်သားရသွားသည်၌ လူတစ်ယောက်ဖြစ် နေခြင်းကို သိလိုက်သည်နှင့် "ဟိတ်လူ..ဟိတ်လူ" ရယ်လို့ခေါ်လျက် အပြေးကလေးလိုက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်အော်ဟစ်ခေါ်ပြေးလိုက်သွားခြင်းကြောင့် ရှေ့မှ သွားနေသောသူသည် ရုတ်ခြည်းဆိုသလို ချောင်းရိုးအတိုင်းသွားနေရာမှချောင်းဘမ်းနံဘေး တောတန်းလေးအတွင်း လှစ်ခနဲပြေးသွားလေတော့၏။

"ဒိန်း"

ကျော်ခက ခြောက်ပစ်··ပစ်လိုက်၏။

ထိုသူကား မရပ်··ပြေးနေဆဲ။

သည်တော့ ကျော်ခသည် မကျေမနပ်ဖြင့် စခန်းတဲသို့ ပြန်ခဲ့တော့၏။

"ဘာကောင်တွေ့လို့ ပစ်တာလဲ"

စခန်းရှေ့မီးပုံနားတွင် မီးထိုင်လှုံနေဆဲဖြစ်သည့် ကဒိုးက မေးသော၏။

သည်တွင်သူကဖြစ်ကြောင်း ကုန်စင်ပြောပြလိုက်၏။

"လူပုလေးပဲပေါ့" ကဒိုးကပြောလာသည်တွင်-

"ဟုတ်တယ်··သူပဲ" ဟု ကျော်ခက ပြန်ပြောလျက် စခန်းတဲပေါ်ပြန်တက်ထိုင်လိုက်၏။

"ဒီကိုလူပု··ဒီနားမှာတင် ရှိနေတာဖြစ်မယ် ဘာလို့ငါတို့ စခန်းနားရှိနေရတာလဲ သူတစ်ယောက်တည်းကောဟုတ်ရဲ့လား၊ လူလား၊ နာနာဘာဝလား၊လူသားစင်စစ်ဖြစ်ပါစေဦး၊လူဆိုးလား··လူကောင်းလားမသိ" ဟု တစ်ကိုယ်တည်းတီးတိုးပြောနေမိတော့၏။

နောက်တစ်နေ့နံနက်တွင် သူတို့သည် ထိုစခန်းတဲလေးမှ ထွက်ခဲ့ကြပြန်သည်။

"ဝါးသုဥ်း" တောစပ်လေးတွင် ဂျီ(ချေ)ပေါက်လေး တစ်ကောင်တွေ့ကြပြန်၏။

"ကျော်ခ" ကလက်တွင်းရှိ သေနတ်ဖြင့် လျှပ်တစ်ပြက်ပစ်ခတ်ရန် ကြိုးစားလိုက်ပေမင့် ဂျီ(ချေ)ပေါက်လေးထံသို့ သစ်ကိုင်းခြောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းက စောလျင်စွာရောက်လာခြင်းကြောင့် ကျို(ချေ)ပေါက်လေးသည် ကဆုန်ပေါက်ပြေးသွားလေမှ သူပစ်လိုက်မိချေတော့၏။

"ဒိန်း"

"တောက်..ဘယ်သူများ ခြောက်ထုတ်လိုက်တာပါလိမ့်"

"ဘယ်သူရှိရမှာလဲ..လူပုကြီးပဲပေါ့"

ကဒိုးကတစ်ဖက်ကမ်းပါးယံစောင်း လှမ်းကြည့်လျက်ပြောလာ တော့၏။

ထိုကမ်းပါးစောင်းမှနေ၍ လူပုကြီးက ကျို(ချေ)ပေါက်လေးကို သစ်ကိုင်းခြောက်ဖြင့်လှမ်းပစ်ပေါက် ခြောက်လှန့်ထုတ်လိုက်ခြင်းဖြစ်တော့ ၏။

"ဘာလို့များ ..ဒို့ကို လိုက်နှောက်ယှက်နေလဲမသိဘူး"

သို့နှယ် ကဒိုးကပြောလျက် အံကြိတ်လိုက်ကာ လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်လိုက်တော့၏။

"ဒိန်း"

"ဘယ်လိုလုပ်မလဲ..ငါတို့အစာမစားရတာ နှစ်ရက်ရှိပြီ"

ကဒိုးက ထိုနေရာမှာပင်ထိုင်လျက် နားလိုက်ပြီးပြော၏။

"ဒီပုံဆိုလျှင်ဖြင့် ရှေ့ဆက်တောတိုးလို့ မဖြစ်ချေဘူး ပြန်ကြမယ်ကွာ အောက်ဘက်မယ် ဝါးခုတ်သစ်ခုတ်သမားတွေနဲ့ တွေ့လျှင်ဖြင့် စားစရာတစ်ခုခုတော့ဖြင့်ရမှာသေချာတယ်"

သို့ဖြင့် ကျော်ခနှင့်ကဒိုးသည် ထိုနေရာလေးတွင် အချိန်အနည်း ငယ်နားနေကြပြီး လာလမ်းအတိုင်းပြန်ခဲ့ကြတော့၏။

သို့ဖြင့် သူတို့သည် ညကစခန်းချနေရာသို့ ရောက်လာခဲ့ကြ တော့၏။

"ခဏနားဦးမယ်ဗျာ" ဆိုလျက် နှစ်ယောက်သား စခန်းတဲပေါ် ခြေပစ်လက်ပစ်လှဲချလိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်ခြင်း၊ မောပန်းခြင်းတို့ကြောင့် မှေးခနဲဖြစ်သွားကြ၏။ ထိုစဉ် -

"ဘွဲလ်"

"ဘွဲလ်"

"ဘွဲလ်",

သို့အသံကြောင့် ကဒိုးက ကမျာကာသီလူးလဲထလိုက်ပြီး အသံလာရာသို့ လှမ်းကြည့်လိုက်၏။

စိုင်ကော်၍ ချုံပေါ်ရောက်သည့်ကိန်း။

သားပျောက်လိုက်ရှာသော ကျွဲ(ချေ)မကြီးဖြစ်ချိမ့်မည်။ ခနဲးတဲနောက်ဘက် ချုံနွယ်ပင်တို့ကြားတွင် တဝဲလည်လည်ဖြစ်နေ၏။ ကဒိုးသည် ရှိသော အခွင့်အရေးကို လက်လွှတ်မခံ သေနတ်ကိုကောက်ယူလိုက်ပြီး ကျွဲ(ချေ)မကြီးထံ ထိုးချိန်လိုက်၏။ အလျှင်စလို ပစ်ခတ်ရန်လိုလိမ့်မည်မဟုတ်။ ဒီနေရာတွင်မတော့ လူပုကြီးရောက်လာနှောက်ယှက်လိမ့်မည်မဟုတ်ဟု တွက်လိုက်ပြား ...

"ဟာ"

"ဟင်"

"ဗိစ်..ဗိစ်..ဗိစ်"

ကျွဲ(ချေ)မကြီး၏နံဘေး ခပ်လှမ်းလှမ်းမှ ကျွဲ(ချေ)ပေါက်လေး၏အသံကြားသည့်ကြောင့် ကျွဲ(ချေ)မကြီးသည် ရုတ်ခြည်းဆိုသလို ကဆုန်ပေါက်ပြေးသွားလေတော့၏။

"ဒိန်း"

ကျွဲ(ချေ)မကြီးပြေးသွားရာသို့ ကဒိုးကလှမ်းပစ်လိုက်ပေမဲ့လွဲချော်သွားရပြန်တော့၏။

"ဟား ..ဟား ..ဟား ..ဟား .."

"ဟား ..ဟား ..ဟား ..ဟား ..ဟား .."

တွတ်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ရယ်မောသံကြောင့် ကျော်ခနှင့်ကဒိုးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အံ့အားသင့်သွားကြရတော့၏။

စောစောကထိုနေရာလေးမှကျဲ(ချေ)ငယ်လေး၏ အသံကြားရပြီးယခုလူရယ်သံကြားရခြင်းသည် အံ့ဖွယ်ပင်မဟုတ်မှုပါကလား။

သူတို့တောခြောက်ခံနေရခြင်းလေလား။

သို့ကြောင့် သေသေချာချာ စူးစမ်းကြည့်လိုက်ကြသည်။

"ဟင်"

"ဟာ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် တအံ့တသြဖြစ်နေကြရာမှ ဒေါသထွက်သွားကြရတော့၏။

သို့ကြောင့်လက်တွင်းရှိ သေနတ်ဖြင့် ကဒိုးကလှမ်းပစ်လိုက်ပြီး လူပုကြီးသည် သူတို့နှစ်ယောက်ကိုလက်ပြ လှောင်ပြုံး ပြုံးပြလျက် ကျဲ(ချေ)မကြီးပြေးသွားရာ လမ်းကြောင်းလေးအတိုင်းပြေးလိုက်သွားလေတော့၏။

လူပုကြီးက ကျဲ(ချေ)ငယ်လေးအသံပြုလျက် ကျဲ(ချေ)မကြီးကိုကယ်ဆုတ်သွားခြင်းဖြစ်တော့သည်။

ကဒိုးနှင့်ကျော်ခတို့ လူပုကြီးအပေါ် ဒေါသအမျက်ထွက်ရသလို အကြီးအကျယ်စိတ်ပါတ်ကျခဲ့ကြရလေတော့၏။

ဘယ်လိုကြောင့်များလူပုကြီးက လိုက်နှောက်ယှက်နေရပါလိမ့်။

ကျော်ခနှင့်ကဒိုးသည်ထိုနေရာလေးမှ လေးဖင့်စွာလျှောက်လှမ်းထွက်ခဲ့ကြပြန်၏။

သည်တစ်ကြိမ်တော့ဖြင့် ကံကြမ္မာကသူတို့နှစ်ယောက်ကို မျက်နှာသာပေးခြင်းလား၊ လူပုကြီးက သနားသဖြင့် မနှောက်ယှက်လေတော့ခြင်းလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်နွယ်ပင်ပေါ်မှ ကြောင်ကတိုးတစ်ကောင်ကို ကျော်ခပစ် မှတ်ရရှိလိုက်တော့၏။

"ဟူး ..တော်ပါသေးရဲ့"

နှစ်ယောက်စလုံး ဝမ်းသာသွားကြတော့၏။

ကြောင်သေကို မီးကင်စားကြမည်။

ကဒိုးက ချောင်းစပ်တွင် ကြောင်သားကို ဖျက်နေစဉ် ကျော်ခက သစ်ကိုင်းခြောက်များကို စုဆောင်း အရံသင့်မီးဖိုထားမည်။

သို့ဖြင့် ချောင်းစပ်တွင် ကြောင်သားဖျက်ပြီးသော ကဒိုးက အကောင်လိုက် တံစို့ထိုးလိုက်ပြီး မီးကင်ရန်အလို့ငှာ ထင်းမီးပုံရှိရာသို့ တက်ကြွသော ခြေလှမ်းများဖြင့် လျှောက်သွားလိုက်ပြီး-

"ဘယ်လိုလဲ ကျော်ခ ထင်းတွေကစိုနေတော့ကော မီးမွှေးလို့မရ သေးဘူးလား" ဟုမေးလိုက်၏။

"ထင်းတွေက ခြောက်ပါတယ်"

"ဒို့ဖြင့် ဘာလို့ မီးမမွှေးပဲ ထိုင်နေရတာတုန်း ..ဆာနေပြီကွ"

သို့ ကဒိုးကပြောလေသည့်တွင် -

"မီးမွှေးရအောင် ငါ့မယ်မီးခြစ်မှမရှိတော့တာ" ရယ်လို့ လေသံ ပျော့လေးနှင့်ပြောလိုက်လေသည့်တွင် ကဒိုးတစ်ယောက် ရင်စို့သွားရတော့သည်။

"ဟာကွာ..ဘယ်လိုဖြစ်ရတာလဲ"

သို့နှယ်ပြောပြီး သူ့အင်္ကျီအိတ်ကပ်တွင်းလည်း နှိုက်စမ်းနေလေ တော့၏။

"ဒုက္ခပါပဲ..ငါ့မလဲမရှိဘူးကွ..မီးခြစ်ကိုမင်းပဲယူထားတာ မဟုတ်လား"

"အေးလေကွာ..ဘယ်မှာကျပျောက်ခဲ့လဲမသိဘူး"

ခက်ချေပြီ၊ မီးခြစ်မရှိလျှင် ဘာလုပ်ရပါလိမ့်မည်နည်း။

တွတ်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီတောထဲ တောင်ထဲသွားလာနေရသူတွေအတွက် မီးခြစ်တစ်လုံးက အင်မတန် တန်ဖိုးရှိတယ်ဆိုတာ မင်းလဲအသိဘဲ မနေ့ညကရှိပါသေးတယ်"

"အေး..ခုမနက် .. သွားရင်းလာရင်း . . . ဘယ်ကျကျန်ခဲ့လဲမသိဘူး"

"ဟင်း"

ကဒိုးက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး အနီးတဝိုက် လှည့်ပတ်ရှာသေး၏။ ဘယ်လိုမှ ရှာမရသည့်အဆုံး ကျောက်ခဲနှစ်လုံးကိုရှာ၍ မီးခတ်နေလေတော့၏။

အချည်းအနှီးပင်ဖြစ်ချေတော့၏။ အလှေအကျင့်မှ မရှိလေဘဲ။

"တော်ပြီကွာ..ဆာတယ် မတတ်နိုင်ဘူး အစိမ်းပဲစားတော့မယ်"

သို့နှယ်ဆိုလျက် ကျောက်ခဲနှစ်လုံးကို အဝေးသို့လွှင့်ပစ်လိုက်ပြီး အရေခွံဆုတ်ပြီး ကြောင်ကတိုးကို ကောက်ယူ၍ ကိုက်ဖဲ့လေတော့၏။

"ဖွီး"

"ဖွီးလ် ..ဖူး"

နလိုက်သည့်ဖြစ်ခြင်း၊ ပြီးတော့ ချွဲကျိကျိနှင့် ဗိုက်အန်လို့ပင် လာချေတော့၏။

"ဝေါ့ ..ဝေါ့ ..ဝေါ့"

"ဟာကွာ ..သွားတော့ကွာ"

ဒေါသတကြီး ထိုကြောင်ကတိုးကောင်ကို အဝေးသို့လွှင့်ပစ်လိုက်ပြီး ကျော်ခကို စိမ်းစိမ်းကြီးကြည့်နေလိုက်တော့၏။

"ငါလဲ ဘယ်တတ်နိုင်ပါ့မလဲကွာ"

ကျော်ခကသို့ပြောလျက် ထိုနေရာလေးမှ ထ[illegible]သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



...သို့ ကျော်ခထွက်သွားသည်နှင့် ကဒိုးသည်လည်း မကျေမချမ်းဖြစ် ...နောက်မှ လိုက်ခဲ့တော့၏။

"ခု..ဘယ်သွားကြမှာလဲ.."

"မြစ်ကြမယ်လေ"

ရှေ့မှ ဦးဆောင်သွားနေသော ကျော်ခကပြော၏။

"မတတ်နိုင်တော့ဘူး ဖြေးဖြေးပဲလျှောက်မယ်"

သို့နှယ်ပြောလျက် လျှောက်ခဲ့ကြရာမှ -

"ဒုတ်..ဒုတ်..ဒုတ်"

"ဒုတ်..ဒုတ်"

ဝါးခုတ်သံကြောင့် သူတို့နှစ်ယောက်၏ သုန်မှုန်နေသောမျက်နှာ ...သည် တောက်ပဝင်းလက်လာကြတော့၏။

"ဟော..ရှေ့ဝါးတောမယ် ဝါးခုတ်သံကြားတယ် ဒို့ကံကောင်း ...တ်"

သည်သို့ဖြင့် ဝါးတောလေးဘက် နားစွင့်လျက် ...ဦးလှည့်ခဲ့ကြ တော့၏။

"ရှေ့မြေပြန့်လေးကို သွားကြမယ် အဲဒီကလာတဲ့ ဝါးခုတ်သံ"

"ဒုတ်..ဒုတ်..ဒုတ်..ဒုတ်"

ဝါးခုတ်သံနားစွင့်ရင်း လျှောက်ခဲ့ကြရာမှ အသံပျောက်သွား ...သည်ကြောင့် ...

ဟာ..ဝါးခုတ်သံပျောက်သွား ဒုက္ခပဲ..လာပါကွာ မြန်မြန် ...ခုတ်သမား အဲဒီနေရာကထွက်သွားလျှင်ဒုက္ခဆိုလျက် ဝါးခုတ်သံလာ ...သို့အားအင်ချိနဲ့နေကြသည်ကြားမှ အပြေးကလေးသွားလိုက်ကြ၏။

ဟူး ..တော်ပါသေးရဲ့ ...

ဝါးတောအတွင်း ကျွန်းပင်ပို့အောက်တွင်နားနေထိုင်နေသည် ...ခုတ်သမားလေးကို တွေ့လိုက်သည်နှင့်အားရဝမ်းသာဖြစ်သွားကြ...ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖုံးဝါးခုတ်သမားထံ ခပ်သုတ်သုတ်လျှောက်သွားလိုက်ကြတော့၏။
သူတို့နှစ်ယောက် လာနေသည်ကို မြင်လိုက်သော ဝါးခုတ်သမား လေးသည် အံ့သြမှင်တက်သွားပုံရ၏။
"နောင်ယယ်မှာ မီးခြစ်ပါလား"
ကျော်ခက ထိုသူ့အနားရောက်သည်နှင့် မေးလိုက်၏။
ကဒိုးကတော့ထိုဝါးခုတ်သမားလေးကို ပြုံး၍ကြည့်နေလိုက်၏
"အင်း ..ပါတယ်"
သို့နှယ်ပြောလျက်ဝါးခုတ်သမားလေးက ဂက်စ်မီးခြစ်အ လေး ကိုထုတ်ပေးလာ၏။
"ကျေးဇူးတင်တယ်" ရယ်လို့ပြောပြီး နှစ်ယောက်စလုံး ထို ခုတ်သမားလေးအနားတွင် ထိုင်လိုက်ကြ၏။
ပြီးနောက် ဆေးလိပ်တိုကိုယ်စီ ထုတ်၍မီးညှိဖွာလိုက်ကြသည်
"ဘယ်သွားကြမလို့လဲ"
ဝါးခုတ်သမားလေးက မေးလာ၏။
"သွားမှာမဟုတ်ဘူး ပြန်ကြမှာ.." သို့နှယ် ကဒိုးကပြောပြီး
ကျော်ခဘက်လှည့်ကာ-
"တောတောင်ထဲမယ် မီးခြစ်ကမရှိမဖြစ်ရှိသင့်တယ်ဆို မင်းသိပြီလား"
"ငါလဲသိတာပေါ့ကွ..ဒို့ လိပ်သားမီးကင်စားခဲ့တဲ့နေရာ ကျန်ခဲ့တာဖြစ်မယ်၊ ပြန်ယူကြမယ်ဆို ပြန်တော့လဲ နေပါစေတော့ဆို"
ကျော်ခက သူ့အားမျက်စိမှိတ်ပြောလာသည့် ကဒိုးကိုသို့ ခပ်တည်တည်ပြန်ပြောလိုက်၏။
"အေးလေ..အဲဒီနေရာနဲ့ ..အတော်ကြီးဝေးတဲ့ နေရာ မှာဘယ်လို လုပ်နောက်ကြောင်းပြန်တော့မှာလဲကွာ..ရှေ့ပဲဆက်ကြ မပေါ့..ရွာပနီးနေပြီ" ဟု ကဒိုးက ခပ်တည်တည်ပြန်ပြောလာသ



www.burmeseclassic.com

www.burmeseclassic.com



ဝါးခုတ်သမားလေးသည် တအံ့တသြဖြစ်လျက်-

"နို့နေပါဦး..ဘယ်ရွာကိုပြန်ကြမှာတုန်း" ဟုမေးလာလေ၏။

"ဆပုဂံ"

ကဒိုးကပြောလိုက်၏။

"ဗျာ"

ဝါးခုတ်သမားလေး အံ့သြသွားတော့သည် သို့ကြောင့်ကျော်ခ ကမဆိုင်းမတွပင်-

"ဆပုဂံကိုပြန်ကြမှာ ဘာလဲ မင်းဟာဒီနားပတ်ဝန်းကျင်ရွာက မဟုတ်ဘူးလား"ဟုခပ်တည်တည်မေးလိုက်၏။ သည်တွင် ဝါးခုတ်သမားလေးသည် သူတို့နှစ်ယောက်ကိုလူထူးလူဆန်းတွေကဲ့သို့ ငေးကြောင်ကြည့်နေဆဲမှာပင် ...

"ဒီကနေ ဆပုဂံသွားမယ်ဆို ဘယ်ဖြစ်နိုင်ပါ့မလဲ" ဟုပြောလာ တော့၏။ သည်တွင် ကဒိုးက ဝါးခုတ်သမားလေးကို အားကိုးတကြီးမှုံစံဖြင့် ကြည့်လိုက်ပြီး -

"ဆပုဂံသွားတဲ့လမ်းက ဒီလမ်းမဟုတ်ဘူးလား" ဟုမေးလိုက် လေတော့သည်။

"ဘယ်ကဟုတ်ရမှာတုန်းဗျ။ ဒီနားအနီးရွာဆိုတာ 'သံပုရာခုံရွာ' ပဲရှိတယ် နို့တောင်မှ လမ်းတစ်ညအိပ်နှစ်ရက်ခရီးလောက်မှာရှိတယ်"

"ဟင်..နို့ဖြင့် ငါတို့လမ်းမှားလာကြပြီပေါ့"

"သိပ်ဟုတ်တာပေါ့"

"နို့ဖြင့် ဆပုဂံကို ဘယ်လမ်းကနေသွားရသလဲ"

"ဆပုဂံ ဘယ်ရှိမှန်းတောင် ကျွန်တော်မသိဘူး"

"ဟေ"

"ဟင်"

ကျော်ခနှင့်ကဒိုး စိတ်ဓါတ်ကျသွားကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်မလဲ"

ကျော်ခကာ ကဒိုးကို မေးလေ၏။

"ဒီကနေ့ခေါင်ငယ်ကိုပဲ အကူအညီတောင်းရတော့မယ်"

သို့နှယ် 'ကဒိုး' က ဝါးခုတ်သမားလေးကို လှည့်ကြည့်ပြီးပြပြော လိုက်၏။

"ငါတို့နှစ်ယောက်ကို နောင်ငယ်တဲမှာ ဒီတစ်ညအိပ်ခွင့်ပေးပါ မနက်မှပဲလမ်းမှန်ပြန်ရှာသွားကြတော့မယ် ခုအချိန်လင့်နေပြီမဟုတ် လား"

"ရပါတယ်..ကျွန်တော်ဝါးခုတ်ပြီးအပြန် လိုက်ခဲ့ကြပေါ့"

သို့ပြောလာခြင်းကြောင့် ကျော်ခနှင့်ကဒိုး ဝမ်းသာသွားကြတော့ ၏။

BURMESE CLASSIC

"နို့ဖြင့် ..ငါတို့ ..မင်းနဲ့အပြန်လိုက်ခဲ့မယ်..မင်းဝါးခုတ်နေ တုန်းအမဲလေးဘာလေးရလိုရငြား ဒီနားတစ်ပိုက်သွားချောင်းမယ်"ဟုပြော ကာ 'ကဒိုး' က 'ကျော်ခ' ကိုမျက်စိမှိတ်ပြ လက်ကုတ်ခေါ်၍ ထိုနေရာလေး မှထွက်ခဲ့တော့သည်။

"ဟာ..ကဒိုးရယ် ဒီနားတစ်ပိုက်ဘာသားကောင်မှ ရှိတာမဟုတ် ဘူး၊ဘာလို့ထွက်လာရတာလဲ၊ တော်နေ ကောင်လေးက ငါတို့နှစ်ယောက် မစောင့်ဘဲ ထွက်သွားလေမှ ဗိုဒုက္ခရောက်ရချည့်"

ကျော်ခက သို့နှယ်ကဒိုးနောက်အမှီလိုက် လျှောက်ခဲ့ရင်းပြော လေ၏။

"အော်..မင်းဘာသိလဲ..ငါနဲ့လိုက်မှာသာ လိုက်ခဲ့စမ်းပါ မင်း အစား..စားရပြီးကောမဟုတ်လား"

"အစားရဖို့ဆိုတာ သားကောင်ရဦးမှပေါ့"

"သားကောင်မရလဲ..ကောင်လေးဆီပြန်သွားကြတာပေါ့... သူကတော့ ဒို့ကိုရှိတာကျွေးမှာပဲကွ".



www.burmeseclassic.com

www.burmeseclassic.com



သို့ ကဒိုးကဆိုလာတော့လည်း ကျော်ခဘာမှမပြောသာတော့ချေပြီ။

နှစ်ယောက်သား ဝါးဖြိုက်တောလေးအတွင်းတောတိုးလျှောက်ခဲ့ရာမှဝါးရုံကိုင်းများကြားတွင် တောကြက်ဖကြီးတစ်ကောင်တွေ့သည်နှင့်

"ဒီတစ်ခါ ငါပစ်မယ်"

ကဒိုးက သို့နှယ်ပြောရင်း အတတ်နိုင်ဆုံး စိတ်ကိုတည်ငြိမ်အောင်ထားလျက် ပစ်လိုက်လေတော့၏။

"ဒိန်း"

BURMESE CLASSIC

မလွဲချေပြီ။

"အတော်ပဲ..ကောင်လေးတဲ့မှာ အကျအန ချက်ပြုတ်စားရမယ်"

ကျော်ခက ကြက်ကောင်တွေကို ကောက်ယူလိုက်ပြီးပြောလေ၏။

'ကဒိုး'က 'ကျော်ခ'၏ကျောပြင်ကို ကြည့်ရင်း မချိပြုံးလေးပြုံးလိုက်လေ၏။

သို့ဖြင့် သူတို့နှစ်ယောက် အခြားသားကောင်ရလိုရငြား လှည့်ပတ်ရှာကြည့်ကြသေး၏။

သေနတ်ယမ်းအားပေါက်ကွဲသံကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်ဘယ်သားကောင်ရှိနိုင်..တွေ့နိုင်ပါ့မလဲ။

အတန်ကြာကြာ လျှောက်ပတ်ကြည့်ကြပြီးနောက် ကျော်ခက 'ကဒိုး'ဘက်လှည့်၍-

"ကောင်လေး ဝါးခုတ်ပြီးလောက်ပြီ..သွားကြစို့" ဟုပြောလေ၏။

"ဘာသွားလုပ်တော့မှာလဲ..ဒို့မယ် စားစရာရပြီပဲ"

သို့ကဒိုးပြောလာခြင်းကြောင့် ကျော်ခသည် တဒင်္ဂကြောင်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"ဘာပြောလိုက်တယ်..ကောင်လေးတဲ လိုက်မသွားတော့ဘူးလား၊ ချက်ပြုတ်မစားကြတော့ဘူးလား၊ ဒို့အစားမစားရတာ နှစ်ရက်လောက်ရှိနေပြီလေ"

"အေး ..အဲဒါကြောင့် ငါဒီလိုစီစဉ်လိုက်ရတာပေါ့"

"ဟင်..မင်းပြောချင်တာ ကောင်လေးဆီ မသွားကြတော့ဘဲ ဒီကြက်ကို ငါတို့နှစ်ယောက်ပဲ စားကြမယ်ဆိုတဲ့သဘောလား"

"အေးလေ"

"ဟား ..ဟား .. မင်းအတော် ရယ်စရာပြောတာပဲ အစိမ်းစားကြက်လား ဟင်း ..ဟင်း"

"မီးကင်စားကြမယ်"

"ဘယ်မလဲ မီးခြစ်..ဘယ်လိုလုပ်ပြီးမွေးကြမလဲ"

ကျော်ခကသို့ပြောလိုက်သည်တွင်ကဒိုးသည် သူ့အိတ်ကပ်တွင်နှိုက်၍ မီးခြစ်ဝါလေးတစ်လုံးကို ထုတ်ပြလေ၏။

"ဟင်..ဒါ ဟိုကောင်လေးမီးခြစ်မဟုတ်လား"

"အေးလေ..စကားရောဖောရောနဲ့ ပြန်မပေးဘဲ အလစ်ယူလာတာ"

"ဟေ..ဒါမင်းမလုပ်ကောင်းပါဘူးကွာ တောတောင်ထဲမယ် မီးခြစ်တစ်လုံးရဲ့တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ မင်းသိဖို့ကောင်းတယ်၊ကောင်လေးက ဘယ်လောက်ကြာကြာဝါးခုတ်တဲမှာ နေရဦးမယ်မသိတာမီးခြစ်မရှိလျှင်ဖြင့် သူ့တွက်စားရေးသောက်ရေး ဒုက္ခရောက်ပြီပေါ့ .လာပါကွာ ကောင်လေးဆီပြန်သွားကြမယ်..အကျအနချက်ပြုတ်စားကြတာပေါ့"

ကျော်ခကသို့နှယ်ပြောလိုက်သည်တွင် ကဒိုးနှစ်ယောက်မျက်နှာတွင် ဒေါသအရိပ်အယောင်များ ဖုံးလွှမ်းသွားတော့၏။

www.burmeseclassic.com



"မင်းတုံးလုချည်လား နို့..အစာမစားရတာ နှစ်ရက်ရှိပြီလေ၊ ခူကြက်လေးတစ်ကောင်ရတယ်၊ ဘယ်လိုလုပ်သုံးယောက် ဝေခွဲစားလို့ဖြစ်မှာလဲကွ၊ ဒီရတဲ့ကြက်လေးကို သုံးယောက်မျှမစားနိုင်ဘူးကွ ငါသိပ်ဆာနေပြီ..နို့ကြောင့် ငါမီးခြစ်ကို ယူဖြစ်အောင်ယူလာတာပေါ့..လာစမ်းပါကွာ ဟိုရှေ့ကမူပြောင်ပြောင်လေးမယ် နားနေမီးကင်စားပြီး ခြေခင်းလက်ခင်းသာတဲ့ နေရာရှာပြီး ညအိပ်စခန်းချကြမယ် မီးခြစ်ရှိနေပြီပဲကွာ ဗူစရာမလိုတော့ပါဘူး"

ကျော်ခတစ်ယောက် မည်သို့မျှ မပြောလိုတော့ပြီ။

သည်သို့ဖြင့် သူတို့သည် ကမူပြောင်ပြောင်လေးတွင် ထိုင်နားလိုက်ကြ၏။

"ကဲ..ငါကြက်မွေးနှုတ် အူနှုတ်လိုက်ဦးမယ်..မင်းမီးမွေးထားနော့..မီးခြစ်"ဆိုလျှက် ကဒိုးသည် ကျော်ခကို မီးခြစ်ဝါလေးလှမ်းပေးခဲ့ပြီး ကြက်သေကို ဆွဲ၍ချောင်းဘက်ဆီသို့ သွက်လက်သော ခြေလှမ်းဖြင့် ထွက်သွားလေတော့၏။

အတန်ကြာတွင် ကြက်ကောင်လုံးကို တံစို့ထိုးယူလာ၏။ ကျော်ခသည်လည်း ထင်းမီးဖိုပြီးဖြစ်၍ လှမ်းယူမီးကင်လိုက်ချေ၏။

ကြက်ကောင်လုံးမီးကင်ကို ဆာဆာနှင့်အငမ်းမရစားလိုက်ကြသည်။

"ကဲ..ငါမပြောလား..ဒီကြက်လေးတစ်ကောင် နှစ်ယောက်တည်း စားကြတာတောင် နံမဆွတ်ချင်ဘူး ..ကဲ..လာ ရှေ့နားသွားကြမယ်၊ ခြေခင်းလက်ခင်းသာတဲ့နေရာရှာပြီး ညအိပ်စခန်းချကြစို့"

ကဒိုးက သို့နှယ်ပြောပြီး ထိုနေရာလေးမှ ထသွားလေတော့၏။

အင်း ..ကဒိုးပြောတာလဲ ဟုတ်သလိုလို ကြက်လေးတစ်ကောင်နှစ်ကောင် စားတာတောင် အဆာပြေရုံလောက်သာဖြစ်သည်။ ညီသို့ပင်ဖြစ်စေ ဝမ်းဗိုက်အတွင်းအစာလုံးဝမရှိသည်နှင့်စာလျှင်များ



www.burmeseclassic.com

www.burmeseclassic.com



ကြီးအဆင်ပြေသွားချေတော့၏။

သို့ဖြင့် အခန့်သင့်ပင် ဝါးတဲပေါင်းတစ်လုံးကို တွေ့သည်နှင့် ယိုယွင်းနေခြင်းကို အနည်းငယ်ပြုပြင်လိုက်ရုံဖြင့် တစ်ညတာ တည်းခိုစရာ ရလိုက်ကြတော့၏။

သူတို့တွင် မီးခြစ်ရှိလေခြင်းကြောင့် ထင်းမီးဖိုကြီးကိုလည်း တဲ ရှေ့တွင်ဖိုလိုက်နိုင်၏။

တဲကြမ်းခင်းပေါ် ခေါင်းချလိုက်ကြသည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြတော့သည်။

"ကျလိ..ကျလိ..ကျလိ" ရယ်လို့ ဆူဆူညံညံကျေးငှက်ငယ် တို့၏အသံကြောင့် အိပ်ရာမှနိုးလာကြတော့၏။

တဲရှေ့ခပ်လှမ်းလှမ်း ချောင်းလေးတွင် မျက်နှာသွားသစ်လိုက် ကြ၏။ ဆာလောင်မှု ပြန်ဖြစ်လာကြပြန်၏။

"ကဲ..သွားကြစို့"

ကျော်ခကပြောလိုက်သည်တွင် ကဒိုးက မျက်ခုံးပင်ကြည့်လိုက် ပြီး ...

"ဘယ်သွားကြမှာတုန်း"

"ခြေဦးတည့်ရာသွားရင်း အပြန်လမ်းရှာကြတာပေါ့"

"ဒီလိုပဲ သွားနေလို့ဖြစ်မလားကွ"

"ဟ-ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ..သစ်ခုတ်ဝါးခုတ်သမား ဖြစ်ဖြစ် ပျားဖွပ်၊ အမဲလိုက်သမားဖြစ်ဖြစ်တစ်ယောက်ယောက်နဲ့တွေ့လေ မှမေးမြန်းစုံစမ်းရတော့မပေါ့..ခု ဒီအတိုင်းထိုင်နေလို့ဖြစ်မလား"

"အေး ..ဒါလဲ..ဟုတ်တာပဲ"

သည်သို့ဖြင့် လှုပ်လီလှုပ်လဲ့ဖြင့် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန် ၏။

"ဒို့..ဝါးခုတ်သမားလေးဆီ ပြန်သွားမေးကြည့်ရင် မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေဘူးလား"

ကျော်ခကပြော၏။

"ဟ..သူပြောပြီးပဲ ..ဆပုဂံဘာယ်ရှိမှန်းတောင် မသိပါဘူး ဆိုကာတည်းက ရှင်းနေပြီးပဲကွာ"

"အင်း ..ဟုတ်ပြီး ဝါးခုတ်သမားလေးသိသွားလို့ လမ်းမှန်ပြန် ရောက်နိုင်မှာမှမဟုတ်တာ ဒီတော့..သူနေရာနဲ့ဆန့်ကျင်ဘက်အရပ် သွားတာပိုကောင်းလိမ့်မယ်"

သို့ဆိုလျှင် သူတို့နှစ်ယောက်သည် လာလမ်းအတိုင်း လျှောက်ခဲ့ ကြရာမှ ဝါးမြိုက်တောတွင်း ဝင်ခဲ့ကြတော့၏။

ဝါးမြိုက်တောတွင် လျှောက်ခဲ့ကြရင်း မမျှော်လင့်လေဘဲ တော ဝက်တစ်အုပ်နှင့် ပက်ပင်းတိုးလေတော့၏။

"ကွိစ် ..ကွိစ်"

"ကွိစ် ..ကွိစ်"

ကဒိုးနှင့် ကျော်ခသည် အားရဝမ်းသာ နီးစပ်ရာ သစ်ပင်ကြီး တစ်ပင်နောက်ပြေးကပ်လိုက်ကြ၏။

တောဝက်တစ်အုပ်သည် ဝါးရုံတစ်ခု၏ ဝါးမျှစ်များကို အလု အယက် ဝိုင်းအုံထိုးဆွစားနေကြသည်ဖြစ်၍ သူတို့၏အန္တရာယ်ကို သတိ မပြုနိုင်ကြချေ။

"ကွိစ်"

"ကွိစ် ..ကွိစ်"

ကျော်ခနှင့်ကဒိုးသည် ဖြိုင်တူဆိုသလို သူတို့လက်တွင်းရှိ သေနတ်တို့ဖြင့် တောဝက်အန္တရာယ်ရှိရာ ပစ်မှတ်ရွေးချိန်လိုက်ပြီးဖြစ် တော့၏။

"ဒိန်း"

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သောယမ်းအားပေါက်ကွဲသံကြောင့် အစာလုယက်စားနေသောတောဝက်တစ်အုပ်သည်ကစင့်ကလျား ပြေးသွားကြတော့၏။

ဘယ်သူပစ်လိုက်သည့်ကျည်ကြောင့်ရယ်မသိ ဝက်တစ်ကောင်လဲပြိုကျန်ခဲ့လေ၏။

"အီးစ်"

"ကွိစ်လ် ..ကွိစ်လ်"

ဒဏ်ရာရလဲကျနေရာမှ ထွက်မပြေးနိုင်ပေမင့် ရုန်းကန်လူးလွန့်နေသည်ကြောင့် ကဒိုးက ထိုနေရာသို့ သွားလိုက်ကာ ဝေဒနာခံစားနေရသောဝက်ကောင်ကို အနားကပ် ကျည်တစ်တောင့်ပစ်သွင်းလိုက်ပြန်၏။

"ဒိန်း"

သွေးစသွေးစက်များသည်ပင် သူ့ကိုလာရောက်စင်ကြပေတော့သည်။

"အတော်ရက်စက်တဲ့သူတွေပဲ ငါတို့စားရဖို့အရေးကြီးတယ်ဆိုပြီး ဒီလောက်များတဲ့ ဝက်တွေထဲက စီးရှိတဲ့ဝက်ကိုမှပစ်ရတယ်လို့ကွာ"

သို့ အသံကြောင့် ကဒိုးနှင့်ကျော်ခသည် အသံလာရာသို့ လှည့်ကြည့်လိုက်၏။

"ဟင်"

သူတို့ကို အမြဲတမ်း နှောက်ယှက်နေသော လူပုကြီးပါကလား။ ဘယ်အချိန်က အနားရောက်လာလေသည်မသိ။

"ကျုပ်တို့ အစာမစားရတာကြာပြီဗျ..ထိချင်ရာထိ..မှန်ချင်ရာမှန်ဆိုပြီး ပစ်လိုက်ရတာပဲ အကောင်ရွေးပစ်နေလို့ကတော့ ဒီနေ့အဖို့လည်း စားစရာရလိမ့်မယ်မဟုတ်ဘူး"

'ကျော်ခ'ကသို့နှယ်လူပုကြီးကို မကျေမနပ်ကြည့်ပြီးပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်လည်းပြီးတာပဲကွာ..မုဆိုးစည်းမှ မရှိကြတာချည်း"

သို့ဆိုလျက် လူပုကြီးသည် သူတို့အနားမှ လှစ်ခနဲလှည့်ထွက်သွားတော့သည်။

"ဘယ်လိုလူလဲ မသိပါဘူးကွာ"

'ကဒိုး' ကသို့နှယ်ပြောပြီး ကျော်ခ၏အကူအညီဖြင့် ဝက်ကောင် သေကို ချောင်းနားသို့ တရွတ်တိုက်ဆွဲသွားချေတော့၏။

ထိုဝက်ကောင်၏ ဝမ်းဗိုက်အတွင်းမှ သွေးသံတရဲရဲတိုးလို့တွဲလောင်း ထွက်ကျနေသည့် ဝက်ပေါက်လေးသည်လည်း တရွတ်တိုက်ပါသွားရလေတော့၏။

ထိုသည်ကိုကြည့်ပြီး ကျော်ခတစ်ယောက် စိတ်မချမ်းမမြေ့ဖြစ်သွားရလေသဖြင့်-

"အေးကွာ..ငါတို့မှားတယ်..ရမ်းသမ်းမပစ်သင့်ဘူး" ဟုပြောလေ၏။

"မင်းကပါ ဘယ်လိုဖြစ်သွားရတာလဲ..သားကောင်ရဖို့ပဲ အဓိကမဟုတ်ဘူးလား..နို့ငါတို့ဘာသွားစားကြမလဲ.."

သို့ .. ကဒိုးက ကျော်ခကိုမကျေမနပ်ဟန်ဖြင့် ပြောလေ၏။ ညည်သို့ပင်ဆိုစေ..ကျော်ခသည် ကဒိုးကို ပိုင်းဝန်းကူညီလုပ်ပေးနေရပေတော့၏။

"ကမ္ဘာမီးလောင် သားကောင်ချနှစ်း" ဆိုတာလည်းရှိသည်ပဲ။

သူတို့ဆာလောင်နေပြီပဲ။

သို့ဖြင့် ကျော်ခနှင့်ကဒိုးသည် ဝက်သေကောင်ကို အသားဖျက်ထိုက်ကြပြီးနောက် ထိုနေရာလေးမှာပင် မီးပုံရှို့ တံစို့ထိုး မီးကင်လိုက်ကြတော့၏။

"ကဲ..ကဒိုး ဒို့ဒီမှာပဲ နှစ်ရက်သုံးရက်လောက်စခန်းချကြစေလား၊ ရိက္ခာအပြည့်လဲရှိတယ်..ဒို့တွေလမ်းမှား လမ်းပျောက်ပြီး တော



www.burmeseclassic.com

www.burmeseclassic.com



ထဲလျှောက်နေရတာလဲကြာပြီး ပြန်လမ်းလည်းမတွေ့သေးတဲ့အတူ နားနေကြလျှင်ဖြင့် မကောင်းပေဘူးလား"

"အေး..ငါလဲနားချင်ပြီကွာ..ကဲလာ..ဒို့စခန်းတဲလည်း ဆောက်ပြီးပြီဆိုတော့ ရေသွားချိုးလိုက်ကြရအောင် ရေချိုးကပြန်လာလျှင်ဖြင့် အချို့စားလို့ရလောက်ပြီပေါ့"

သို့ဖြင့် ကျော်ခနှင့်ကဒိုးသည် ချောင်းရှိရာသို့ လျှောက်သွားလိုက်ကြလျက် ရေအဝတ်အတန်ဝဝ်နေသည့် နေရာတွင်ခြေလက်သန့်စင်ရေမိုးချိုးလိုက်ကြတော့၏။

"ဟာ..လန်းသွားတာပဲကွာ"

ချောင်းရေတွင်းမှ တက်လာသော ကျော်ခကသို့နှယ်ပြောပြီး စခန်းတဲဘက်လှမ်းကြည့်လိုက်၏။

"ဟင်"

သူတို့စခန်းနောက်ဘက်မှလူတစ်ယောက် ပြေးသွားပါကလား။

"ဟိုမယ်..ဟိုမယ်"

ကျော်ခက သို့နှယ်ပြောလျက် ချောင်းထဲမှ ပြေးတက်ကာ စခန်းရှိရာသို့ ပြေးသွားလိုက်၏။

"ဘာဖြစ်တာလဲ..ဘာဖြစ်တာလဲ"

ကဒိုးကလည်း ဘာရယ်မသိ သို့အော်လျက် ကျော်ခနောက်သို့ ပြေးလိုက်သွားတော့၏။

"ဟာ"

မြင်လိုက်ရသောလူ မျက်ခြေပြတ်သွားတော့၏။

ထိုသူကို မျက်ခြေပြတ်သွားလေမှ ထင်းမီးပုံသို့ ကြည့်လိုက်၏။

"ဟင်"

တောဝက်ကောင်ကင် မရှိတော့ပါကလား။

နို့ဆိုလျှင်ဖြင့် ထွက်ပြေးသွားသောသူနောက် ပါသွားချေပြီပေါ့။

www.burmeseclassic.com



"တောက်"

"မဖြစ်နိုင်တာချည်းကျွာ လွယ်လွယ်နဲ့ ထမ်းပြေးလို့ရတဲ့ အရာမှ မဟုတ်တာကျွာ"

"ခုဖြစ်နိုင်လို့ ပျောက်သွားပြီမဟုတ်လား"

ကဒိုးက သို့နှယ်ပြောလျက် စခန်းအနီးတဝိုက်လှည့်ပတ်ကြည့် လေတော့၏။

အံ့ဖွယ်ကောင်းလှန်းစွ။

"ဘယ်သူများဖြစ်နိုင်မလဲ"

"ဘယ်သူဖြစ်ရမှာတုန်း..ဒို့ကိုလိုက်နှောက်ယှက်နေတဲ့ ဟိုလူပဲ ဖြစ်မှာပေါ့"

"တောက်"

တဲပေါ်တွင်နှစ်ယောက်သား ခြေပစ်လက်ပစ် ထိုင်လိုက်ကြ၏။

"ကဲ..ဒီလိုထိုင်နေလို့မရတော့ဘူး..သားကောင်ထွက်ရှာရ ဦးမယ်"

ကျော်ခကသို့ပြောလျက် သေနတ်ကို ကောက်ယူကာ တဲပေါ်မှ ဆင်းလိုက်တော့၏။

"ဒီနေ့ညတော့ ဒီမှာပဲပြန်စခန်းချကြရမှာပဲ"

"ဟာ..ဒီမယ်..ဒီမယ်"

စခန်းနှင့်အတော်လှမ်းလှမ်း ကြိမ်နွယ်ပင်တစ်ပင် အောက် ခြေတွင် သူတို့ပျောက်ဆုံးသွားသော ဝက်ကောင်လုံးကင်ကြီးကို တွေ့ ရှိလိုက်ကြရ၏။

ကောင်လုံးကင်တော့ဖြင့် မဟုတ်လေတော့ တစစီပဲ့ထွက်နေ ကြသည့်ပြင် အသားစတို့ ဖွာလံကျဲနေတော့၏။

"ဟာ..ဟိုလူ ထမ်းသွားတာမဟုတ်ပေဘူး သားရဲကောင် အကောင်ဆွဲသွားတာဟ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..သူ့အကျန့်ပဲစားကြတာပေါ့ကွာ"

ဆာလောင်နေသည်လည်းဖြစ်၍ ပုံ့ကျဲနေသည့် အသားစတို့ကို လိုက်လံကောက်ယူ၍ သဲတို့ကို ဖယ်ရှား အငမ်းမရစားလိုက်ကြတော့၏။

လွှန်မင်းစွာဆာနေသည်ကိုး။

"ဒီသားရဲကောင်တော့လား တွေ့လို့ကတော့ သူ့အသားပဲစားတော့မယ်သာမှတ်"

ကဒိုးကသို့နှယ်ပြောရင်း စခန်းတဲဘက်ဆီသို့ ပြန်သွားလိုက်တော့၏။

အတော်အတန်ကြီးသည့် အသားတစ်တုံးကိုယူလျက် တံစို့ထိုး မီးထပ်ကင်လိုက်ပြန်၏။

"ဒို့ ..အမဲသွားမပစ်တော့ဘူးလား"

ကျော်ခက သူ့နံဘေးဝင်ထိုင်ပြီးမေးလေ၏။

"ငါ..စိတ်ကုန်သွားပြီ ဒီညစာအတွက်တော့ဖြင့် လုံလောက်ပါပြီ..နားမယ်ကွာ..နက်ဖြန်စောစောဒီကထွက်ကြတာပေါ့"

"အေးလေ..ကောင်းသားပဲ"

ကျော်ခနှင့်ကဒိုးတို့နှစ်ယောက် ကြမ်းခင်းပေါ် လှဲချလိုက်ကြသည်နှင့် သူတို့စခန်းနောက်ဘက် ချုံနွယ်ပင်တို့ကြားမှ လူတစ်ယောက်သည်လှစ်ခနဲဆိုသလိုဝါးသုဦးတော လမ်းမြောင်လေးအတိုင်းဝင်ပြေးသွားချေတော့၏။

ထိုသူသည် အင်မတန်အရုပ်ပုလွှန်းသော လူတစ်ယောက်ဖြစ်နေချေတော့၏။

ထိုသည်ကို ကျော်ခနှင့်ကဒိုး မသိလိုက်ကြချေ။

တဲပေါ်တွင် မှေးခနဲဖြစ်ကာ အိပ်ပျော်သွားကြတော့သည်။

ကိုလူပုသည် တောတန်းလေးအတွင်း ပြေးသွားနေရင်းမှ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကိတ်တွင်းမှ ဆုပ်ကိုင်ထားသည့် အရာကိုလက်ဖြည်ကြည့်လိုက်၏။

ကျည်သုံးတောင့်ဖြစ်သည်။

ကျေနပ်စွာပြုံးလိုက်မိ၏။

ကိုလူပု ပြေးသွားရာမှရပ်လိုက်၏။

"ဟိတ်လူ"

သူရပ်လိုက်သည့်နေရာနှင့် မနီးမဝေးရှိ သစ်ပုပ်ပင်နောက်ကွယ်မှ လူတစ်ယောက်ထွက်လာ၏။

ထိုသူသည် ကိုလူပုနားလျှောက်လာရင်း-

"ခင်ဗျားခိုင်းတဲ့အတိုင်း ကျုပ်လုပ်ခဲ့ပြီးပြီ ဘယ်မလဲ ငှက်ပျောတစ်ခိုင်" ဟုပြောလာသဖြင့် ကိုလူပုသည် ထိုသူကိုပြုံးရွှင်စွာ ကြည့်လိုက်ပြီး-

"မင်း..ငါ့နောက်လိုက်ခဲ့လေ၊ တစ်ခိုင်မကပေးမယ်-ခင်းတာဝန် ကျေပါတယ်"

"တော်သေးတယ်..ဟိုလူနှစ်ယောက် ကျုပ်နောက်ကို အမီလိုက်မလာနိုင်တဲ့အပြင် သေနတ်နဲ့လှမ်းမပစ်ပေလို့"

တကယ်တော့ ထိုသူသည် ဖျားဖွပ်သမားဖြစ်ချေ၏။

"ငါ..မင်းလုပ်တဲ့အလုပ်ကိုလဲ သိပ်ကျေနပ်တာမဟုတ်ဘူးအေးလေ..ဟိုနှစ်ယောက်ထက်စာလျှင်တော့ဖြင့် ငါမင်းကို ခွင့်လွှတ်နိုင်သေးတယ်"

"ဟိုနှစ်ယောက်ကလည်း ဘာဖြစ်လို့လဲဗျ..သူတို့ဘာသာ အမဲသစ်စားကြတဲ့ဟာ"

သို့ ဖျားဖွပ်သမားက ပြောလိုက်သည်တွင် ကိုလူပုက မျက်စောင်းတစ်ချက်ထိုး၍ ကြည့်လိုက်ပြီး-

"စည်းကမ်းမရှိတဲ့မုဆိုးတွေလေ..ငါကြည့်လို့ကိုမရဘူး..ဘယ်နယ်ကွာ ဗီးရှိတဲ့သတ္တဝါလေးတွေကိုလဲ မရှောင်၊ ရင်ခွင့်ပိုက်



www.burmeseclassic.com

www.burmeseclassic.com


သား ကောင်တွေကိုလဲ အလွတ်မပေး..နိုကြောင့် ဒီကောင်တွေ ဒီတောမှာရှိ နေသ၍ ငါလိုက်နှောက်ယှက်ရလိမ့်မယ်"

"ကျုပ်တို့နှစ်ယောက် သူတို့ဝက်ကောင်မီးကင်ကို ဟိုးရှေ့က လှိုဏ်အောက် ပစ်ချနိုင်လျှင်ပိုကောင်းမှာပေါ့..ခုတော့ မနိုင်မနင်းဆွဲလာ ရတော့ကာ ဝေးဝေးလံလံဆွဲ အစမဖျောက်နိုင်ဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ..သူတို့ကို ဒုက္ခပေးလိုက်ရလို့ ငါ ကျေနပ်တယ် သည့်နောက်လဲ သူတို့သားကောင်သားကင်လေးတွေကို ပရမ်းပတာ ပစ်ခတ်လို့ရတော့မှာ မဟုတ်ဘူး ဟင်း..ဟင်း..ဟင်း"

သို့နှယ်ကိုလှူပုကပြောပြီး သူ့လက်တွင်းရှိ သေနတ်ကျည်ဆံတို့ ကို အဝေးသို့လှမ်းပစ်လိုက်တော့၏။

"ကိုလှူပုကလည်း လူသာပုတယ် အင်မတန်သွက်တာပဲဗျ.. ရတဲ့အချိန်ကလေးမယ် သူတို့သေနတ်တွေထဲက ကျည်ကို ထုတ်ယူလာ နိုင်တယ် ဟဲ..ဟဲ..ဟဲ..ကဲ..လုပ်လေဗျာ ကျုပ်ဆာနေပြီ"

"ကဲ..လာပါကွာ..ဟိုရှေ့က မြောင်လေးထဲမယ် ငှက်ပျော တောရှိတယ် လာ..မင်းကြိုက်သလောက် ခုတ်သွားချေ"

သည်သို့ဖြင့် ကိုလှူပုနှင့် ဖျားဖွပ်သမားသည် မြောင်လေး တစ်မြောင်အတွင်းဝင်သွားကြတော့၏။

မြောင်လေးအတွင်းတွင် ကိုလှူပုပြောသလို မှည့်ဝင်းသော အသီးများ ပြွတ်သိပ်နေသည့် ငှက်ပျောပင်ကြီးငယ်တစ်စုကို တွေ့လိုက်ကြ တော့၏။

သည့်နောက်..ကိုလှူပုသည် ထိုမြောင်လေးမှ တစ်ယောက် တည်းပြန်ထွက်လာတော့၏။ ဖျားဖွပ်သမားသည် ငှက်ပျောတောအတွင်း ကျန်ခဲ့လေတော့၏။ ကိုလှူပုတစ်ယောက် မြောင်ပေါက်လေးမှ ထွက်ပြီး ချောင်းမကြီးကို ဖြတ်၍ချုံနွယ်သစ်ပင်ကြီးတို့ အုံ့အုံ့စိုင်းစိုင်းရှိသည့် တောတန်းအတွင်းဝင်သွားတော့၏။

တွက်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပင် ကျော်ခနှင့်ကဒိုးသည် မသိစိတ်၏ နှိုးဆော်မှုကြောင့် အိပ်ယာမှနိုးလာကြပြီး သူတို့တဲရှေ့ရှိ ချောင်းမကြီးသို့ ထွက်အလာတွင် ဘာရယ်မဟုတ်ချောင်းအထက်သို့ လှမ်းကြည့်လိုက်သည်တွင် လှူပုကြီးချောင်းကိုဖြတ် တဘက်တောတန်းအတွင်းဝင်သွားသည်လှမ်းတွေ့လိုက်သဖြင့် ကိုလှူပုနောက် ကပျာကသီပြေးလိုက်သွားတော့၏။

ကိုလှူပုတစ်ယောက်ကတော့ဖြင့် မသိရှာချေ။

"ဟိတ်လူ..ဟိတ်လူ"

သို့ ခေါ်သံကြောင့် လှည့်ကြည့်လာတော့၏။

မုဆိုးနှစ်ယောက်ကိုမြင်လိုက်ရချိန်မှာပင် သူတွက်အချိန်နှောင်းသွားပြီကို သိလိုက်တော့၏။

"ခင်ဗျားဘယ်သူလဲ..ဘယ်ကလဲ..ဘာလို့ကျုပ်တို့ကို လိုက်နောက်ယှက်နေရတာလဲ"

ကျော်ခနှင့်ကဒိုးသည် လှူပုကြီးအား လှစ်ခနဲရောက်လာပြီး ဖမ်း ချုပ်လိုက်ရင်းမေးလေ၏။

"ကျုပ်ဘာလုပ်လုပ်ပေါ့..ကျုပ်လမ်းကျုပ်သွားတာပဲ.. ကျုပ်ဘယ်သူဖြစ်ဖြစ်ပေါ့"

သို့နှယ်ပြောရင်း လွှပ်ရှားရုန်းကန်နေလေ၏။

"ဘာမနောက်ယှက်ရမှာတုန်း ..ကျုပ်တို့သားကောင်ပစ်တော့မယ်ဆိုလျှင် ခင်ဗျားက ခြောက်လှန့်ထုတ်လိုက်တာချည်းပဲမဟုတ်လား"

"ရှုတ်ပါတယ်ကျော်ခရာ..သူလုပ်လို့ဒို့တွေ တောတောင်ထဲမှာ တလည်လည်နဲ့ လမ်းစလည်းပျောက်နေကြရပြီ သူလုပ်လို့သားကောင်လည်းပစ်မရ အစာရေစာလည်းငတ်နေရတယ်"

သို့နှယ်ကဒိုးကပြောပြီး လှူပုကြီးကို သူ၏သန်မာသောလက်ဖြင့် အစ်ညှစ်ဆွဲကိုင်ခေါ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com


စခန်းတဲသို့ရောက်သည်တွင် ကိုလူပုကြီးကို သစ်ပင်ငယ်တစ်ခုတွင် ကြိုးဖြင့်တွဲကာပ်ချည်နှောင်ထားလိုက်လေတော့၏။

"ခင်ဗျားတို့ ကျုပ်ကို မတရားမလုပ်နဲ့ဗျ..ကျုပ်လမ်းကျုပ်သွားပါရစေ"

"ဟင်း..ဟင်း..ဟင်း..ကိုလူပုရယ် ခင်ဗျားကို ဘာမှမလုပ်ပါဘူး ခုတော့ ဒီအတိုင်းနေရစ်ခဲ့ဦး ကျုပ်တို့အမဲသွားပစ်ချေဦးမယ်.. ခင်ဗျားဒီနားတဝိုက်ရှိနေသ၍ ကျွန်တော်တို့ ပစ်မဲ့သားကောင်ကို လိုက်ချောင်းခြောက်လှန့်ထုတ်နေဦးမှာပဲ မဟုတ်လား ကျုပ်တို့သားကောင်ရပြီး ပြန်လာလေမှ ခင်ဗျားကို လွှတ်ပေးမယ်..ကဲ..ကျော်ခ လာကွာသွားကြစို့"

ပြောပြောဆိုဆိုကဒိုးက ကျော်ခကို ခေါ်၍ထွက်သွားလေတော့၏။

"လွှတ်..လွှတ် ခင်ဗျားတို့ ကျုပ်ကိုမတရားဖမ်းထားကြတယ် အဲဒီအတွက် သားကောင်မရကြပါစေနဲ့ဗျာ"

သို့နှယ် ကိုလူပုက အော်ဟစ်ရန်းကန်ကျန်ရစ်ခဲ့လေတော့သည်။ ကျော်ခနှင့်ကဒိုးသည် ထိုနေရာလေးမှ ထွက်ခဲ့ကြသည်တွင် ငှက်ပျောတောရှိသော မြောင်လေးထိပ်သို့ ရောက်လာကြတော့၏။

"ဒီမြောင်ထဲ ဝင်သွားတဲ့ လူခြေရာတွေ့တယ်"

ကဒိုးကမြောင်ပေါက်ဝရှိ လူခြေရာကို ပြ၍ပြောလေ၏။

"ဟိုလူပုကောင်ဝင်သွားတာဖြစ်မယ်"

သို့နှယ် ကျော်ခကပြောပြီး မြောင်ပေါက်ဝမှနေ၍ အတွင်းလှမ်းကဲကြည့်လိုက်ပြီး -

"မြောင်ကတိုတိုလေးပဲရှေ့ပဲသွားကြတာပေါ့" ဟုပြောလေ၏။

တကယ်တော့ ကျော်ခသည် မြောင်ကွေ့လေးရှိသည်ကို မသိ၍ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထိုမြောင်လေးထိပ်မှနေ၍ ချောင်းမကြီး အတိုင်း လျှောက်သွား၍ အတော်လှမ်းလှမ်း အရောက်တွင် မြောင်ပေါက်မှ ပျားဖွပ်သမားထွက်လာချေ၏။

"ဟူး..တော်ပါသေးရဲ့..ငါ့ကိုတွေ့မသွားပေလို့"

သို့နှယ်တီးတိုးပြောပြီး မြောင်ပေါက်မှ သုတ်ခြေတင်ထွက်သွား လေတော့၏။

မုဆိုးနှစ်ယောက်လားရာနှင့် ဆန့်ကျင်ဘက်သို့ဖြစ်သည်။

သို့ ဆိုလေတော့ မုဆိုးနှစ်ယောက်၏ စခန်းတဲဘက်ဖြစ်သည် ပေါ့။

ကျော်ခနှင့်ကဒိုးသည် ချောင်းအတိုင်း လျှောက်ခဲ့ကြရာမှ တစ်ဖက်တောတန်းချုံနှယ်ပင်တို့ကြားမှ 'ဘွဲလ်' ရယ်လို့ ဆတ်ကောင်၏ အော်သံကြောင့် ကပျာကသီနီးစပ်ရာ သစ်ပင်နောက်ကွယ်သို့ ပြေးသွား ကြကာ ပုန်းကွယ်ချောင်းမြောင်းကြည့်လိုက်ကြ၏။

"ဟာ..ဒီကောင်ကြီး ဒို့ကို မြင်မသွားလို့ဟေ့"

ဆတ်ကောင်သည် သူတို့နှစ်ယောက်ကို မြင်ပုံမပေါ် ချုံနှယ်ပင် တို့ကြားမှ ထုစ်လှမ်းချင်းထွက်လာတော့၏။

ကျော်ခနှင့်ကဒိုး ပုန်းကွယ်နေသည့် သစ်ပင်ကြီးရှိရာဘက်သို့ လာနေခြင်းဖြစ်တော့၏။

"ငါပစ်မယ်"

ကဒိုးကသို့နှယ်ပြောပြီး လက်တွင်းရှိသေနတ်ဖြင့် ဆတ်ကောင် ကြီးကို လှမ်းချိန်လိုက်၏။

ပစ်မှတ်ကပို၍ပို၍ နီးလာတော့၏။

"အပိုင်ပဲ..ပစ်တော့ ပစ်တော့လေကွာ"

နံဘေးမှ ကျော်ခ၏ အားမလိုအားမရ တိုက်တွန်းလာခြင်း ကြောင့် ကဒိုးသည်လည်း အပိုင်တွက်ကာ သေနတ်မောင်းထိန်းခလုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲညှစ်လိုက်တော့၏။

"ချောက်"

"ဟင်"

ကျည်မထွက်ပါကလား။

နားဆတ်သော ဆတ်ကောင်သည် သေနတ်မောင်းရိုက်သံကြောင့် လန့်ဖျတ်ထွက်ပြေးသွားတော့၏။

"ဘယ်လို့ဖြစ်တာပါလိမ့်"

သူ့သေနတ်ကို အသေအချာ အနီးကပ်ကိုင်ကြည့်ရင်းပြော၏။ သည့်နောက် ကျည်အိမ်ကို ဖြုတ်ကြည့်လိုက်ပြန်၏။

"ဟင်..ကျည်မရှိတော့ပါကလား"

သူ့သေနတ်ကျည်အိမ်အတွင်း ကျည်တစ်တောင့်မှ မတွေ့လေတော့သည်ကြောင့် နံဘေးမှ ငေးကြောင်ကြည့်နေသည့် ကျော်ခကို သကာ မကောင်းမျက်လုံးဖြင့် ကြည့်လိုက်တော့၏။

သူ့အကြည့်ကို ကျော်ခ သဘောပေါက်လိုက်၏။

"မင်းသေနတ်ထဲမယ် ကျည်မရှိတော့တာနဲ့ ငါ့ကို မသကာတဲ့မျက်လုံးနဲ့ကြည့်ရလားကွာ"

"အေးလေ..မင်းနဲ့ငါ နှစ်ယောက်ပဲရှိတာ.. ငါ့သေနတ်ထဲမယ် ကျည်နှစ်တောင့်ရှိရှိဦးမယ်ကွ..အလိုလိုနေရင်း မရှိတော့ဘူးဆိုတော့ မဟုတ်သေးပါဘူးကွာ..ကျည်ဆံတွေက သူ့အလိုလို ကျည်အိမ်ထဲကနေထွက်သွားရမှာလား"

သို့ စွပ်စွပ်စွဲစွဲ ပြောလေသဖြင့် ကျော်ခကဝင်းဝင်းတောက်နေသည့် မျက်လုံးအစုံဖြင့် ပြန်ကြည့်လိုက်ပြီး-

"ဟိတ်ကောင်..ငါ့မယ် ကျည်သုံးတောင့်ရှိသေးတယ်ဆိုတာ မင်းအသိပဲ..ဟောဒီမယ်ကြည့်" ဆိုလျက် သူ့သေနတ်ကျည်အိမ်ကို ဖြုတ် ၍ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့သေနတ်ကျည်အိမ်တွင်လည်း ကျည်ဆံတစ်တောင့်မှ မရှိပါကလား။ နို့ဆိုလျှင်ဖြင့် ...

ကျော်ခနှင့်ကဒိုးသည် တစ်ယောက်မျက်နှာတစ်ယောက်အံ့သြတကြီးကြည့်နေကြပြီး-

"ဒါ..ဟိုလူပု လက်ချက်ပဲဖြစ်မယ်"

ကျော်ခပြောလေ၏။

"အေး..ဒို့ရေချိုးနေတုန်း စခန်းနောက်ကနေ ပြေးသွားတာ ဒီလူပုပဲဖြစ်မယ် ငါတို့ ကျည်တွေ ထုတ်ယူသွားတာ သူပဲဖြစ်ရမယ်"

သို့ဆိုလျက် စခန်းရှိရာသို့ ခပ်သုတ်သုတ်ပြန်လာခဲ့ကြတော့၏။ ကိုလူပုကိုကောင်းကောင်းဆုံးမရပေဦးတော့မည် ဟုတွက်၍ဒေါသတကြီး ပြန်လာခဲ့ကြခြင်းဖြစ်သည်။

"ဟင်"

"ဟာ"

စခန်းနားရောက်သည်တွင် ကိုလူပုတစ်ယောက်မရှိတော့သည်ကို သိလိုက်ကြသည်တွင် ပို၍အချက်ထွက်သွားကြရပြန်တော့၏။

"တောက်"

ကျော်ခသည် ဒေါသတကြီး တောက်ခတ်လိုက်ပြီး လက်တွင်းရှိ သေနတ်ကို ဝါးကြမ်းခင်ပေါ် ပစ်ချလိုက်သလို ကဒိုးသည်လည်းသူ့သေနတ်အားဝါးကြမ်းခင်းပေါ်လွှဲချထားလိုက်တော့၏။ သည့်နောက်စိတ်ပျက်လက်ပျက်ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြတော့သည်။

သူတို့နှစ်ယောက် ဘာဆက်လုပ်၍ ရပါလိမ့်မည်နည်း။

သေနတ်ရှိလျှင် မျှော်လင့်စရာ ရှိသေး၏။

သေနတ်ရှိပြီး ကျည်မရှိတော့ကာ ဘာလုပ်၍ရပါတော့မည်



www.burmeseclassic.com

www.burmeseclassic.com



နည်း။

"ဟွန်း..အစောက်ဒုက္ခပေးတဲ့ ကိုလူပုပေပဲ..တွေ့ကြသေးတာ ပေါ့ကွာ"

ကဒိုးကသို့နှယ် အော်ဟစ်ကြိမ်းဝါးလိုက်ရင်းကြမ်းခင်းပေါ်လှဲ ချ လိုက်တော့၏။

"ငါတော့ဆာလှပြီကွာ..ချောင်းဘက်ငါးသွားရှာချဦးမယ်"

ဆာလောင်လွန်း၍ မနေနိုင်သော ကျော်ခက မှောင်စပျိုးပင် ဖြစ်လင့်ကာစား ငါးရှာရန်အလို့ငှာ ချောင်းဘက်ထွက်သွားလေတော့၏။ တစ်ခဏအကြာတွင်ချောင်းဘက်ငါးသွားရှာသော ကျော်ခပြန်ရောက်လာ ၏။

သူနှင့်အတူ ငါးလေးကောင်ခန့်ပါလာ၏။

မီးကင်စားလိုက်ကြပြီး အိပ်ရာဝင်လိုက်ကြတော့၏။

နံနက်မိုးစင်စင်လင်းလေမှ အိပ်ရာနိုးလာကြပြန်သည်။

"ကဲ..ဒို့တွေ ဘဝမထူးတော့တဲ့အတူ ခံသင်သွားလမ်းအတိုင်း မလျှောက်ကြတော့ပဲ ဒီအောက်ပေါင်းရှုတ်တဲ့ တောင်ကြောလေးကို ဖြတ် ဆင်းကြည့်ကြမယ်ကွာ"

ကဒိုးက ဆူးချုံနွယ်ပိတ်ပေါင်းတို့ဖြင့် အောက်ပေါင်းရှုတ်လှ သော တောင်ကြောလေးကို မော်ကြည့်ပြောလိုက်၏။

"အင်းလေ"

ကျော်ခကသို့သာပြောပြီး ကဒိုးသွားရာနောက်သို့သာ လိုက်သွား ချေတော့၏။

ဘယ့်တွက်မှု ထိုတောင်ကြော၏တစ်ဖက်ရောက်သည့် ချောင်း ကြီးတစ်ခုကို ရောက်သွားနိုင်သည်ဟု တွက်လိုက်၍ဖြစ်၏။

ချောင်းမကြီးတစ်ခုခုတည်း ရောက်သွားလျှင် ထိုချောင်းဘာ ချောင်းရယ်လို့ တွက်မိလျှင် အပြန်လမ်းကို မှန်းတတ်လေပြီဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင်။ သို့ဖြင့် ကျော်ခနှင့်ကဒိုးသည် ချုံနွယ်ပိတ်ပေါင်းများကို တိုး ကာဖော့ကာဖြင့် လာခဲ့ကြရာ တဘက်တောင်ကြောလေးအောက် ရောက်ခဲ့ ကြတော့၏။

သူတို့ရောက်ခဲ့သော နေရာသည် ချောင်းမကြီးတော့မဟုတ် ကျောက်ချောင်းလေးတစ်ခုဖြစ်ချေ၏။

"ဒီကျောက်ချောင်းလေးအတိုင်း ခုန်ဆင်းလျှင်ဖြင့် ချောင်းမကြီး ထဲရောက်နိုင်တယ်"

ကဒိုးက သို့နှယ်ပြောရင်း ရေစပ်စပ်ရှိသော ကျောက်ချောင်း အတွင်းမှ ချော်မလဲရလေအောင် ထိမ်းလျှောက်ခဲ့တော့၏။

"ဒီချောင်းကြည့်ရတာ ဥက္ကံချောင်းရေကျ ကျောက်ချောင်းများ ဖြစ်နေမလားပဲ"

သွားလာရင်း ကျော်ခကပြောလေ၏။

"ဖြစ်နိုင်တယ်"

နှစ်ယောက်သား စကားတပြောပြောဖြင့် ဟန်ချက်ထိန်း လျှောက်နေကြရ၏။ နို့မဟုတ်ပါဘူး ခြေချော်လဲလိုက်ပါလျှင် လက်ကျိုး ခြေကျိုး၊ ခေါင်းပေါက် ဖြစ်သွားနိုင်လောက်၏။

"ဒီချောင်းက အတော်ရှည်တာပဲကလား..အတော်နဲ့အဝ မရောက်နိုင်သေးပါကလား"

ကဒိုးစိတ်မရှည်လေတော့ ဆာကလည်းဆာနေပြီကိုး သို့ကြောင့် ကဒိုးသည် ကျောက်ဆိုင်လေးတစ်ခုနားအရောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

"နားဦးမယ်ကွာ"

ကျော်ခသည်လည်း ဆာလောင်နေပြီဖြစ်ပြီး ကဒိုးကဲ့သို့ ထိုင်ချ ခြင်းမပြုသေးဘဲ အနီးတစ်ဝိုက်ရှိ ကျောက်ဆိုင်လေးများအတွင်း ငါးရှိလိုရှိငြား လိုက်လံရှာဖွေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



က်အားလျော့စွာပင် ကျောက်အိုင်လေးတစ်ခုအတွင်းမှ နှစ်ချို့ ငါးကြီးတစ်ကောင်ရလိုက်သည့်ကြောင့် အဆာပြေအလို့ငှာ မီးကင်စား လိုက်ကြသည်။ ပြီးနောက် ထိုနေရာလေးမှ ထထွက်ခဲ့ကြပြန်၏။

"ဟာ..ဒါ..ဥက္ကံချောင်းမကြီးပေပဲ"

ကျောက်ချောင်းဝရောက်သည်နှင့် ကျောက်ချောင်းရေကျ ချောင်းပြင်ကျယ်ကြီးကို ငေးပိုက်ကြည့်ရင်း ကျော်ခကအားရဝမ်းသာ ပြောလိုက်၏။

"မင်းဘယ်လိုလုပ် အတပ်ပြောနိုင်ရတာလဲ"

ကဒိုးကမေးလိုက်၏။

သည်တွင် ကျော်ခကချောင်းကမ်းနံဘေးပေါက်ရောက်လျက် ရှိသည့် ကျွန်းပင်ညီနောင်ထံသွား၍ အပင်ကိုလက်ပုတ်ပြရင်း-

"ဒီမယ်လေကွာပြီးခဲ့တဲ့နှစ်က ငါကျွန်းသင်းသတ်လိုက်ခဲ့တော့ ကာ..ဒီအပင်ညီနောင်ကို ငါသတ်ပေးခဲ့ရတာကွ"

"ဒီလိုပုံ ဆင်တူရိုးမှားတွေ အများကြီးရှိပါတယ်ကွာ"

"အေး..နို့ပေမင့် ဒါ..ငါသတ်ခဲ့တဲ့ ကျွန်းညီနောင်ကွ..ဘာ လို့လဲဆိုတော့ ဒီအပင်က အတော်ကလေးကို ခွဝင်နေလို့..ကန့်တော့ လိုးပေါက်ခဲ့ရတာ..ငါပေါက်တဲ့အပင် ငါမှတ်မိတာပေါ့ကွ..ဒါ ဥက္ကံ ချောင်းပဲ..လာ..စုန်ဆင်းကြမယ်...မယုံလျှင်ကြည့် ရှေ့မယ် ချောင်း ဝတစ်ခုတွေ့လိမ့်မယ် အဲဒီချောင်းက ကျောက်ကုတင်ချောင်းပဲ"

"အေးလေ..သွားကြည့်ကြသေးတာပေါ့"

သို့ဖြင့် ကျော်ခနှင့်ကဒိုးသည် ချောင်းမကြီးအတိုင်း စုန်ဆင်းခဲ့ ကြရာမှ-

"ဟော..ဟိုရှေ့မှာတွေ့လား...ချောင်းဝတစ်ခု..အဲဒါ ကျောက်ကုတင်ချောင်းပေါက်ပေါ့"

ကျော်ခပြောသလိုပင် သူတို့ ကျောက်ကုတင်ချောင်းဝများ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ကြ၏။

သို့လျှောက်ခဲ့ကြရာမှ ချောင်းဝမရောက်မီ မြောင်လေးထိပ်တွင် ဂျိုပေါက်လေးတစ်ကောင် လှမ်းတွေ့လိုက်သည်ကြောင့် ကဒိုးသည် နီးစပ်ရာမှ ခဲတစ်လုံးကို ကောက်ယူလိုက်ပြီး ထိုဂျို(ချေ)လေးအနားသို့ ပြေးလွှား သွားရင်းခဲဖြင့်လှမ်းပေါက်လိုက်လေတော့၏။

ဂျို(ချေ)ကောင်လေးကံဆိုးလေခြင်းဟု ပြောရလေမလားမသိ။ မဖြစ်နိုင်မှန်းသိလျက် လှမ်းပစ်လိုက်သော ခဲလုံးသည် ဂျို(ချေ)လေး၏ တင်ပါးဆုံကို သွားရောက်ထိမှန်လေသည်ကြောင့် ဂျို(ချေ)ပေါက်လေး မြေပြင်သို့ ခွေကျသွားတော့၏။ သို့ပေမင့် ဂျို(ချေ)လေးသည် ကမျာကသီ လူးလဲထကာ မြောင်လေး၏ကမ်းနံဖူးတောင်ကြောလေးပေါ် ပြေးတက်သွားတော့၏။

"ထိသွားတယ်ကွ..နာသွားတယ်"

ကဒိုးတစ်ယောက် အားရဝမ်းသာပြေးလိုက်သွားတော့၏။

ကျော်ခတစ်ယောက်ကတော့ဖြင့်ကဒိုးနောက်မှ ပြေးလိုက်သွားသည်ဆိုငြား မလိုက်ချင်လိုက်ချင်ပုံဖြစ်နေ၏။

သို့ကြောင့်လည်း ကျော်ခသည် ကဒိုးနှင့်အလှမ်းကွာနောက်ကျန်ခဲ့လေတော့၏။

ဂျိုပေါက်လေးသည်လည်း ကြောက်လန့်တကြား ပြေးခဲ့ရသည်ဖြစ်၏။ ချုံနွယ်ပိတ်ပေါင်းများကြား ပိုငြိ..သည်ငြိ ခရီးမတွင်လှပါချေ ခဲထိမှန်ထားသော ဒဏ်ရာကြောင့်လည်း အားစိုက်မပြေးနိုင်ရှာချေ။ သို့ကြောင့် သူတက်ပြေးလာသော တောင်ကြောအလယ်လောက်တွင် မောဟိုက် ဟပ်ထိုးလဲကျသွားတော့၏။

အားကြိုးမာန်တက်ပြေးလိုက်လာသော ကဒိုးလက်တွင်း သက်ဆင်းမိတော့၏။

ငါ့ဝမ်းပူဆာ မနေသာဆိုသလို ဂျို(ချေ)ကောင်လေးကို ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်နှစ်ချောင်းမှ ဆွဲကိုင်၍သစ်ပင်နှင့် လွှဲရိုက်သတ်လိုက်လေ၏။

ဂျို(ချေ)လေးသေဆုံးသွားချေပြီ။

ကဒိုးသည်လည်း မောပမ်းနွမ်းနယ်ဆာလောင်နေသည်ဖြစ်၍ ထိုနေရာလေးမှာပင် လှဲချနားနေလိုက်ရင်း ကျော်ခကို စောင့်နေလိုက်တော့၏။ အချိန်အတော်ကြာသည့်တိုင် ကျော်ခပေါ်မလာ။ သို့ကြောင့် 'ဗွူး' ရယ်လို့ အသံပြုအချက်ပေးလိုက်၏။

ရော..ခက်ချေပြီ ကျော်ခထံမှ မည်သည့်တုန့်ပြန်အချက်ပေးသံပေါ်မလာပါချေ။

ဟင်..ဒုက္ခ။

ဂျို(ချေ)သေလေးကိုပိုက်၍ တောင်ကြောလေးအတိုင်း ပြန်လျှောက်ခဲ့၏။

ဒုက္ခပါပဲ တောင်ကြောပေါ်တွင် လည်နေချေပြီ။ သူမြောင်မှားဆင်းမိလေပြီလား။

သို့ကြောင့် မြောင်လေးကို ဖြတ်၍တဘက်တောင်စွယ်လေးပေါ်တက်လိုက်ပြန်၏။

ပို၍ပို၍ ဆိုးချေပြီ။

"ဗွူး"

သူအချက်ပေးလိုက်ပြန်၏။

"ဗွူး"

ဟော..ကြားရချေပြီ။ သို့သော် အတော်အလှမ်းဝေးဝေးတောင်ကြောလေးပေါ်မှဖြစ်ချေ၏။

သူလမ်းမှားလာသည်မှာ သေချာပေပြီ။

ဆာကလည်း ဆာနေချေပြီ။

ဖြစ်ချင်ရာဖြစ်ကွာ..ဆိုလျက် ကဒိုးသည် နေရာမှာပင်ထိုင်ချလိုက်ပြီး ချေ(ဂျို)သေလေးကို တစ်ချက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူရထားပြီပဲ..မီးခြစ်လည်းသူ့တွင်ပါလာသည်ပဲ..သည်တော့ ဆာလောင်မှုဒုက္ခကို အရင်ဖြေရှင်းရပေမည်ဟု တွက်လိုက်ကာ နေရာမှာပင် ထိုင်လျက်နားနေရင်း ဂျီ(ချေ)ကောင်လေးကို အရေဆုတ်လိုက်တော့၏။

သွေးသံရဲရဲ ဂျီ(ချေ)သေကောင်လေးကို ပွေ့ပိုက်၍ ထိုနေရာလေးမှ ရှေ့ခပ်လှမ်းလှမ်းရှိ ကုန်းမြောင်မြောင်လေးတွင် မီးကင်ရန် ဆိုးစား လိုက်ပြီးထလိုက်၏။

"ခွီးလ်"

"ဝှီးလ်စ်"

မမျှော်လင့်သော သားရဲကောင်၏ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံလိုက်ရတော့၏။

တကယ်တော့ ကျားသစ်ကောင်သည် သူ့လက်တွင်းမှ သွေးသံရဲရဲနှင့် ဂျီ(ချေ)သေကောင်လေးကို အစာအလို့ငှာ ဝင်လုခြင်းဖြစ်ချေ၏။

သို့ပေမင့် ကဒိုးကလည်းသူ့ကို တိုက်ခိုက်လာသည်ထင်၍ လက်တွင်းရှိ ဓါးမြောင်ငယ်ဖြင့် ပြန်လှန်ထိုးခုတ်မိရာမှ အပြိုင်အဆိုင် တိုက်ပွဲတစ်ခုဖြစ်ပွားရခြင်းပင်။

သို့ဆိုတော့ ကဒိုးသည် ဆာလောင်နေသူ အင်အားချိနဲ့နေသူဖြစ်ခြင်းကြောင့် ကျားသစ်ကောင်၏ တစ်ဖက်သတ် တိုက်ခိုက်ခြင်းကို ခံလိုက်ရတော့၏။

ကျားသစ်ကောင်သည် ကဒိုးအား ကုတ်ခြစ်ကိုက်ဖွဲ့လေပြီးနောက် ကဒိုးလက်တွင်းရှိ ဂျီ(ချေ)သေကောင်လေးကို ကိုက်ချီပြေးလွှားသွားတော့၏။

ကျားသစ်ကောင်နှင့်လူသားတိုက်ခိုက်နေစဉ် တဘက်ကပ်သျှက် မနီးမဝေးတောင်ကြောစွယ်လေးမှ ချောင်းမြောင်းကြည့်နေသူတစ်ယောက်ရှိချေတော့၏။

ထိုသူကား ကဒိုးနောက် တကောက်ကောက်လိုက်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခပင်ဖြစ်ချေတော့၏။

သို့ကြည့်နေစဉ်…ကဒိုးအလောင်းရှိရာသို့ ကျွန်တော်တို့ နှစ်ယောက်နှင့် ဝါးခုတ်သမားလေးငချွေးရောက်လာသည်ကြောင့် သူသည် ချောင်းမြောင်းကြည့်နေရာမှ ပြေးထွက်လာခြင်းဖြစ်တော့သည်။

သို့ပြေးထွက်ခဲ့သည်ဆိုငြား ဝေးဝေးသို့ပြေးလွှားသွားခြင်း မ ဟုတ်ကျွန်တော်တို့နှစ်ယောက်နှင့် ဝါးခုတ်သမားလေးတို့ အနီးအနား တစိုက်တွင် သာလှည့်ပတ်ရှောင်တိမ်းနေထိုင်လျက် ချောင်းမြောင်းနေ ခြင်းဖြစ်တော့၏။

ဘယ့်ကြောင့်မှု သူ သိတ်ဆာလောင်နေခြင်းကြောင့်ဖြစ်၏။

သူသည် ကျွန်တော်တို့ထံလာ၍ အကူအညီတောင်းခံလိုပါ သော်လည်း သူ့ကိုလည်း အရိပ်တကြည့်ကြည့်လိုက်လံ ချောင်းမြောင်းနေ သူရှိနေခြင်းကြောင့် ပုန်းကွယ်နေရာမှ ထွက်မလာရဲခြင်းဖြစ်တော့၏။

ထိုသူကား သူနှင့်ကဒိုးကို လိုက်လံနှောက်ယှက်နေလေ့ရှိသော လူပုကြီးပင်ဖြစ်တော့သည်။

သို့ကြောင့် ကျော်ခသည် ကျွန်တော်တို့နှစ်ယောက်ကိုလည်း ပေါ်ပေါ်ထင်ထင် ထွက်တွေ့ရဲခြင်းမရှိ၊ ဆာလောင်ခြင်းကိုလည်း မခံနိုင် တော့သဖြင့် တစ်ည ကျွန်တော်တို့မီးကင်ထားလေသည့် ကြောင်သားကို ညကြီးသန်းခေါင်ဝင်ရောက် ခိုးစားနေလေသည်မှ ကျွန်တော်တို့သိသွား၍ အကျိုးအကြောင်းပြောပြနေစဉ် လူပုလေးကို လှမ်းတွေ့လိုက်သည်ကြောင့် ကျွန်တော်တို့ထံမှ ပြေးထွက်ခဲ့ရကြောင်း ပြောပြလာတော့၏။

သူသည်သို့ ထွက်လာပြီး လမ်းစမသိခြင်း၊ ဆာလောင်ခြင်းတို့ ကြောင့် ကျွန်တော်တို့နှင့် ပူးပေါင်းနေရန် အကြိမ်ကြိမ်ကျိုးစားသော်လည်း လူပုကြီးကြောင့် ခပ်ဝေးဝေးတွင်နေနေရခြင်းဖြစ်ကြောင်း အခုရနေ အလို့ငှာအမြဲတမ်းချောင်းမြောင်းနေရကြောင်း သို့ပြုလုပ်လျင် သူအစာရေစာ ပြတ်သေသွားနိုင်မည်ဖြစ်ကြောင်း ပြောပြလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်လင်းမြင့်လှိုင်က ထိုမုဆိုးကျော်ခဆိုသူကို ဂရုဏာသက်စွာဖြင့် ကြည့်နေမိကြတော့၏။

"ကဲ..ကိုလှပုကို ဘာမှကြောက်စရာမလိုတော့ဘူး ကျွန်တော်တို့နဲ့ပဲနေတော့ ဟုတ်လား..ကျွန်တော်တို့အမဲလည်ပြီးပြန်သွားလျှင်ခင်ဗျားလဲ ပြန်လိုက်ခဲ့ပေါ့..ဟုတ်လား"

သို့ဖြင့် ကျွန်တော်တို့အဖွဲ့တွင် ကျော်ခကို ခေါ်ထားလိုက်တော့၏။

ကိုလှပုအကြောင်းကို သိရသည့်ကြောင့်လည်း ကျော်ခကို အထကားနေရင်း လိုက်နှောက်ယှက်ရလေမလားရယ်လို့ တွေးမိကာခေါ်သဖြစ်မိတော့၏။

သို့သော် ဝါးခုတ်သမားလေး ဧခွေးပြောပုံအရ ထိုလှပုကြီးသည်ဘေးသူတစ်ပါးနှင့် ပတ်သက်ဆက်နွှယ်နေပုံထောက်လျှင် ကျော်ခပြောသလို သူတို့ကို အသားလွှတ်လိုက်နှောက်ယှက်နေမည့်ပုံတော့ဖြင့် မပေါ်သစ်ခုခုတော့ဖြင့် နိုင်လုံသောအကြောင်းရှိပေလိမ့်မည်။ သို့သော် ...ကျွန်တော်တို့သည် မသိလိုက်ဘာသာနေနေလိုက်တော့၏။

"ကဲ..ကိုလင်းရေ..အချိန်ရှိသေးတယ် အိပ်ကြဦးစို့"

သို့ ..လင်းမြင့်လှိုင်ကိုပြောလိုက်ကာ ကျွန်တော်သည် မုဆိုးကျော်ခဘက်လှည့်လိုက်ပြီး "ဒီမယ်..အိပ်မှာလား"ဟုမေးလိုက်၏။

ကျော်ခသည် ပတ်ဝန်းကျင်အမှောင်ထုအတွင်း ငေးကြည့်နေပြီးမှ–

"ဟင့်အင်း" ရယ်လို့ပြောလျက် ခေါင်းခါပြီး လှစ်ခနဲဆိုသလိုအမှောင်ထုအတွင်း ပြေးဝင်သွားတော့၏။

သို့ ကျွန်တော်တို့အပါးမှ ပြေးမသွားမီ စခန်းတဲနောက်ဘက်အမှောင်ထုတွင်း သူ့အကြည့်ရောက်သွားခဲ့သည်တွင် သူသည် မျက်နှာအစ်ချက်ပျက်သွားလေသည့်ကြောင့် ဘာကြောင့်ရယ်သိလို့၍ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့စခန်း နောက်ဘက်အမှောင်ထုအတွင်း စူးစိုက်ကြည့်လိုက်၏။

"ဟင်"

မျက်ဝန်းတစ်စုံပါကလား။

သားရဲကောင်လေများလား။ သို့ကြောင့် ကျွန်တော်သည် သေနတ်ဖြင့် လှမ်းချိန်လိုက်၏။

"ကိုပိုက်..သားကောင်မဖြစ်နိုင်ဘူး"

"ရှုံဖြင့်"

"ကိုလူပုဖြစ်လိမ့်မယ်"

"မဖြစ်နိုင်တာ..လူတစ်ယောက်မျက်လုံးက ဒီလောက်ကြီး တောက်ပနိုင်ပါ့မလားဗျ"

သို့ကျွန်တော်ကပြောလိုက်လျက် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့၏။

"ဒိန်း"

ယမ်းအားပေါက်ကွဲသံနှင့်အတူ ထိုမျက်လုံးတစုံပိုင်ရှင်သည် တို့နေရာလေးမှ ဝရုန်းသုန်းကား ထွက်ပြေးသွားတော့၏။

ထွက်ပြေးသွားသော မျက်ဝန်းပိုင်ရှင်ကို ခပ်လှမ်းလှမ်းလရောင် အောက်တွင် လှမ်းတွေ့လိုက်သည်တွင် လင်းမြင့်လှိုင်တစ်ယောက် အံ့ဩ တကြီးဖြစ်သွားတော့၏။

"ဟာ..ကံကောင်းလို့ဗျာ..ကျွန်တော်မပြောလား ကိုလူပုဖြစ် နိုင်တယ်လို့"

ကျွန်တော်သည် လင်းမြင့်လှိုင်နားကပ်သွားလိုက်ပြီး-

"ဘို့ကြောင့်လဲ ကျွန်တော်ခြောက်လှန့်ပစ်လိုက်တာပေါ့ဗျ.. အေးဗျာ ဒီကိုလူပုရဲ့ မျက်လုံးကလည်း တောက်ပလွန်းသေးဗျာ.. ဘယ်လိုဖြစ်ရတာပါလိမ့်"

"ဘယ်လိုဖြစ်ရမျာတုန်း ကိုပိုက်ရယ်..ဒီကိုလူပုဟာ.. တော



www.burmeseclassic.com

www.burmeseclassic.com



ောင်ထဲမှာ ယယ်ယယ်လေးကတည်းက လှည့်လည်ကျက်စား ကြီးပြင်း
သသူဖြစ်မှာပေါ့..နို့ကြောင့် အမှောင်ထဲမှာ သူ့မျက်လုံးဟာ အသုံးပြု
ရများလို့ ကြားလာတော့ကာ တောရိုင်းတိရစ္ဆာန်ကောင်တွေလို ညအမြင်
ိုးရှတောက်ပနေတာဖြစ်မယ်''

''နို့..ကိုလှပု ဆိုတာကောသေချာရဲ့လား''

ကျွန်တော်က သို့ သက်ာမကင်းစွာမေးလိုက်၏။

''ဟုတ်ပါသော်ကောဗျာ..မနက်စောစော အဲဒီနေရာသွား
ကြည့်ကြတာပေါ့..လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ခြေရာတော့ဖြင့် ကျန်ခဲ့မှာ
ါဗျာ..ကဲ..အချိန်ရှိသေးတယ်..အိပ်လိုက်ကြဦးစို့''

သို့နှယ်ပြောလျက် လင်းမြင့်လှိုင်သည် အင်မတန်အိပ်ချင်လွန်း
သည်ထင့် ဝါးတဲပေါ်တက်လှဲချလိုက်တော့၏။

ကျွန်တော်သည်လည်း မုဆိုးကျော်ခ ပြေးထွက်သွားသော
အမှောင်ထုတွင်း လှမ်းကြည့်လိုက်၏။

ကျော်ခတစ်ယောက်ရှိနေသေးသည်ထင်၍ ဖြစ်တော့သည်။

သို့ကြောင့်လည်း အိပ်ယာဝင်ခဲ့ရသည်။ မှေးခနဲဖြစ်သွားလိုက်
ချွတ်ချွတ်အသံကြားသည်နှင့် ထကြည့်လိုက်ဖြစ်ချေတော့၏။

ကျော်ခတစ်ယောက် ကျွန်တော်တို့ထံပြန်လာလိမ့်ဦးမည်ဟု
မျော်လင့်မိခြင်းကြောင့်ပင်။

သို့ပေမင့် မိုးသာလင်းသွားသည်။

ကျော်ခကား ရောက်မလာချေတော့ပြီ။

''ကိုပိုက်..လာဗျာ''ဆိုလျက် လင်းမြင့်လှိုင်သည်
အနတ်ကိုင်ဆွဲလျက်တဲပေါ်မှဆင်းကာညကမျက်ဝန်းတစုံမြင်လိုက်ရသော
နေရာသို့ လျှောက်သွားလေသဖြင့်..ကျွန်တော်သည်လည်း စခန်းတဲပေါ်မှ
ဆင်း လိုက်သွားတော့၏။

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ထင်ထားတာ ကိုလူပုရယ် ကိုလူပုမဟုတ်တဲ့ အပြင်အခြားလူတစ်ယောက်လည်းမဖြစ်နိုင်တော့ဘူး ကျို(ချေ)ကောင်ခြေ ရာပေပဲ ဗျ"

လင်းမြင့်လှိုင်က ညကမျက်ဝန်းပိုင်ရှင်ခြေရာကိုကြည့်၍ စိတ် ပျက်သွားစွာဖြင့်ပြောလာ၏။

"နို့..ကျွန်တော်မပြောပေဘူးလား..ဒါလူ့မျက်ဝန်းမဟုတ် နိုင်ပါဘူးလို့"

"နို့ပေမင့်ဗျာ..ထွက်ပြေးသွားတဲ့အခါမယ် မြင်လိုက်တော့ လည်း လူတစ်ယောက်ဗျ..လာဗျာဟိုရှေ့နားသွားကြည့်ကြစို့"

လင်းမြင့်လှိုင်က မကျေမနပ်ပြောရင်း ရှေ့ဆက်သွားလေတော့ သဖြင့် ကျွန်တော်သည်လည်းလိုက်သွားခဲ့ရပြန်၏။

"ဟင်..ဒီမယ်ကျတော့ လူခြေရာတွေပါကလား"

မြေပြင်မှလူခြေရာကို အသေအချာငုံ့ကြည့်လိုက်ပြီး လင်းမြင့်လှိုင် က တအံ့တသြပြောလာပြန်တော့၏။

"ဟာ..ဟုတ်ပြီ..ကိုလင်း..ကျွန်တော်သိပြီ..စောကခြေ ရာလေးမယ် ကျို(ချေ)ကောင်လေးရပ်နေမယ့် သူ့နောက်ခပ်လှမ်းလှမ်းမယ် လူတစ်ယောက်ရှိနေလိမ့်မယ်..ကျွန်တော်ကသေနတ်နဲ့ခြောက်ပစ်လိုက်တော့ ကာ ကျို(ချေ)ကောင်က လန့်ဖျတ်လှည့်ပြေးသွားသလို အဲဒီလူကလည်း လှည့်ပြေးသွားပြန်လေတော့ ကိုလင်းနဲ့ကျွန်တော်က စဦးမှာ ကျို(ချေ)ကိုပဲ မြင် လူကိုမမြင်လေဘဲ ကျီမှောင်ရိပ်ထဲ ပြေးဝင်သွားချိန်လူက မှောင်ရိပ် ကနေ လရောင်ကျနေတဲ့ တောလမ်းလေးကနေပြေးထွက်လာချိန် တိုက် ဆိုင်သွားတော့ကာ..မျက်လုံးပိုင်ရှင်က လူတစ်ယောက်ပဲရယ် ထင်သွား ကြတာကိုး"

သို့ကျွန်တော်က တွေးတွေးဆဆဖြစ်နိုင်ချေကို တွက်ပြောလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက် ပြောတာဖြစ်နိုင်တာ..ကဲ..ဒါတွေထားလိုက်တော့ ဗျာ..ကနေ့ကျွန်တော်တို့ဘာလုပ်ကြမလဲ"

"တဲပြန်စားသောက်နားနေပြီး ..တအေးအိပ်လိုက်ဦးမယ်ဗျ.. ညကလည်း ကောင်းကောင်းမအိပ်ရဘူး"

သို့ ကျွန်တော်ကပြောလိုက်၏။

"အင်းပေါ့..နေ့လယ်ခင်းလောက် အမဲပစ်ထွက်ကြတာပေါ့"

သို့ဖြင့် ကျွန်တော်သည် တဲသို့ပြန်ရောက်သည်တွင် ညက ကို(ချေ)သားမီးကင်အကျန်ကို စားလိုက်ပြီး ဝါးတဲပေါ်တက်လှဲအိပ်လိုက် တော့၏။

တဲပေါ်တွင် အိပ်လျက် ရှိနေသော ခွေးသည် ထထိုင်သမ်းဝေ လိုက်ပြီး လင်းမြင့်လှိုင်ရှိရာ ထင်းမီးပုံနားသို့ သွားလိုက်သည်။

တစ်ခဏအကြာတွင် ကျွန်တော်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ် ပျော်သွားလေသည်။

ကျွန်တော်အိပ်ယာမှ နိုးသည်တွင် လင်းမြင့်လှိုင်နှင့် ခွေးကို မတွေ့ပါချေ။ ဘယ်များသွားနေကြလေသည်မသိ။

သို့ကြောင့် သူတို့ကိုစောင့်ရင်း မီးပုံနားတွင် သွားရောက်ထိုင် လိုက်ပြီး လင်းမြင့်လှိုင်တို့ကို ထိုင်စောင့်နေလိုက်၏။

ဝေးဝေးလံလံသို့ သွားကြလိမ့်မည်မဟုတ်ဟု ထင်၏။ သို့သော် ဘယ်အချိန်က ထွက်သွားကြလေသည်မသိ။ ဘယ်ကိုသွားကြလေသည် သိ။ ကျွန်တော်ထိုင်စောင့်နေသည်မှာ အချိန်အတော်ကြာချေပြီဖြစ် သည်။

ကျွန်တော်သည် မီးပုံနားမှထလိုက်ပြီး တဲပေါ်ပြန်တက်ထိုင် လိုက်ပြီး ကျွန်တော့်သေနတ်ကို ကောက်ယူလိုက်ကာ ကျည်အိမ်ကို ဖွင့်ကြည့်လိုက်၏။

ကျည်တွေရှိနေသေးသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျည်အိမ်ကိုပြန်တပ်လိုက်ပြီး လင်းမြင့်လှိုင်တို့ကို မျှော်နေမိပြန်၏။

သူတို့နောက်လိုက်သွားရအောင်ကလည်း ဘယ်သွားလို့သွားကြမှန်းမသိလေတာ။

ကျွန်တော်သည် ဘယ်လိုလုပ်ရမည်မသိတော့။

သူတို့နှစ်ယောက်အတွက်ကိုပဲ ပူရလေမလား။ ကိုယ့်ကိုကိုယ်ပင် ပူရလေမလားမသိ။ ဂနာမငြိမ်ဖြစ်ရလေတော့၏။ သို့ကြောင့် တဲပေါ်တွင် လှဲအိပ်လိုက်ပြန်ထထိုင်လိုက် စီးပုံနားသွားလိုက် သည့်ပြင် တဲရှေ့ချောင်းဘက်သွားကာ အထက်အောက် ငေးမျှော်ကြည့်လိုက် လုပ်နေမိတော့၏။

လင်းမြင့်လှိုင်နှင့် ခွေးကား ဘယ်သို့သွားကြလေသည်၊ ရောက်နေချေပြီမသိချေ။

အိပ်နေသော ကျွန်တော့်တစ်ယောက်တည်းထားလျက် အမဲပစ်ထွက်ကြလေမည်တော့ မဟုတ်ချေ။

ဟိုနားသည်နားသွားရင်း ဘာများဖြစ်နေကြလို့ပါလိမ့်။

သို့တွေးလိုက်မိပြန်၏။

ထိုသည်လည်းမဖြစ်နိုင်။

တစ်ယောက်တည်းသွားတာမှ မဟုတ်တာချည်း နှစ်ယောက်သွားကြဆိုတော့ကာ သို့ ကျွန်တော်တွေးမိသလိုလည်း မဖြစ်နိုင်ပြန်သည်တော့ ကျွန်တော်တဲပေါ်ပြန်တက်လှဲချလိုက်ပြန်၏။

"ဒိန်း"

ဟော..သေနတ်သံတစ်ချက် ကြားရချေပြီ။

ဝေးဝေးလံလံကတော့မဟုတ်။ တဲရှေ့ချောင်းတစ်ဖက်ကမ်းတောင်ကြောလေးပေါ်မှဖြစ်၏။

သူတို့ပြန်လာကြပြီထင်သည်။

တွတ်ပီစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေရာမှ လူးလဲထထိုင်လိုက်ပြီး ချောင်းတစ်ဖက် ထမ်း တောင်ကြောလေးပေါ် လှမ်းကြည့်လိုက်သည်။

အတန်ကြာတွင် ချုံနွယ်ပင်တို့ကိုတိုးဝှေ့၍ လင်းမြင့်လှိုင်တစ် ယောက်ထွက်လာ၏။

ငခွေးကိုတော့မြင့်မတွေ့။

ငခွေးမတွေ့ပေမင့် လင်းမြင့်လှိုင်လက်တွင်း တောကြောင်သေ တစ်ကောင်ဆွဲယူလာသည်ကိုမြင်လိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို လှမ်းပြုံးပြပြီး ချောင်းကိုဖြတ် လာချေတော့သည်။

"ငခွေးကော.."

သို့ ...ကျွန်တော်ကမေးလိုက်သည်တွင်လင်းမြင့်လှိုင်က ကျွန်တော့်ကိုအံ့သြတကြီးကြည့်လျက်-

"ဟင်..ကိုပိုက်နဲ့ရှိနေတာမဟုတ်ပေဘူးလား" ရယ်မေးလာ ချေတော့သည်။

သည်တွင် ကျွန်တော်က အိပ်ရာနိုးသည်တွင် နှစ်ယောက်လုံး ထိုတွေ့သဖြင့် တစ်ယောက်တည်း မျှော်နေမိတာဖြစ်ကြောင်း ပြောပြ လိုက်သည်။

"ကိုပိုက်..ညကအိပ်ရေးပျက်လို့ သည်[illegible]ားနားနေနေအိပ် ပါစေဆိုပြီး ကျွန်တော်တစ်ယောက်တည်းပဲ အ[illegible]ထွက်သွားခဲ့တာ ငခွေး ကိုတောင် ကိုပိုက်အတွက် အဖော်ထားခဲ့တာ"

"နို့..ငခွေး..ဘယ်သွားနေတာပါလိမ့်"

"ကဲပါလေ..သူလည်းတစ်ယောက်တည်း ကိုပိုက်အိပ်နေတာ ထိုစောင့်ရင်းအတော်နဲ့မနိုးသေးတာနဲ့ငါးရှာ ဖားရှာထွက်သွားလေသလား ဆို..ကဲ..အချိန်တန်တော့လဲ ငခွေးပြန်ရောက်လာမှာပါ"

သို့နှယ်ပြောလျက် လင်းမြင့်လှိုင်သည် ကြောင်သေကို



www.burmeseclassic.com

www.burmeseclassic.com



ဝါးကြမ်း ခင်းပေါ်ပစ်ချလိုက်ပြီး ပင်ပန်းလာသည့်ကြောင့်ထင် ဝါးကြမ်းခင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

ကျွန်တော်သည် လင်းမြင့်လှိုင်ပစ်ချလိုက်သော ကြောင်သေကို ကောက်၍ အမွေးမီးမြိုက်ပြီး အသားဖျက်တဲ့စိုထိုးရန် ဝါးတဲပေါ်မှ ဆင်းလိုက်၏။

"ကိုပိုက်ထားလိုက်ပါ..ခွေးပြန်လာလျှင် လုပ်ပါလိမ့်မယ်"

လင်းမြင့်လှိုင်ပြောသလို ခွေးပြန်လာလေမှ လုပ်နိုင်းလေ လို့ကတော့ စားရတော့မည်မဟုတ်။

ကျွန်တော်ကြောင်သားဖျက် မီးကင်ပြီးသည့်တိုင် ခွေးပြန် ရောက်မလာသေးခြင်းမဟုတ် စားသောက်ပြီး ညနေစောင်းလုသည်တိုင် ပြန်ရောက်လာခြင်းမရှိသည်တွင် စိတ်ပူကြရတော့သည်။

"နို့ဖြင့်..တနေကုန် ပျောက်နေတာတင်မဟုတ် သည်တစ်ည လုံးပြန်ရောက်မလာလျှင် မဖြစ်ချေဘူး အချိန်ရှိတုန်း ဟိုနားဒီနားလိုက်ရှာ ကြည့်လေမှထင်တယ်"

သို့ ကျွန်တော်ကပြောလိုက်သည်ကို လင်းမြင့်လှိုင်က-

"အေးဗျ..မပြောမဆို သူ့ဝါးခုတ်တဲ ပြန်သွားတာတော့ မဖြစ် နိုင်ဘူး..လာဗျာ" ဆိုလျက် သေနတ်ကိုကောက်ကိုင် တဲပေါ်မှဆင်းကာ ချောင်းဘက်ထွက်[illegible]လာသဖြင့် ကျွန်တော်သည်လည်း သူ့နောက်ကပ် လိုက်သွားတော့၏။

ချောင်းသို့ရောက်သည်တွင် အထက်အောက်ကြည့်လိုက်ပြီး နောက်နှစ်ဦးသဘောတူ ချောင်းအထက်ပိုင်းသို့တက်ခဲ့ကြ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ချောင်းအထက်နံနဲဆန်တက် လာခဲ့ကြပြီး ချောင်းကမ်းပါးတွင် ကျွန်းပင်တို့ ကျိုးတိုးကျဲပေါက်နေသည့် ဝါးတောအတွင်း ဝင်ခဲ့ကြတော့၏။

ဘယ်တွက်မှ လူတစ်ယောက်ဖြတ်သွားသည့်ခြေရာပ်ခုမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့်ဖြစ်၏။

"ငွေးတော့ မဖြစ်နိုင်ဘူးဗျ"

လင်းမြင့်လှိုင်က သို့နှယ်ပြောရင်း ဝါးတောအတွင်း တိရစ္ဆာန်သွားလမ်းလေးအတိုင်း တိုးဝင်သွားတော့၏။

ကျွန်တော်သည် လင်းမြင့်လှိုင်နောက်သာလိုက်ခဲ့ရသည် ဘေးဝဲယာတစ်ဘက်တစ်ချက်နှင့် လာလမ်းနောက်ဘက်သို့လည်း ပြန်ကြည့်ရပြန်၏

ထိုလူက ချောင်းမြောင်းဒုက္ခပေးလာနိုင်၏ဟု တွက်လိုက်မိ၍ဖြစ်သည်။

လင်းမြင့်လှိုင်ကတော့ ထိုသူ၏အရိပ်အယောင်မြင်လေသည် မမြင်လေသည်မသိ ရှေ့သို့သာ ဂရုထားကြည့်ရင်း ခပ်သွက်သွက်သွားနေတော့၏။

"ကိုလင်း ..အရိပ်အယောင်တွေ့လား"

"မတွေ့တော့ မတွေ့ဘူးဗျ..နို့ပေမင့် ကျွန်တော့်စိတ်ထဲမှာ ရှေ့လှမ်းလှမ်းကနေ တောတိုးသွားနေသံကြားသလိုပဲ"

"နို့ဖြင့်လည်း..ပြေးလိုက်ကြမယ်ဗျာ"

သို့ဖြင့် နှစ်ယောက်သား လမ်းမြောင်လေးအတိုင်း ပြေးလိုက်ကြ တော့၏။

"ဟင်"

ရှေ့လူကို အမီလိုက်လိုဖောဖြင့်သာ ပြေးခဲ့ကြ၏။ အတော်လှမ်းလှမ်းရောက်ခဲ့ပြား အမောသာအဖတ်တင်ခဲ့၏။ မှောင်စလည်းပျိုးနေပြီဖြစ်သည်ကြောင့် -

"စခန်းပြန်ကြစို့ဗျာ" ဆိုလျက် လှည့်ပြန်ခဲ့ကြတော့၏။

"ဟာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စခန်းတဲရှေ့ချောင်းစပ်သို့ ပြန်ရောက်သည်တွင် ထင်းမီးပုံရှေ့တွင် ကိုလူပုထိုင်နေသည်ကို တွေ့လိုက်ကြ၏။

ဝါးတဲပေါ်တွင် ခွေခွေလေးအိပ်နေသော လူတစ်ယောက်ရှိနေ၏။ ဘယ်သူရယ်တော့မသိ။

"ဟိတ်လူ မပြေးနဲ့ .. မပြေးနဲ့"

ထင်းမီးပုံနားထိုင်နေသည့် ကိုလူပုသည် ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို လှမ်းတွေ့လိုက်သည်နှင့် စခန်းတဲနောက်ဘက်တောအတွင်း ပြေးဝင်သွားလေတော့၏။

ကိုလူပုသည် မြန်လိုက်သည်ဖြစ်ခြင်း။

"ဟာ..ဒီမှာငခွေးဗျ"

တဲပေါ်တွင် ငခွေးတစ်ယောက် ခွေခွေလေးအိပ်နေခြင်းမဟုတ်။ သတိလစ်မေ့မျောနေခြင်းဖြစ်တော့သည်။

ဘယ်လိုဖြစ်ရတာပါလိမ့်။

သို့ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သတိမေ့မျောနေသော ငခွေးကိုသတိပြန်လည်လာအောင် လုပ်ပေးကြရတော့၏။

အတန်ကြာတွင် ငခွေးသတိပြန်ရလာတော့၏။

"တော်ပါသေးရဲ့"

ငခွေးတစ်ယောက် သတိပြန်လည်လာသည်နှင့် မျက်လုံးဖွင့်လာ၏။ ကျွန်တော်နှင့်လင်းမြင့်လှိုင်ကိုမြင်လိုက်သည်တွင် လူးလဲထထိုင်လိုက်ရင်း ဘေးဘီတပိုက် စေ့ငိုက်ကြည့်လေပြီး "ဟိုလူကော" ဟုမေးလာလေတော့၏။

"ဘယ်သူ့ကိုပြောတာလဲ"

ကျွန်တော်ကမေးလိုက်သည်။

"ကိုလူပု" ရယ်လို့ပြောလာ၏။

သို့ကြောင့် ကျွန်တော်တို့ကိုမြင်သည်နှင့် ပြေးသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောလိုက်ပြီး "နို့..မင်းဘယ်ကဘယ်လို ဒီပြန်ရောက်လာရတာလဲ..တစ်နေ့လုံးဘယ်ပျောက်ပြီး ဘာတွေဖြစ်ခဲ့တာလဲ" ဟုမေးလိုက်လေသည်။

သည်တွင်...

ခွေးတစ်ယောက် ထင်းမီးပုံနားတွင်ထိုင်လျက် စခန်းတဲပေါ် လှမ်းကြည့်လိုက်၏။

"အင်း..ဆရာလေး ညကအတော်အိပ်ရေးပျက်ရှာတယ်ထင်ပါရဲ့..ခုထိမထသေးဘူး"

သို့နှယ်တီးတိုးပြောလိုက်ပြီး ထိုင်ရာမှထ၍ ချောင်းဘက်ထွက်ခဲ့တော့၏။ ရေခပ်ရန်အလို့ငှာဖြစ်ချေ၏။

ချောင်းတွင်ရေခပ်နေစဉ် သူတို့စခန်းတဲရှိရာဘက်ကမ်း ချောင်းအောက်ဘက်လောက်မှ လူတစ်ယောက်ကို ရိပ်ခနဲတွေ့လိုက်သည်ကြောင့် ခွေးသည်ထိုသူ့နောက်ပြေးလိုက်သွားတော့၏။

ဘယ့်တွက်မူ ထိုသူသည် လူပုကြီးဖြစ်နေသောကြောင့်ပင်။

သို့ဖြင့် ခွေးတစ်ယောက် ကိုလူပုနောက်လိုက်ရင်း မျက်ခြေပြတ်သွားတော့၏။

"ဟာ..ဒုက္ခပါပဲ"

တွေ့လိုက်စေနှင့်သာ အလောတကြီးလိုက်ခဲ့ခြင်းဖြစ်၏။ ဘယ်လမ်းကနေ ဘယ်လိုလျှောက်လာခဲ့မှန်းမသိ။ ယခု..သူစခန်းပြန်လမ်း ခှေတ်မိချေတော့ပြီ။

သို့ကြောင့် ခွေးသည် ဖြစ်နိုင်ချေရှိသော လမ်းတို့ကိုတိုးဝင်လျှောက်ခဲ့ရာမှ ဝါးတဲတစ်လုံးသို့ရောက်လာခဲ့တော့၏။

ထိုဝါးတဲတွင် ခေတ္တဝင်ထိုင်လိုက်၏။

ဝါးတဲရှင်ကိုတော့မတွေ့..လူနေထိုင်ပုံတော့ရ၏။ ဘယ့်တွက်မူ ဝါးတဲပေါ်တွင် အိပ်ယာလိပ်တစ်ခုနှင့် ငှက်ပျောတစ်နိုင်တွေ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။

ငှက်ပျောခိုင်တွေ့လေမှ သူဆာလောင်နေပြီကို သတိရတော့၏။

သို့ကြောင့် တဲရှင်ပြန်ရောက်လာလေမှ တောင်းပန်ပြောပြတော့မည်။ လတ်တလောဆာလောင်မှုကို ဖြေရှင်းလိုက်တော့မည်ဟု တွက်လျက် ငှက်ပျောသီးခိုင်မှ အမှည့်နှစ်လုံးကို ဖြုတ်ယူစားလိုက်လေတော့သည်။

"တစ်လုတ်စားဖူး သူ့ကျေးဇူး ..ဆိုတဲ့စကားရှိတယ်နော်"

ခွေးသည် ငှက်ပျော်သီးကို အငမ်းမရစားနေစဉ် သို့အသံကြားလိုက်သည်ကြောင့် ကပျာကသီလှည့်ကြည့်လိုက်တော့သည်။

လူပုကြီးပါကလား။

စောပိုင်းက သူနောက်ပြေးလိုက်ခဲ့တုန်းကမတွေ့ ခုတော့ ဒီမယ်လာတွေ့နေပါကောလား။

"ခင်ဗျား ..ဒီမယ်နေတာလား"

ခွေးက လူပုကြီးကိုမေးလိုက်၏။

"သိတ်ဟုတ်တာပေါ့ကွာ...နို့ပေမင့် အတည်တကျတော့ မဟုတ်ဘူးကွနော်..လိုအပ်တဲ့အချိန်ကလေးမှာ လာစတည်းချနေတာ ဘယ်လိုဖြစ်ဖြစ် တစ်ရက်ပဲနေနေ..တစ်လပဲနေနေ..တစ်သက်ပဲနေနေ ငါ့တဲပေါ့ကွာ"

"နို့ဆိုလျှင်ဖြင့် ငှက်ပျောသီးကို ပိုင်ရှင်မသိလော့ဘဲ ခွင့်မပြုလော့ဘဲ ယူစားမိတဲ့အတွက် ခွင့်လွှတ်ပါလို့ပြောချင်ပါတယ် ကျွန်တော် ဆာလွန်းလို့ ယူစားမိတာပါ..မစားခင်ကတည်းကလည်း ပိုင်ရှင်လာလျှင် တောင်းပန်မယ်လို့ တွက်ထားပြီးသားပါ"

"ဟား..ဟား..ဟား..ဟား"

သို့ ခွေးပြောလေခြင်းကို ဘာသဘောကျသွားလေသည်မသိ



www.burmeseclassic.com

www.burmeseclassic.com



လူပုကြီးက သို့နှယ်ရယ်မောလိုက်ပြီး…

"ဟုတ်ပါပြီ‥ဟုတ်ပါပြီ အဲဒါထား‥ခုမင်းဆာသေးလား"

"မဆာတော့ဘူးပေါ့ဗျာ"

"ဟုတ်ပြီ‥မင်းသိတ်ဆာလောင်နေတဲ့အချိန် အစားစားလိုက်ရတယ်‥ဒီတော့အဆာပြေသွားတယ်‥မင်းကိုဘယ်သူကအစာကျွေးတာလဲ"

လူပုကြီးပြောလိုခြင်းကို သူသိလိုက်သည်ကြောင့် ခွေးသည်ငြိမ်းနေလျက်-

"ကိုလူပုရဲ့ ငှက်ပျောသီးယူစားမိတယ်ဆိုတော့ ကိုလူပုကျွေးတာပေါ့"

"ဟုတ်ပြီ‥မင်းငါ့ကို ကျေးဇူးမတင်ပေဘူးလား"

"ကျေးဇူးသပ်တင်တာပေါ့ဗျာ"

"နို့ဖြင့်‥မင်းငါ့ကျေးဇူးကို ဆပ်ရတော့မယ်"

"ဗျာ"

"ကျေးဇူးဆပ်ရမယ်ဆိုတာနဲ့ ထိတ်လန့်တကြား ဖြစ်သွားရသလားကွာ"

"ဟာ‥အဲလိုမဟုတ်ပါဘူး‥အဲလိုသဘောမဟုတ်ပါဘူး ပြောပါ ကျွန်တော်ဘယ်လိုကျေးဇူးပြန်ဆပ်ရမလဲ"

သို့ပြောလိုက်လေမှ လူပုကြီးသည် "ဟင်း‥ဟင်း‥ဟင်း‥ဟင်း" ရယ်လို့ မြွင်းမြွင်းရယ်လိုက်ပြီး-

"ငါနဲ့ဒီကနေ့ အဖော်လုပ်ပေးရမယ်"

"ဗျာ"

သည်တစ်ခါ သူလုံးဝအံ့သြသွားရတော့၏။

အဖော်လုပ်ပေးရမယ်ဆိုပါကလား ဘယ်သွားပြီ ဘာလုပ်မှာလဲ သူ့အဖော်လိုက်လုပ်ပေးရမှာပါလိမ့် သို့ကြောင့်-



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ခင်ဗျားနဲ့ဘယ်လိုက်ခဲ့ရမလဲ..ဘာလုပ်ပေးရမလဲ..ပြောဗျာ.." ဟုပြောလိုက်သည်တွင် လူပုကြီး၏ မျက်နှာသည် ရှုတည်တည်ကြီးဖြစ်သွားကာ-

"ဘယ်မှလိုက်ခဲ့ဖို့ လိုက်လုပ်ဖို့မဟုတ်ဘူး ဒီမှာပဲအဖော်အဖြစ် ထိုင်စကားပြောပေးရမှာ"

"ဗျာ"

ထဝ်၍အံ့ဩကြရပြန်၏။ ဘယ်လိုလူပုကြီးပါလိမ့်။

"ဘာလဲမင်းအံ့ဩသွားလား ..ငါကတစ်ယောက်တည်းသမားဆိုတော့တခါတလေကျတော့လဲစကားပြောဖော်တောင့်တမိတာပေါ့ကွာ"

သို့ဆိုလာပြန်တော့ ခွေးနားလည်သွားသည်။ သို့ပေမင့်..

"ကျွန်တော့်တဲမှာ ဆရာသမားတစ်ယောက်အိပ်ကျန်ခဲ့တယ်၊ အဲဒါအဖော်စောင့်ပေးနေရတာ၊ ခု..ကျွန်တော်ထွက်လာတော့ အိပ်နေတုန်းပဲ"

"အို..ခုလောက်ဆို..အိပ်ယာနိုးရောပေါ့..ဘာလဲမင်းက ငါ့ကျေးဇူးကို မစပ်ချင်ဘူးလား"

"အဲလိုမဟုတ်ပါဘူး..ကျွန်တော့်ကိုပြန်လွှတ်လည်း စခန်းကို အတော်နဲ့ပြန်ရောက်မှာ မဟုတ်ပါဘူး၊ လမ်းမှားနေတယ်ထင်ပါရဲ့"

သို့ခွေးကပြောလိုက်သည်တွင် ကိုလူပုသည် ပြုံး၍ကြည့်လာပြီး-

"ဒီအတွက် မင်းဘာမှမပူနဲ့ ..ငါနဲ့အဖော်လုပ်ပြီးသာနေလိုက် ပြီးလျှင် မင်းစခန်းပြန်တဲ့လမ်း ငါပြလိုက်မယ်" ဟုပြောလာသဖြင့် ခွေး ဝမ်းမြောက်ဝမ်းသာဖြစ်သွားတော့၏။

သည်လိုဆိုတော့လဲ အဆင်ပြေသွားပြီပေါ့ ..သူပြောသလို ခုချိန်လောက်ဆိုလျှင်ဖြင့်လည်း စခန်းတွင်အိပ်ကျန်ရစ်ခဲ့သည့် ဆရာတစ်ယောက်နိုးလောက်ချေပြီ သို့တွက်လိုက်ကာ ကိုလူပုနှင့်စကားစမြည်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေလိုက်တော့၏။

ဘာကြောင့်ရယ်မသိ၊ သူနှင့်စကားပြောနေစဉ်တစ်လျှောက် ချက်လုံးချင်းဆိုင်မိလေတိုင်း အားငယ်စိတ်၊ ကြောက်ရွံ့စိတ်၊ သိမ်ငယ်စိတ် တို့ဝင်လာရ၏။ သို့ကြောင့်..အကြည့်ချင်းမဆုံမိအောင်လည်း သတိထား နေရ၏။ သို့ကြောင့်..ကိုလူပုအကြောင်းကိုလည်း မမေးမိ၊ ရသေ့ အကြောင်းကိုလည်း စကားမဟမိ၊ သူနှင့်ဆုံခဲ့သည့် မုဆိုးနှစ်ယောက် အကြောင်းကိုလည်း မတီးခေါက်မိပါချေ။ သူပြောသည်များ သူမေးသည့် အားကိုသာ ဒိုင်ခံပြောရ၊ ဖြေရသည်ကများပေ၏။

အချိန်ကြာကြာတွင်..''ကဲ..ငါကချည်း အပြောများနေတော့ ခင်ဦးငွေ့ရှောမယ် ပြန်တော့လေ..''ဟုပြောလာလေမှ သတိထားမိ၏။ ညနေပင်စောင်းချေပြီပဲ။

''နို့ဖြင့်..ကျွန်တော်စခန်းပြန်လမ်းကို ပြောပါဦး''

သို့အရဲစွန့်ပြောလိုက်သည်တွင် ''အေးလေ..ငါမင်းကို စခန်း ပြန်လမ်းပြလိုက်မယ်..''ဆိုလျက် ထိုတဲလေးမှ ထွက်ခဲ့ကြတော့၏။ ဆန်းသည်မှာကိုလူပုသည် တဲတွင်စကားတွေ ဖောင်ဖွဲ့လောက်အောင် ပြောနေသော်လည်းလမ်းတစ်လျှောက်တွင်မတော့ တခွန်းတစ်လေ ပြော ဆိုခြင်းသည် အံ့ဖွယ်ကောင်းသေးတော့၏။

သို့ကြောင့် ငွေ့သည်လည်း သူ့နောက်မှသာ ကပ်လိုက်ပါခဲ့ တော့၏။

. သည်သို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းအင်ကြင်းပင်ပိုးတောလေးတစ် နားအရောက်တွင်-

''ကဲ..မင်းအဲဒီ ဆင်လမ်းအတိုင်းသွား ရှေ့လှမ်းလှမ်းမယ် ဆင်လမ်းကိုသွေဖယ်ပြီး ချောင်းထဲဆင်းတဲ့လမ်းမြောင်လေးအတိုင်းသာ သွားပေရှော့ ချောင်းထဲကို တန်းရောက်သွားလိမ့်မယ်..အဲဒီချောင်း ဆုံးလျှင် မင်းစခန်းနားရောက်ပြီပဲ''



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ပြောလျက် ကိုလူပုသည် ရှေ့ရှိအင်ကြင်းတောကို သား
ကောင်တစ်ကောင်ရှာနေသည့် မုဆိုးနှယ် စူးစူးစိုက်စိုက်ငေးစိုက်ကြည့်နေ
ချေတော့၏။

“ကျေးရူးတင်တယ်..သွားမယ်” ဆိုလျက် ငခွေးသည်
သူ့အပါး မှခပ်သွက်သွက်ထွက်ခဲ့တော့၏။

သို့ငခွေး အင်ကြင်းတောလေးအတွင်း ဖြတ်ခဲ့ရာတွင် ဘာ
ကြောင့်ရယ်မသိ သူ့နောက်တွင် တစုံတစ်ဦးချောင်းမြောင်းလိုက်ပါ
နေသည်ဟုထင်လိုက်မိ၏။ မသိစိတ်ကနိုးဆော်လေသည်လားမသိ။

ချောင်းထဲမြန်မြန်ရောက်ပါမှ ဟုတွေးလျက် အင်ကြင်းတောကို
ဖြတ်ရင်း သတိမပြတ်ထားနေသည်ကြားမှ သူ၏နောက်စေ့ကို မာကျော
သောအရာတခု နှင့် ထုရိုက်ခြင်းခံလိုက်ရသည်ကြောင့် ရှေ့သို့
မှောက်လျက် လဲသွားရတော့၏။

ဘယ်သူများသူ့ကို လုပ်လိုက်တာပါလိမ့်။

အတော်နှင့်မှောက်လျက်အနေအထားမှ ပက်လက်အနေ
အထားသို့မလှည့်နိုင်-

သူ့အသိ..သိလိုက်သည်ကား အော်ဟစ်ပြောဆိုလိုက်သော
အသံတစ်သံပြီးတော့ တောတိုးပြေးလွှားသွားသံ...

ဘာတွေဖြစ်နေပါလိမ့်...

အားတင်းကာ မှောက်လျက်အနေအထားမှ ပက်လက်လှန်
လိုက်သည်။

“ဟင်”

သူခေါင်းမူးနောက်နေတော့၏။ ဘယ်လိုမှ မဟန်နိုင်
သည့်ကြားမှ သူပိုးတဝါးမြင်လိုက်သည်မှာ လူပုကြီးဖြစ်နေတော့၏။

ဘာလို့များ သူ့ကိုသို့လုပ်ရပါလိမ့်။

သို့သော် ငခွေးတွေးလိုက်နိုင်ပြီး သူ့အမြင်တွင် အမှောင်ဖုံးလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။ ဘာမျှမမြင်ဘာမျှမသိ။ ဘာမျှမကြားတော့ပြီ။ သို့ ခွေး ပြောလေသည်ကို ကြားလိုက်ကြသည်တွင်-

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ကိုလူပုက ဘယ်လိုလူလဲ..ဘာသဘောလဲ..မှုဆိုးကျော်ခ ထလည်း သူ့မြင်လျှင် အသေအလဲကြောက်နေတတ်တယ် ခုလည်း ခွေး ကိုဒုက္ခပေးသွားပြန်ပြီ"

ကျွန်တော်ကပြောလိုက်၏။

"ဒီလူစိတ်မှ နှံ့ရဲ့လားမသိဘူး"

သို့လင်းမြင့်လှိုင်ကလည်း ပြောလာ၏။

"ကဲ..ကိုလင်းရေ..အိပ်ကြစို့ဗျာ..မနက်ကျ စောစောပြန် ကြတာပေါ့ဗျာ..စခန်းတစ်နေရာပြောင်းကြလျှင်ဖြင့် ကောင်းမယ်ထင် တယ်"

"အေးဗျာ..ဒီမယ်နေရတာ ဘာတွေမှန်းလဲမသိဘူး"

သည့်နောက် ကျွန်တော်တို့ အိပ်ယာဝင်ခဲ့ကြတော့၏။

ကျွန်တော်သည်အတော်နှင့် အိပ်မပျော်။

ကိုလူပုအကြောင်းကိုသာ တွေးနေမိ၏။ ပြီးတော့..သံဒင်းရွာ သား မုဆိုးကျော်ခ။

ဘာတွေလဲ..ဘယ်လိုတွေလဲ..

သို့နှယ်တွေးရင်း အိပ်ပျော်သွားတော့၏။

"ကိုပိုက်..ကိုပိုက်"

လူကို လှုပ်နှိုးလာသည်ကြောင့် အိပ်ရာမှနိုးလာရတော့၏။ နိုးစင်စင်လင်းချေပြီပဲ။

ကျွန်တော်သည် လူးလဲထလိုက်ပြီး ဝါးကျည်တောက်အတွင်း ခွေးခပ်ထည့်ထားသည့် ရေဖြင့်မျက်နှာသစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝုတ်ပိုးကို ရေဆွတ်တဖျန်းဖျန်းရိုက်လိုက်၏။

အမြင်ကြည်သွားတော့၏။ လန်းဆန်းသွားတော့၏။

"ပြန်ကြမယ်လား"

ဝါးတဲပေါ်တွင် နံနက်အဆာပြေစားရန် စောင့်နေကြသည့် လင်းမြင့်လှိုင်နှင့်ငွေးတို့နှစ်ယောက်ကြား ဝင်ထိုင်လိုက်ကာပြောလိုက်၏။

"ရှော့..ကိုပိုက်..ရှိတာလေး စားလိုက်ကြတာပေါ့"ရယ်လို့ လင်းမြင့်လှိုင်က ပြောလျက်လက်ကျန် ကို့(ချေ)သားမီးကင်ကို လှမ်းပေး ရင်း-

"ကျွန်တော်တို့ မပြန်သေးဗျ..ဟိုလူပုကြီးတဲကို သွားကြည့်ချင် သေးတယ်" ရယ်လို့ ပြောလာသဖြင့် ကျွန်တော်ဖုံ့ညြသွားမိ၏။

"ဘယ်လိုဖြစ်သွားရပြန်တာတုန်း"

သည်တွင် လင်းမြင့်လှိုင်က နှုတ်ခမ်းသားခြင်း ဖိကပ်လိုက်ကာ သန့်လိုက်ပြီး-

"ငွေးက..အဲဒီကိုလူပုတဲကို မှတ်မိတယ်ဆိုလို့ပါ"

သို့ပြောလာသဖြင့် ကျွန်တော်သဘောပေါက်သွားချေပြီဖြစ် သည်။

"ကောင်းသားပဲ..ကိုလူပုကိုတွေ့လျှင်ဖြင့် ထူးခြားမှုတော ရှိနိုင်သဗျ"

သည့်နောက် ကျွန်တော်တို့သည် ငွေး၏ဦးဆောင်မှုဖြင့် ကိုလူပုတဲရှိရာသို့ ထွက်ခဲ့ကြတော့သည်။

သို့ ထွက်ခဲ့ကြ၍စခန်းနှင့် မဝေးလှသော နေရာအရောက်တွင် 'ဖွတ်ကျား'တစ်ကောင်ကို ပစ်ခတ်ရလိုက်ကြ၏။

သည်တွင် ကျွန်တော်တို့သည် ထိုနေရာလေးတွင်ပင် အသား ဖျက် တံစို့ထိုး မီးကင်စားလိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တမနက်ခရီးစာအတွက်တော့ဖြင့် လုံလောက်ပြီ" ဟုပြောလျက် လင်းမြင့်လှိုင်က ဖွတ်သားမီးကင်စားပြီးသည်နှင့် နေရာမှထရင်းပြောလိုက်လေသဖြင့် ငခွေးသည် ရှေ့မှလမ်းပြဦးဆောင်သွားလေတော့သည်။

သို့..လျှောက်ခဲ့ကြရာမှ ချောင်းကမ်းနံဘေးတွင် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည့် လမ်းမြောင်လေးအတွင်း တိုးဝင်ခဲ့ကြရမြဲ၏။ချုံနွယ်များထူထပ်စွာ ပေါက်ရောက်ဖုံးလွှမ်းနေခြင်းကြောင့် လမ်းမြောင်လေးရှိခြင်းကို ကျွန်ုပ်တော်နှင့်လင်းမြင့်လှိုင်ချည်းသာလာခဲ့လျှင် အတော် နှင့်ရှာတွေ့နိုင်လိမ့်မည်မဟုတ်။

ထိုလမ်းကို ငခွေးကောင်းကောင်းမှတ်မိနေခြင်းကြောင့် တော်သေး၏။

"ဟင်"

ထိုလမ်းမြောင်လေးအဆုံးတွင် အင်ကြင်းဝင်ဖို့တောလေးကို တွေ့လိုက်တော့သည်။

"နို့ဆိုလျှင်ဖြင့်..မမှားနိုင်တော့ဘူးဗျ"

သို့ဆိုလျက် ငခွေးသည်သွက်လက်သော ခြေလှမ်းတို့ဖြင့် ဆင်လမ်းဟောင်းလေးအတိုင်း ဦးဆောင်သွားနေချေတော့သည်။

ကျွန်ုပ်တော်တို့သည် အင်ကြင်းဖို့တောလေးကို လွန်ခဲ့ပြီး ဆူးနွယ်ပင်တို့ခြောက်များစွာပေါက်နေသည့် တောတိုလေးကို တိုးဝှေ့ခဲ့ကြပြီး ယုန်းတောလေးကို ဖြတ်ခဲ့ပြီးနောက် ငခွေးနှင့် လူပုကြီးတို့ စကားစမြည်ပြောခဲ့သော တဲလေးသို့ စိုက်စိုက်မြိုက်မြိုက်ရောက်ခဲ့ကြတော့သည်။

တဲတွင်မည်သူမျှ ရှိမနေပါချေ။

ကိုလူပုတစ်ယောက်ဘယ်ထွက်သွားလေသည်မသိ။

ကျွန်ုပ်တော်သည် တဲအနေအထားကို လေ့လာအကဲခတ်လိုက်ရာ တဲထောင့်တွင် ဝင်းမှည့်နေသည့် ငှက်ပျောတစ်ဖီးကိုသာတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြားအသုံးအဆောင်ရယ်လို့ ဝါးပုလိုင်းလေးတစ်လုံးနှင့် ရေထည့်ထား သည့် ဝါးဆစ်ဘူးတစ်ခုကိုသာတွေ့၏။

"ကိုလူပု ပြန်လာနိုင်ပါ့မလား"

လင်းမြင့်လှိုင်ကတဲကြမ်းခင်းပေါ် တက်ထိုင်လိုက်ရင်းပြော၏။

"အစာရှိတယ်··ရေရှိတယ်··ဆိုတော့ကာ ပြန်လာမှာတော့ သေချာတယ်ဗျ··ဘယ်အချိန်ပြန်လာမှန်းတော့ မသိနိုင်ဘူး"

သို့ ကျွန်တော်က တွက်ဆပြောလိုက်သည်။

"ဘယ်လိုလဲ··ဒီကလဲထိုင်စောင့်နေမလား"

ငခွေးကပြောလာသဖြင့်··လင်းမြင့်လှိုင်သည် သွားတက်လေး ပေါ်အောင်ရယ်လိုက်ပြီး ··

"ဟင်း··ဟင်း··ဟင်း··ကျွန်တော်တို့ရှိမှန်းသိလျှင်ဖြင့် ဘယ်လာပါတော့မလဲဗျာ"

"နို့ဖြင့် ဘယ်လိုဆက်လုပ်ကြမလဲ"

"ကျွန်တော်တို့အချိန်ရှိသေးတာပဲ ··ရှာပဲပြန်ကြမယ်လာဗျာ"

သို့ပြောလျက် လင်းမြင့်လှိုင်သည် တဲပေါ်မှ ဆင်းလိုက်ပြီး သွက်လက်သောခြေလှမ်းတို့ဖြင့် လာလမ်းအတိုင်းလျှောက်သွားလေတော့ သဖြင့် ကျွန်တော်နှင့်ငခွေးသည် နောက်မှအမီလိုက်သွားကြရတော့သည်။

"ခဏတဖြုတ်တောင် မနားတော့ဘူးလားဗျာ"

အပြန်လမ်းအတော်ခရီးပေါက်လုတွင် ကျွန်တော်ကပြောလိုက် ရတော့၏။ ဆာလာပြန်ချေပြီကိုး။

"ခဏသည်းခံလိုက်ဦး··ကိုပိုက် ရှေ့ကျနားတာပေါ့"

ရှေ့မှသွားနေသော လင်းမြင့်လှိုင်ကသို့ မတိုးမကျယ်ပြေ သာပြောလာပြီး နောက်သို့လှည့်မကြည့်ဘဲ သွားနေပြန်သဖြင့် ကျွန်တေ နှင့်ငခွေးသည်လည်း ဆာလောင်၊ မောပမ်းနေပမင့် မနားနိုင်ကြတော့ လင်းမြင့်လှိုင်နောက်သာ အမီလိုက်နေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်ဘယ်လိုဖြစ်သွားတာပါလိမ့်။

ယခင်ကဆိုလျှင် စခန်းမှထွက်၍ ခြေလှမ်း ၅၀မပြည့်လောက် သေးသည့်ခရီးရောက်ပေမင့် 'နားမယ်ဗျာ' ဆိုရုံမျှဖြင့် သူကထိုင်လိုက်ပြီး ဖြစ်တော့၏။ ယခုကျွန်တော်တို့ ကိုလူပုစခန်းတဲမှ စ၍လျှောက်ခဲ့သောခရီး အား မနီးလှချေပြီ။ နားမည်ဆိုလျှင် နားသင့်ကြပေပြီ။ ဘယ့်တွက် သို့ ဖြစ်လာရပါလိမ့်။

အင်းလေ..သူ့ဘာစိတ်ကူးပေါက်၍ ရွာကိုကနေ့ အရောက် ခြိန်လိုနေပါလိမ့်။

ကျွန်တော်နှင့်ငခွေးသည် သူ့နောက်မှ အားတင်းအမီလျှောက် လိုက်ခဲ့ကြခြင်းဖြစ်၏။ မျက်ခြေမပြတ်သွားခြင်းဖြစ်၏။

သို့သူ၏လမ်းလျှောက်နှုန်းသည် ကျွန်တော်တို့နှင့် လူချင်းကွဲ လောက်နိုင်၏။

ထိုသည် သူ့နောက်အားတင်းလိုက်ခဲ့ကြား ဝါးသုန်းတောအကုန် တွင် မျက်ခြေပြတ်သွားတော့၏။

ဟာ..ကိုလင်း ဘယ်ရောက်သွားပါလိမ့် ရှေ့သွားလမ်းကို ချမ်းကြည့်လေလည်း သူ့ကိုအရိပ်အယောင်ပင်မတွေ့ပါချေ။ သို့ကြောင့်-

"ဒို့ လမ်းများလွဲလာချေပြီလား"

ငခွေးကိုမေးလိုက်၏။

"မမှားပါဘူး ..ဒီလမ်းပဲ"

ငခွေးက ပတ်ဝန်းကျင်နှင့်သွားလမ်း အနေအထားကို ကြည့်ပြီး ဘည်ငြိမ်သောအသံဖြင့် ပြောလာ၏။

"ဒီနီး"

ကျွန်တော်တို့ရှေ့ လမ်းကြောလေး၏ညာဘက် ချုံနွယ်ပင်တို့ လောက်ဆီမှ သေနတ်သံတစ်ချက်ထွက်လာ၏။

လင်းမြင့်လှိုင်လေလား။ ထိုချုံနွယ်ပင်တို့နောက်ဘက်တွင် သား



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ၍ သွားရောက်ပစ်ခြင်း ဖြစ်ချိမ့်မည်။

သို့ကြောင့် ကျွန်ုပ်တော်နှင့်ငွေးသည် ထိုနေရာလေးသို့ ရပ်လျက် လှည့်ကြည့်နေလိုက်ကြ၏။

တွက်ထားလေသည့်အတိုင်း ထိုချုံနွယ်ပင်တို့နောက်ကွယ်မှ လင်းမြင့်လှိုင်ထွက်လာ၏။

ကျွန်ုပ်တော်တို့ကို လှမ်းကြည့်ပြုံးပြနေ၏။

သူ့ပုခုံးထက်တွင် ဂျီ(ချေ)သေတစ်ကောင်ကို ထမ်းပိုးလာ၏။ အလိုက်သိတတ်သော ငွေးက ကျွန်ုပ်တော့်အပါးမှနေ၍ လင်းမြင့်လှိုင်ထံ ပြေးလွှားသွားတော့သည်။

ကျွန်ုပ်တော်ကသူတို့ဆုံကြပြီး ပြန်အလာကို စောင့်နေပေမင့် လင်းမြင့်လှိုင်က လက်ယက်လှမ်းခေါ်သဖြင့် သူတို့လျှောက်လာသည့် လမ်းကြောအတိုင်း မျက်နှာချင်းဆိုင်လျှောက်သွားလိုက်သည်။

ကျွန်ုပ်တော်နှင့်ဆုံရန် ကိုက် ၅၀ခန့်အကွာတွင် လင်းမြင့်လှိုင် သည် ရပ်လိုက်ပြီးနံဘေးရှိ သစ်ဆိမ့်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်ချ လိုက်တော့သဖြင့် ကျွန်ုပ်တော်သည် သူရှိရာသို့ ဆက်သွားလိုက်တော့၏။

"ဒီမယ်နားကြမယ်··သားကောင်လဲရပြီ"

"အေးဗျာ··ကျွန်ုပ်တော်အတော်ကြီးကို ပင်ပန်းနေပြီ··နားချင် နေတာကြာပြီ"

သို့ပြောလျက် ကျွန်ုပ်တော်သည် လင်းမြင့်လှိုင်နံဘေးတွင် ခြေပစ် လက်ပစ်ထိုင်ချလိုက်ကာ···

"တခါမှ ကိုလင်း··ဒီလောက်လမ်းလျှောက်မပြင်းထန်ဘူး"

သို့ပြောလိုက်ကာ မျက်လုံးအစုံကိုမှိတ်၍ သစ်ပင်ကိုကျော လိုက်သည်။

အတန်ကြာတွင် မေးခနဲဖြစ်သွားတော့၏။ သည့်နောက်ပင်ပန်း နွမ်းနယ်လွန်း၍ထင့် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာကြာ အိပ်ပျော်သွားမိပြီး အသိတစ်ချက်ပြန်ဝင်လာသည်တွင် မျက်လုံးကိုဖွင့်ကြည့်လိုက်၏။

လင်းမြင့်လှိုင်နှင့်ခွေးနှစ်ယောက်သား ဂျို(ချေ)သား ချက်နေကြပါကလား သို့ကြောင့် ကျွန်တော်သည်လူးလဲထလိုက်ပြီး သွားရောက်ဝိုင်းကူလိုက်၏။

"ကျွန်တော်လဲ..ဝိုင်းကူမယ်"

သို့ ကျွန်တော်ကပြောရင်း သူတို့နားထိုင်လိုက်သည်တွင်-

"ရတယ်ကိုပိုက်..ဘာမှမလိုဘူး..ကျွန်တော်တို့ ဒီပေါင်တစ်ချောင်းတင်လိုအစ်တာ"

"ဗျာ..ဘာယ်လို"

လင်းမြင့်လှိုင်ဘာကို ဆိုလိုပါလိမ့်။ ဘယ်လိုကြောင့်ပါလိမ့် သူ ပစ်လာတဲ့ ဂျို(ချေ)ကောင်က ဘာဖြစ်နေလို့လဲ..အခါတိုင်းဆိုပါလျှင် ဂျို(ချေ)ကောင်ကိုရလျှင် အရေဆုတ်အူ၊ ကလီစာတို့နှုတ် ကောင်လုံးလိုက် တံစို့ထိုး မီးကင် သို့မှမဟုတ် အသားတစ်တုံးတို့ ခုတ်ထစ်ပိုင်းဖြတ်မီးကင်ခြင်းသာဖြစ်၏။ ခုတော့ဘာယ့်တွက် ပေါင်တစ်ချောင်းသာ လိုအစ်သည် ပြောရပါလိမ့်။

ကျွန်တော်တအံ့တဩဖြစ်လျက်နေခြင်းကို လင်းမြင့်လှိုင်က သိ မိသွားသည်ကြောင့်-

"တစ်ကောင်လုံး မီးကင်လျှင်လည်း ကျွန်တော်တို့စားနိုင်မှာမှ မဟုတ်တာချည်း နို့ကြောင့် တစ်ခါစားအတွက် ပေါင်တစ်ချောင်းဆို တောင်းကောင်းလှံလောက်ပါတယ်"

သို့ပြောလာတော့၏။

"နို့ဖြင့်..ကျွန်တော်တို့ ..."

သို့သာ ကျွန်တော်စကားပြောရသေး၏။

"စားသောက်နားနေပြီးလျှင် ..ကိုလှုပုတဲကိုပြန်သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကိုလူပုမှမရှိတာ ဘာသွားလုပ်မှာတုန်း…နို့ ပြန်ကြမယ်ဆို"

တအံ့တသြဖြစ်လျက် မေးလိုက်ခြင်းကို…

"ကိုလူပု တဲနားတင်ရှိတယ်ဗျ..ကျွန်တော်တို့ကိုမြင်လို့ ပုန်းနေတာဖြစ်မယ်..နို့ကြောင့် ပြန်ချင်ယောင်ဆောင်ပြီး တစ်ခေါက်ပြန်လှည့်သွားတွေ့မှာ"

"ဖြစ်နိုင်ပါ့မလား..ကျွန်တော်တို့ပြန်လာမယ်တွက်ပြီး တခြားတစ်နေရာရွှေ့ပြေးသွားရောပေါ့"

"မပြေးပါဘူး ..သူ့အဲဒီတဲမှာပဲ ရှိနေမှာပါ"

လင်းမြင့်လှိုင်ပြောသလိုပင် ကျွန်တော်တို့စားသောက်နားနေပြီး တစ်ခေါက်လှည့်ပြန်သွားသည့်အခါ တဲတွင်ကိုလူပုကို ပက်ပင်းတွေ့လိုက်ကြတော့၏။

ကိုလူပုသည် ကျွန်တော်တို့ကို တွေ့လိုက်သည်တွင် တချက်ကလေးမျှ မျက်နှာမပျက်လောဘဲ ချွေးကိုသာကြည့်ပြီး…

"မင်းဆရာတွေက…အင်မတန်တော်ကြပြီး…လည်ကြပါတယ်" ဟုပြောရင်း …

"ကျွန်တော့်မနက်က အတွေ့မခံဘဲ ပုန်းနေမိတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်..ကျွန်တော့်အတွက်နဲ့ အင်မတန်ပင်ပမ်းသွားကြမှာပေါ့" ပြုံးတေ့တေ့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို ကြည့်ပြီးပြော၏။

သို့သူပြောဆိုဝန်ခံခြင်းကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကိုအထင်ကြီးလေးစားသွားဟန် အကြည့်ဖြင့်ကြည့်နေလိုက်မိ၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကိုပြုံးပြလာပြီး ကိုလူပုဘက်လှည့်၍ "ခင်ဗျားလည်း ကျွန်တော်တို့ကို ပြောစရာစကားတွေရှိနေလိမ့်မယ်ထင်ပါတယ်..နို့မှမဟုတ် ကျွန်တော်တို့မေးတာကို အမှန်အတိုင်းပြောလိမ့်မယ်လို့ ယုံကြည်ထားပါတယ်"

www.burmeseclassic.com



"ဘာကြောင့်များတုန်းဗျ"

သို့နှယ် လင်းမြင့်လှိုင်ပြောသည်ကို ပြန်မေးလာတော့၏။

"ခင်ဗျားဟာ..တည်ငြိမ်လွန်းလို့ပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်သော်ကောဗျာ..စိတ်မလှုပ်ရှားတတ်တဲ့သူ၊ တည်ငြိမ်လွန်းတဲ့သူဆိုတာ မွေးရာပါရှိခဲလှတယ်၊ လေ့ကျင့်မှရတယ်၊ အဲလိုလေ့ကျင့် ပြန်လျှင်လည်း လူတိုင်းရတာမဟုတ်ဘူး၊ ဘာသာတရားကို ဖက်တွယ် လက်ဆုပ်လက်ကိုင်ထားနိုင်သူမှရတာ"

"ဘယ်ဘာသာ..ဘယ်တရားလဲ"

"ဘယ်ဘာသာ..ဘယ်တရားဖြစ်ဖြစ်ပေါ့"

"အလဲ့တယ်ဟုတ်ပါကလား" ရယ်လို့ ပြောလာပြီး လူပုကြီးသည် လင်းမြင့်လှိုင်ကို ပြုံးတေ့တေ့ကြည့်နေလေတော့၏။

လင်းမြင့်လှိုင်သည်လည်း ကိုလူပုကို ပြုံးချိုသော အကြည့်ဖြင့် ကြည့်နေလေ၏။ တကယ်တော့ သူတို့နှစ်ယောက် ကိုယ်ခံစွမ်းအားပြိုင်နေကြခြင်းဖြစ်တော့၏။

ကျွန်တော်နှင့်ငွေးသည် ပွဲကြည့်ပရိတ်သတ်လိုဖြစ်နေတော့၏။

"ခင်ဗျားကြည့်ရတာ ဖြူဖြူသန့်သန့်ရယ် နို့ပေမင့်ခင်ဗျားလက်ထဲမယ် သေနတ်ကြီးနဲ့ပါကလား မသင့်လျော်လိုက်တာ"

သနားစရာကောင်းတဲ့ ကလေးငယ်တစ်ယောက်ကို ကြည့်ပြောသလိုနှယ် သူ၏အပြုံးက ဖြစ်နေချေတော့၏။

လင်းမြင့်လှိုင်က ဘာမှပြန်မပြော ကိုလူပုကိုနှစ်လိုဟန်အပြုံးဖြင့်သာ သွားတက်လေးပေါ်ရုံပြုံးနေတော့၏။

"ထားပါလေသေနတ်သမားပါးစပ်က တရားစကားမပြောတာ အကောင်းဆုံးပေါ့ ..ဟင်း..ဟင်း..ဟင်း..ဟင်း..ကဲပါလေ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ စားစရာတော့ ဟောဒီငှက်ပျောဖီးပဲရှိတယ်‥ခင်ဗျားတို့ကတော့ နှစ်သက်ကြလိမ့်မယ်မဟုတ်ဘူး‥စောကတင်လည်း အဲသွေးအသားအညှီအဟောက်ကိုစားခဲ့ကြပြီးပေါ့‥''

''ဘယ်လိုလုပ်သိလဲ''

''သေနတ်သံသဲ့သဲ့ကြားလိုက်ရတယ်''

''ဒီလောက်ဝေးတာဖြစ်နိုင်ပါ့မလား‥ခင်ဗျားမယ် ထိန်ဝှက်ထားတာတစ်ခုရှိလိမ့်ဦးမယ်''

လင်းမြင့်လှိုင်သည် ပြုံး၍မေးလိုက်ပြန်၏။

ထိုအပြုံးသည် နှစ်လိုဖွယ်အပြုံးပင်ဖြစ်ချေ၏။

''ဟား‥ဟား‥ဟား‥ခင်ဗျားသိပ်တော်တယ် အရမ်းကိုတော်တာပဲ''

''သိပ်တော်တာပေါ့‥သူဟာ ရသေ့ရဲမိတ်ဆွေတစ်ယောက်ပေပဲ''

သို့ ထင်မှတ်မထားသော အသံကြောင့် ရုတ်ခြည်းလှည့်ကြည့်လိုက်ကြသည်။

ဘယ်အချိန်ကရောက်နေလေသည်မသိ။ ရသေ့မမှုပါလဖြစ်နေချေတော့သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်က အားရဝမ်းသာဖြစ်သွား၏။

ငချေးက မှင်တက်နေ၏။

ကိုလူပုကတော့မှု ထိတ်လန့်သွားပုံရချေ၏။

''ရသေ့ကြီးနဲ့ ဆုံကြပြန်ပြီနော်''

သို့ ကျွန်တော်ကဝမ်းပန်း းတသာ ပြောလိုက်သည်တွင် ရသေ့မမှု ပါလပြုံး၍ကြည့်ပြီး-

''အမြင်မတော် ဆင်တော်နဲ့ခလောက်ဆိုသလိုပေါ့‥ကိုပိုက်တို့က‥ဟင်း‥ဟင်း‥တကယ်တော့ ကိုပိုက်တို့က လူ့ဘော်လူကောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပါ..ဝါသနာကို မစွန့်လွှတ်နိုင်ဘဲ လုပ်နေကြတာတွေဟာ..လုပ်နေကြရတဲ့အလုပ်တွေက အကောင်းအဆိုးမသိဘူးမဟုတ် သိနေတာပဲ သိသိကြီးနဲ့လုပ်နေကြတယ်..လုပ်နေရတယ်ဆိုတာ ဝဋ်ကြွေးကြောင့်ပဲလို့ ပြောရတော့မပေါ့..ကိုပိုက်တို့လဲ ရသေ့အကြောင်းသိနေတာပဲ..ရသေ့လည်း ကိုပိုက်တို့အကြောင်းသိနေတာပဲ..ဒီတော့ကာ နားလည်ကြတယ် အထွေအထူးပြောစရာမလိုပေဘူး"

သို့ပြောပြီးရသေ့မွေပါလသည် ကျွန်တော်တို့နားမလည်နိုင်သော ဂါထာတစ်ပုဒ်ကို ရွတ်၍လက်တွင်းရှိ ကြေးစည်လေးကို "နောင်.. ဆေ..ဆေ..ဆေ" ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်တော့၏။

ကြေးစည်သံလေးနားစွင့်ရင်း ကိုလှုပုသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို အံ့ဩတကြီးကြည့်နေရှာတော့၏။

ကြေးစည်သံလွင်လွင်လေး ဆုံးသည်တွင် ရသေ့မွေပါလက ကိုလှုပုဘက်လှည့်လိုက်ပြီး ...

"ကိုလှုပုက တယ်ခက်တာပဲ..ကိုယ့်အတွက်ပဲ ကိုယ်လုပ်ရမှာ ကိုဘာလို့ သူများတွေအလုပ်လိုက်လုပ်ချင်ရတာတုန်း..ကိုလှုပုလုပ်နေတဲ့ အလုပ်တွေဟာ သူများအလုပ်တွေလေ..အဲဒီတော့ကာ သူများအလုပ်က ကိုယ်ဆီရောက်လာပြီပေါ့..ဒီတော့ သူများအရှုတ်ထုတ်က ကိုယ့်အရှုတ်ထုတ်ဖြစ်ရပြီမဟုတ်လား..သားသမီးမကောင်း မိဘခေါင်းဆိုသလို တစ်နွယ်ငင်တစ်စင်ပါဆိုတဲ့အတိုင်း ရသေ့လည်းပါလာရပြန်ပြီပေါ့.."

ကျွန်တော်နှင့်လင်းမြင့်လှိုင်က အံ့ဩမှင်တက်စွာ ရသေ့မွေပါလကို ကြည့်နေမိကြတော့၏။ ထိုသည်ကိုရသေ့မွေပါလ ရိပ်မိသွားလေသည်ကြောင့်..

"ကဲ..ကိုလှုပု ရသေ့နဲ့ပြန်လိုက်ခဲ့ချေတော့..ဒီကိစ္စရသေ့ဝင်ရှင်းလေမှ ကိစ္စပြတ်တော့မှာပဲ..ကဲ..ကဲ..ကိုပိုက်တို့ ကိုလင်းတို့လဲ လိုက်ခဲ့ကြကွဲ့.."



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်တည်ငြိမ်စွာပြောပြီး ရသေ့ဓမ္မပါလသည် ကျွန်တော်တို့အပါးမှ လှည့်ထွက်သွားတော့၏။

ကိုလူပုသည်လည်း ရသေ့နောက် ကုပ်ကုပ်လေးလိုက်ပါသွားတော့၏။ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး... "လိုက်သွားကြတာပေါ့" ဟုပြိုင်တူပြောလိုက်မိကြတော့သည်။ ရသေ့ဓမ္မပါလသည် ခြေလှမ်းမှန်မှန်စိပ်စိပ်ဖြင့် ရှေ့မှကြွသွားသည်ဆိုသော်လည်း ကျွန်တော်တို့ ခြေကုန်သုတ်ခဲ့သည့်တိုင် ရသေ့ကို လိုက်မမီခဲ့ပါချေ။ အံ့ဖွယ်ပင်ကောင်းသေးတော့၏။

ကိုလူပုတစ်ယောက်ကတော့ဖြင့် ကျွန်တော်တို့နှင့်ကျွန်ရစ်ခဲ့တော့၏။

"ကျုပ်ပြောမှားဆိုမှား ဖြစ်ခဲ့လျှင်ခွင့်လွှတ်ကြဗျာ" ဟုလမ်းတွင်ပြောလာသေးတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် အင်မတန်သာယာပြီး အေးချမ်းလှသည့် ဝါးတောလေးတစ်ခုသို့ရောက်လာကြတော့၏။ သို့ဝါးတောလေးအတွင်း ဝါး[illegible]လေးတစ်လုံးကို တွေ့လိုက်ကြရတော့၏။ ကျွန်တော်တို့နှင့်တော့ အလွန်အလှမ်းဝေးသေးတော့၏။ ရသေ့ ဓမ္မပါလကတော့မှု ထိုဝါးတဲလေးရှေ့ ရောက်သွားချေပြီ။

ကျွန်တော်တို့ ဝါးတဲရှေ့ရောက်သွားသည်တွင် ရသေ့ဓမ္မပါလ၏ကြေးစည်သံလွင်လွင်လေး ပေါ်ထွက်လာတော့၏။

"နောင်. ခဝ..ဝေ..ဝေ" ရယ်လို့ ကြေးစည်သံလေးဆုံးသည်တွင် ရသေ့ဓမ္မပါလ က..

"ကဲ..ထိုင်ကြ..နားနေကြ..ပြီးလျှင်ဖြင့် ကိုပိုက်နဲ့ကိုလင်း ပြောစရာရှိတယ် သေသေချာချာနားထောင်..သခင်းစာယူကြ[illegible]ချ..ဟုတ်လား"

သို့နှယ်အစချီပြီးနောက်..ရသေ့ဓမ္မပါလသည် ရွှန်စွာမျှစိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားဖွယ်ကောင်းသော ကျွန်တော်တို့သိလိုသော သံဒင်းရွာသားမုဆိုးနှစ်ယောက်၏အဖြစ်အပျက်ကို ပြောပြလာပြန်တော့၏။ သို့ပြောနေသဲကိုလူပုကလည်းဝင်..ဝင်ထောက်ပေးလေတော့သဖြင့် ဗိုရှဲပြီးပြည့်စုံသွားရချေတော့သည်။

"ကျောက်ကုတင်ချောင်းဝမယ် ကဒိုးနဲ့ကျော်ခ လူချင်းကွဲသွားကြတယ်ဆိုတာ ဘယ်ဟုတ်ရပ့ါမလဲဗျာ ..."

သို့နှယ်အစချီလျက် ကိုလူပုသည် ကဒိုးနှင့်ကျော်ခတို့အကြောင်းကို ပြောပြလာတော့၏။

ကျောက်ကုတင်ချောင်းရေကျမြောင်ကမ်းပေါ်တွင် ဂျို(ချေ)လေး တစ်ကောင်မြင်လိုက်သည်ကြောင့် ကျော်ခနှင့် ကဒိုးသည် ခြေရာကောက် တောတိုးလိုက်ခဲ့ကြတော့၏။

ကျောက်ကုတင်မြောင်လက်တက် အလယ်သို့ရောက်သည့်တိုင် ဂျို(ချေ)ကောင်လေးကို, ရှာမတွေ့ချေတော့။ သို့ကြောင့်..

"ကဒိုး..ပြန်ကြစို့ကွာ"

'ကျော်ခ' ကပြော၏။

"အေး..ခဏနားချေဦးမယ်" ဆိုလျက် ကဒိုးသည် သစ်ပင်တစ် ပင်ကိုကျောမှီနားနေလိုက်သည်။ သို့ကြောင့် ကျော်ခသည် လည်းသစ်ပင် ကိုကျောမှီနားနေလိုက်တော့၏။

ညကအိပ်ရေးမဝခဲ့သော ကျော်ခတစ်ယောက် အိပ်ပျော်သွားလေတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ 'ဒိန်း' ရယ်လို့ မြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် နိုးလာတော့၏။

"ဟာ"

သူ့နံဘေးတွင် ကဒိုးမရှိပါလေတော့။ နို့ဆိုလျှင်ဖြင့် ထိုသေနတ်သံသည် ကဒိုးပစ်လိုက်သံဖြစ်ချိမ့်မည်။ သားကောင်တော့ ရကောင်းရနိုင်



www.burmeseclassic.com

www.burmeseclassic.com



၏။ သူပြန်လာလျှင် စားရချည်သေးရဲ့..လမ်းစပျောက်နေကြသည့် နှစ်ရက်အတော်အတွင်း လိပ်လေးတစ်ကောင်ကိုသာ စားကြရသေး၏။ သူသည် လွန်မင်းစွာဆာလောင်နေပြီဖြစ်၍ အင်အားပင်သိပ်မရှိလေတော့ ကဒိုးပြန်အလာကိုစောင့်နေလိုက်၏။ သို့ပေမင့် ကဒိုးသည် အတော်နှင့်ပြန်ရောက်မလာလေသည်ကြောင့် သေနတ်သံကြားလိုက်ရာ တောင်ကြောလေးသို့ အားတင်းလိုက်သွားခဲ့တော့၏။

ထိုသေနတ်သံတစ်ချက်ကြားပြီး ငြိမ်သက်ပျောက်ဆုံးနေပါကလား၊ ဘယ်လိုကြောင့်ပါလိမ့်..သားကောင်မရသဖြင့် အခြားတစ်နေရာသို့ ထွက်သွားလေပြီလား။ ကြားလိုက်ရသော သေနတ်သံသည် သိပ်ဝေးလှသည်မဟုတ်ဘြား ဘယ့်တွက်သူပြန်ရောက်မလာတာပါလိမ့်။

"ဟာ"

သို့ သူတောတိုးလာခဲ့ရာမှ သူဖြတ်လျှောက်လာသော တောင်ကြောလေးရှေ့ ခပ်လှမ်းလှမ်းမှမီးတောက်လောင်နေပုံရသဖြင့် တောမီးများလောင်နေလေသည်လား စိုးရိမ်စိတ်ဖြင့် လှမ်းကဲကြည့်လိုက်၏။

နှာခေါင်းကို ရှုရှိုက်လုပ်နေလိုက်၏။

"ဟင်..သားကောင်မီးကင်နံ့ရလိုက်သလိုပဲ"

သို့ကြောင့် ထိုနေရာသို့ တရွေ့ရွေ့တိုးကပ်ချောင်းမြောင်း သွားလိုက်၏။

ကဒိုးပါကလား သူ့ရှေ့တွင်လည်း ထင်းမီးပုံရှိနေ၏။ သူအင်မတန် အံ့ဩသွားသည်။ ဒေါသလည်းထွက်သွားခဲ့သည်။ သားကောင် ရတာ ဘယ့်တွက်သူ့ထံပြန်မလာဘဲ တစ်ယောက်တည်း ဒီတွင် မီးကင်စားနေပါလိမ့်။

သူအင်မတန် ဆာလောင်နေသည်ကိုလည်း ကဒိုးမသိတာတ် ဘယ့်တွက်တစ်ယောက်တည်း ခိုးကြောင်ခိုးဝှက် သားကောင်ကို မီးကင်စား နေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း..အဲလိုလုပ်ဖို့တော့ မကောင်းဘူးကွာ..ငါလည်း အစား စားရတာကြာပြီ..မင်းအသိပဲ..ခုတော့မင်းတစ်ယောက်တည်း ဒီမှာ ဘာကြိတ်စားနေတာ ဘာကြောင့်လဲ..ပြီးတော့ငါ့ကို မနိုးဘဲတစ်ယောက် တည်းထွက်လာတယ်"

သူနိုးလှမိသလိုဖြစ်သွားတော့၏။

သူ့လက်တွင်းမှ အသားတုံးသည်ပင် လွတ်ကျမတတ် အံ့ဩ သွားပုံရ၏။

သူတောကြောင်လေးတစ်ကောင် ဖမ်းခတ်ရလိုက်၏။ နှစ်ယောက် မျှဝေစားနေလျှင် တင်းတိမ်နိုင်မည်မဟုတ်။ တောင်လိမ်လေးတစ်ကောင် ထိုက်တုန်းက နှစ်ယောက်မျှစားခဲ့သည်မှာ နပင်မဆွတ်။ သို့ကြောင့် တောကြောင်လေးရလိုက်သည်တွင် သူတစ်ယောက်တည်းကြိတ်၍ စားသောင်စားနေခြင်းဖြစ်၏။ ခွဲဝေမကျွေးနိုင်တော့ပြီ။ သူတို့လမ်းစပျောက်နေ သည်ဆိုတော့ ..တောတောင်ထဲ ဘယ်လောက်ကြာကြာနေနေရဦးမည်မသိ။ ရှာလျှောက် နှစ်ယောက်ဆိုလျှင် အဖော်ဖြစ်သည်ကလွဲ၍ အခြားအထောက် အကူရနိုင်ချေမည်မဟုတ်။ ရသမျှအစာလေးတွေကို မျှဝေစားနေကြရသော ကြောင့်၏။ သို့ဆိုလျှင် နှစ်ယောက်လုံးဒုက္ခရောက်သွားနိုင်၏။ သို့ကြောင့် သူသည် အဖော်ဆိုတာ မီးခြစ်တစ်လုံးလောက် တန်ဖိုးမရှိလေဟု တွက်လျက် အိမ်း ခုတ်သမားလေးထံမှ လစ်ယူလာသော မီးခြစ်ကိုယူလျက် တစ်ယောက် တည်းထွက်လာခဲ့ခြင်းဖြစ်တော့၏။

ကျော်ခတစ်ယောက် အိပ်ကျန်ရစ်ခဲ့ပြီ။ သည်ကြားနိုးလာဦး တော့ သူပြန်အလာကို စောင့်မျှော်နေပေလိမ့်မည်။ လာနိုး..လာနိုးဖြင့် စောင့်နေကုန်သွားလောက်၏။ သို့ဆိုလျှင် သူခရီးအတော်ရောက်နေ ပြီ သူနောက်ကိုလိုက်လာနိုင်လိမ့်မည်မဟုတ်ဟု တွက်ထား၏။ အခွင့်လင့်ဘဲ တောကြောင်တစ်ကောင်ရလိုက်၏။ သည်တော့ သူဆာ လောင်မှုကို အရင်ဖြေဖျောက်ချင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကျော်ခလိုက်မလာလောက်ပြီဟု တွက်၍တော ကြောင်သားကို တစ်ယောက်တည်းမီးကင်စားနေခြင်းဖြစ်၏။ ယခု.. ကျော်ခရောက်လာချေပြီ။

တောကြောင်တစ်ကောင်လုံး စားလိုက်ရခြင်းတွက် သူ့အင်အား အတော်အသင့်ရှိလာချေပြီ။ သို့ကြောင့် ..မိုက်သွေး 'ဖ'လေးကလည်းရှိ လေတော့ ကျော်ခကို ဒီအတိုင်းမျက်ခြေဖြတ်ထားခဲ့ဖို့ဆိုတာ မလွယ်ဟု တွက်လိုက်မိသည်ကြောင့် အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်မိ၏။ ဖြစ်ချင် တော့ ကျော်ခသည်လည်း ဆာလောင်ခြင်းကြောင့် ဒေါသအမျက်ရှိနေ သဖြင့် -

"မင်းအဲလိုလုပ်ဖို့မသင့်ဘူးကွာ" ရယ်လို့ပြောရင်း ကဒိုးလက် တွင်းမှ စားလက်စကြောင်သားပေါင်တစ်ချောင်းကို ဆတ်ခနဲ ဝင်လု လိုက်တော့၏။

'ကျော်ခ'ကဝင်အလု...'ကဒိုး'က လွှဲအရှောင်...အသားတုံး သည် မြေပေါ်သို့ပြုတ်ကျသွားတော့၏။

"ဟာ"

ကဒိုး ဒေါသအမျက်ထွက်ခဲ့ရတော့၏။ သူ့အစာကို ပုတ်ချလုယူ ခံလိုက်ရသည်ကိုး။

ကျော်ခသည်လွန်စွာမှ ဆာလောင်နေသည်ဖြစ်၍ ကဒိုးကို သတိမမူမိလေတော့ မြေပေါ်တွင်ပြုတ်ကျသွားလည်း တောကြောင်ပေါင် သားမီးကင်ကို အငမ်းမရကောက်ယူလိုက်၏။

အဆီတဝင်းဝင်းနှင့် ကြောင်ပေါင်သားမီးကင်တွင် ဖုတ်သဲများ ပေလူးနေတော့၏။ သို့ပေမင့်ကျော်ခသည် လွန်မင်းစွာ ဆာလောင်နေ သည်ဖြစ်၍ အသားတုံးတွင် တွယ်ကပ်နေသည့် ဖုတ်သဲတို့ကိုယ ... လိုက်ပြီး အငမ်းမရပါးစပ်တွင်း ထိုးသွင်းလိုက်တော့၏။ ထိုငြိမှာပင် ကဒိုးသည်နဂိုကလည်းစဉ်းစားပြီးသား ယခုသူ့အသားတုံးယူခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းကြောင့် ဒေါသအမျက်ဖြစ်ကာ ကျော်ခတစ်ယောက် သူ့ကိုသတိမမူ အာသာငမ်းငမ်း အစာငမ်းနေသည်ကို အခွင့်ကောင်းယူ၍ ကျော်ခ၏နောက်ကျောကို သေနတ်ဒင်ဖြင့် ထုချလိုက်တော့၏။

"ဒုတ်"

"အွတ်"

ဝါးစားနေလျက် အသားမျှင်တို့ကို မြိုချရန်ပင် အချိန်မရလိုက်ဝါးစပ်ပေါက်မှ အပြင်သို့ပြန်အံထွက်လျက် ရှေ့သို့မှောက်ခုံလဲကျသွားတော့၏။

မူးနောက်ရီဝေသွားခြင်းကြောင့် ပြန်မထနိုင်မီအချိန်ကလေးတွင် ကဒိုးသည် သူ့ခါးချိန်ဓါးမြှောင်ကိုထုတ်၍ လက်ပြင်ကိုထိုးစိုက်လိုက်တော့၏။

"အား"

ကဒိုး လက်ဦးမှုယူလိုက်ချေပြီ။

သားကောင်တစ်ကောင် ကုတ်ဖွဲ့သွားသည့်ဟန် စိတ်ရှည်လက်ရှည် လုပ်လေပြီးနောက် မီးပုံနားထားခဲ့၍တော့မဖြစ်။ သို့ကြောင့်…ကျော်ခ၏အလောင်းကို ထိုနေရာလေးမှ ထမ်းပိုးလာ ပြီးချုံနွယ်ပင်တစ်ပင်အောက်တွင်ပစ်ထားလိုက်ကာသူ့စိတ်တွင်တစ်စုံ တစ်ရာမသင်္ကာဖွယ်ဖြစ်လာသည်ကြောင့် ဘေးဘီသို့ဝေ့ဝိုက်ကြည့်လိုက်၏။

"ဟာ"

ချုံနွယ်တစ်ခုတွင်သူ့ကို ချောင်းမြောင်းကြည့်နေသူတစ်ယောက်ရှိနေပါကလား။ ကိုလူပုသာ ဖြစ်ချိမ့်မည်။ သို့မဟုတ် ဝါးခုတ်သမားလေးဖြစ်ချိမ့်မည်ဟု တွက်လျက် ထိုနေရာလေးမှ ကသိုက်ကရိုက် ပြေးထွက်ခဲ့တော့၏။

သူ သင်္ကာမကင်းဖြစ်မိသည့် ချုံနွယ်ပင်နောက်တွင် လူတစ်ယောက်ရှိနေသည်မှာ သေချာပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုချုံနွယ်နောက်ကွယ်မှလူသည် ကဒိုး၏လုပ်ဆောင်ချက်ကို အံ့အားတကြီးငေးကြည့်နေမိလျက်သားမှ လုပ်ကြံခံရသူကို ထွက်၍ကူညီ ရန်အလို့ငှာ ချုံကွယ်နောက်မှ ထွက်မည်အလုပ်တွင် ထိုနေရာလေးသို့ လျှောက်လှမ်းလာသည့် လူတစ်စုအသံကြောင့် ထိုချုံကွယ်နောက်မှာပင် ဆက်လက်ပုန်းအောင်းကြည့်နေလိုက်တော့၏။

မုဆိုးနှစ်ယောက်နှင့် ဝါးခုတ်သမားလမ်းပြတစ်ယောက်ပါ ကလား။ ထိုလူစုသည် (ကျွန်တော်တို့ကို ဆိုလိုခြင်းဖြစ်၏) ကျော်ခ၏ အလောင်းကိုတွေ့သည်နှင့် ထိတ်ထိတ်ပျာပျာဖြစ်သွားကြကာ ဝိုင်းအုံကြည့် နေစဉ် ကဒိုးတစ်ယောက်ပြေးလွှားသွားသည် သိလိုက်သည်နှင့် ပြေးလိုက် သွားကြတော့၏။

သည်တော့ ချုံကွယ်နောက်မှ ပုန်းအောင်းနေသော ကိုလူပု သည် လှစ်ခနဲထွက်လာကြပြီး ကျော်ခကို အသေအချာကြည့်လိုက်၏။

"ဟာ"

အသက်ပြင်းလှချည်လား··မသေသေးပါကလား။ မဖြစ်ချေပြီ။ လူတစ်ယောက်အသက် တန်ဖိုးရှိလှပေခြင်း၊ တွက်၍ ကျော်ခကို ထမ်းပိုး ခေါ်လာမိတော့၏။

"ဟင်··နို့ဖြင့်··ကျွန်တော်တို့နှင့် ဆုံတဲ့ကျော်ခဆိုတာ ကကော"

ကိုလူပုစကားကို ကျွန်တော်ကဝင်ဖြတ်မေးလိုက်၏။

"ခင်ဗျားတို့နဲ့ ဆုံတဲ့သူက ကဒိုးပေပဲ···သူ့ကိုယ်သူ ကျော်ခ ဆိုပြီး အယောင်ဆောင်နေတာ"

"ဟင်"

"အို"

"နို့ဖြင့်··ကိုလူပု သူ့ကိုဘာလို့ သည်အတိုင်းလွှတ်ထားရတာ တုန်း ကျွန်တော်တို့နှင့် ဒီလူရှိနေတုန်း လာတွေ့ပြီးအကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလျှင် ကျွန်တော်တို့ သူ့ကိုဘယ်အလွတ်ခံပါ့မလဲ"

လင်းမြင့်လှိုင်က အားမလိုအားမရပြောလိုက်သည်။

"ခင်ဗျားတို့သိတဲ့အတိုင်းပဲ ကျူပ်ကိုမြင်တာနဲ့ ပြေးသွားတော့တာကိုး ..ပြီးတော့ ခင်ဗျားတို့ကိုလဲ သူကလီစယ်ပြောထားပြီးဖြစ်တော့ ကျူပ်စကားကို ဘယ်လွယ်လွယ်နဲ့လက်ခံနိုင်ကြမှာလဲ..ဒါကြောင့် သူ့ကို ခြေရာခံလိုက်ရှာ ဖမ်းနေရတာပေါ့.."

"နို့ သူဘယ်ရောက်နေလဲ..ခုမိထားပြီလား"

"ခြေရာကောက်မိပြီးလေမှ လက်မတင်လေးလွတ်သွားပြန်တယ်"

"ဟင်..ဘယ်လိုဖြစ်ရတာတုန်း"

"သည်လိုဗျ.."

ကဒိုးတစ်ယောက် ကညင်ပင်မြို့တောထဲတွင် ပုန်းခိုနေခြင်းကို ကိုလူပုအသေအချာသိထားပြီးဖြစ်၏။ သို့ပေမင့် ဘယ်လိုမှရှာမတွေ့ ကညင်ပင်မြို့တောလေးအတွင်း ဝင်ဝင်သွားသည်သာသိလိုက်၏။

ဝေးဝေးသို့လည်း မပြေး၊ သူ့အတွက်စားစရာသည် ထိုနေရာလေးတွင်သာရှိနေမှ အဆင်ပြေလောက်သည်ကိုး။ ဘယ့်တွက်မူ အင်ကြင်းမြို့တော ခပ်လှမ်းလှမ်းနေရာလောက်တွင် အမဲလိုက်လူတစု ရှိနေကြခြင်းကြောင့်ဖြစ်တော့၏။ (ကျွန်တော်တို့ကို ဆိုလိုခြင်းဖြစ်၏။)

ထိုလူစုတွင် အမဲပြတ်သည်မရှိ။ သည်တော့ သူ့တွက်အဆင်ပြေသင့်သလောက်ပြေနေသည်ပဲ။ သူ့ချည်းဆိုပါက အစာပြတ်သေလောက်ချေပြီ။ သူ့တွင်သေနတ်ရှိပြီး ကျည်မရှိပေပဲကိုး။ ပစ်ခတ်ရပေဦးတော့ မီးခြစ်ကို ကျော်ခထံမှ ပြန်နှိုက်ယူထားလိုက်နိုင်သော်လည်း ဂက်စ်ကုန်နေသောမီးခြစ်သည် ဘာလုပ်လို့ရပါလိမ့်မည်နည်း။

သို့ကြောင့် သူသည် ထိုနေရာလေးတွင်သာ ခိုအောင်းနေခြင်းဖြစ်၏။ သို့ကြောင့် ထိုလူစုကိုသာ မျက်ခြေမပြတ် ကြည့်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ ဤတောတောင်ထဲ အသက်ရှင်နေထိုင်ဖို့သည် ထိုလူစုသည် အဓိကဖြစ်နေ သည်မဟုတ်ပါကလား။

ကိုလူပုရန်မရှိလျှင် သူ့ဘဝရှေ့ရေးအတွက် ပူစရာမလိုတော့ပြီး ထိုလူစုကို ဝင်လုံးနိုင်လျှင် ရွာသို့ပြန်ရောက်နိုင်၏။ ရွာပြန်ရောက်လျှင် သူ့အဆင်ပြေပြီဖြစ်တော့၏။ ခက်သည်က..ကိုလူပုသည် သူ့ကိုမျက်ခြေ ပြတ်မခံ။ ကျော်ခကို လုပ်ကြံလိုက်ခြင်းကို သိသူသက်သေမှာ ကိုလူပုသာ ဖြစ်၏။ သူ့အစာပြတ် အင်အားချိနဲ့နေပေလို့..နို့မဟုတ်လို့ကတော့ ကိုလူပုကို သူမှုစရာမလို။ ခုတော့သူရှောင်နေရသည်။ ပုန်းအောင်းနေရ သည်။ သူဒီနားတဝိုက်ခိုအောင်းနေသည်ကို ကိုလူပု သိနေဟန်တူ၏။ သို့ကြောင့် ညညမှသာထွက်ရ၏။ နေ့အခါတွင် ကိုလူပု၏အရိပ်အခြေကို ချောင်းမြောင်းကြည့်နေရ၏။

ထိုသည်ကို ကိုလူပုကောင်းကောင်း တွက်ဆသိပြီးဖြစ်၏။ သူ့ကို အပြင်သို့ မျှားထုတ်ရန်သာရှိ၏။ သို့ကြောင့် တစ်နေ့..ထိုလူစုမှ လမ်းပြ ဖြစ်ဟန်တူသူကို မျှားခေါ်ခဲ့၏။ သို့မျှားခေါ်ရာတွင် ကဒိုးသိလေမှဖြစ်မည်ကို ကဒိုးမြင်လေမှ သူ့အကြောင်းများကို ထိုလမ်းပြမှတဆင့် မုဆိုးနှစ်ယောက်သိသွားပါလျှင် သူ့တွက်ပိုရှုံးသိုး၀ါး သွားနိုင်၏။ သို့ဆိုပါကကဒိုးတစ်ယောက် ထိုနေရာမှ မဖြစ်မနေထွက် လာရပါလိမ့်မည်။ သူတွက်ထား သည်မှာ သို့လောက်သာ။

သို့ကြောင့် ...ကိုလူပုသည် ငချေးကို မျှားထွက်ပြီး သူ့တဲတွင် အသားလွှတ်အချိန်ဖြုန်းနေစေ၏။ သည်တော့မှ သူ့အကြောင်းများကို စိမ်ပြေနပြေပြောပြနေသည်ဟုတွက်စမိကာ အလွှတ်ရန်းပြေးထွက်လာ တော့မည်ဟု တွက်လိုက်၏။

တကယ်တမ်းကိုလူပုတွက်ဆမှုသည် လွဲချော်သွားတော့၏။ ပုန်းကွယ်ရာမှ ထွက်တော့လာပါရဲ့ ..သို့ ထွက်လာခြင်းသည်ကိုယ် လွတ်ရုန်း ပြေးသွားရန်မဟုတ်..လမ်းပြ 'ငချေး' ကို နှုတ်ပိတ်ရန်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ကိုလှုပုတစ်ယောက် ငွေးကိုအပြန်လမ်း ညွှန်ပြလိုက်ပြီး လမ်းခွဲသည့်နေရာလေးမှကဒိုး၏အရိပ်အခြေကို ချောင်းမြောင်းကြည့်နေ၏။

ကဒိုးထွက်လာလျှင် အခ်ီအရဖမ်းတော့မည်။ သူ့ထက် အရပ်ရှည်သန်မာထွားကျိုင်းသော်လည်း အားအင်ကုန်ခမ်းချိနဲ့နေမှန်း သူသိထား၏။ အလစ်အငိုက်ပင်မဟုတ် ပြောင်ကျကျထွက်တွေ့ တိုက်ခိုက်ဖမ်းဆီးရနိုင်၏။

သို့ပေမင့် သူထင်ထားသလို ဖြစ်မလာ။

ကဒိုးထွက်တော့လာပါရဲ့..ငွေးကို လုပ်ကြံနှုတ်ပိတ်ရန်ဖြစ်နေချေတော့၏။

ကဒိုးသည် ငွေးနောက် ချောင်းမြောင်းလိုက်သွား၏။

အလစ်အငိုက် နောက်မှနေ၍ သေနတ်ဒင်ဖြင့် ထုချလိုက်၏ ငွေးခံလိုက်ရချေပြီ။

BURMESE CLASSIC

ကိုလှုပုထင်မထားသည်များ ဖြစ်လာတော့၏။

ငွေးအတွက် စိုးရိမ်သွားသည် သူ့တွင်တာဝန်ရှိသည် မဟုတ်ပါကလား။ သို့ကြောင့်လှမ်းအော် ဟန့်တားလျက် ကဒိုးထံပြေးလွှားသွားတော့၏။

ကဒိုးသည် ကိုလှုပုပြေးလာမှန်းသိလိုက်သည်ကြောင့် မေ့လဲနေသောငွေးကို သတ်ဖြတ်ခြင်းမပြုနိုင်လေတော့ပဲ ထိုနေရာလေးမှရုတ်ခြည်းပြေးထွက်သွားတော့၏။

သူ၏ပြေးလွှားရှောင်မြေးနှုန်းကို ကိုလှုပုအမီလိုက်ခဲ့ပါကပြေးလွတ်လိမ့်မည်မဟုတ်။ သို့ပေမင့် ကိုလှုပုသည်ငွေးတစ်ယောက် မသေနိုင်ပေမင့် သတိမေ့လျက် ပစ်မထားလိုသဖြင့် ထိုလူစုံ၏စခန်းတဲသို့ မနိုင်မနင်းထမ်းခေါ်ခဲ့တော့၏။

ကံအားလျော်စွာပင် စခန်းတွင်မည်သူမျှမရှိကြသော်လည်း ငွေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မေ့မြောနေသည်ကြောင့် သူသည်ဘာမှမလုပ်တတ်သော်လည်း ခွေး၏အဖော်များပြန်လာသည်ကိုတော့ဖြင့် ထိုင်စောင့်ပေးနေရခြင်းကြောင့် ကဒိုးတစ်ယောက်ကို လက်လွှတ် မျက်စဖြတ်ခံလိုက်ရပေတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကိုလှုပုပြောပြသည့် ဇာတ်လမ်းကိုသိလိုက်ရပေမင့် တစ်ဖက်သတ်လက်ခံသင့် မခံသင့်စဉ်းစားမိပြေား၊ ရသေ့မမွှပါလနှင့် ပတ်သက်နေသူဖြစ်ခြင်းကြောင့် တွေဝေနေမိသည်တော့အမှန်..သို့ဖြစ်၍...

"နို့နေပါဦး..ကျော်ခဆိုတဲ့သူကို ခင်ဗျားထမ်းခေါ်လာခဲ့တယ်လို့ပြောတယ်နော်..ခု..သူဘယ်မလဲ..သေသွားပြီလား" ရယ်လို့ မေးလိုက်၏။

BURMESE CLASSIC

ကျော်ခကို မေးရမည်ပေါ့။

"ကိုပိုက်တို့က ကိုလှုပုကို မယုံဘူးထင်တယ်..ကိုလှုပုကလှုရိုး လှုဖြောင့်ပါ..စပ်စုတာရယ်..အရာရာဝါပါတာရယ်ကြောင့် သူ့ကိုဘယ်သူမှအမြင်မကြည်ကြတာပေါ့ ရသေ့လည်းသူ့ကို အမြဲပြောပါတယ် သွန်သင်ဆုံးမပါတယ်..ကိုယ့်ဟာကိုယ်နေ..ကိုယ့်အလုပ်ကိုယ်လုပ်ပေါ့ ပြောမရပါဘူး..သူများကိုလည်း ကောင်းစေချင်တဲ့ စိတ်လေးရှိတော့ဝင်ဝင်ပါတတ်တယ်..ဝင်ဝင်ပြောတတ်တယ်..သူမလိမ်တတ်မညာတတ်တာကိုတော့ ရသေ့အသိဆုံးပဲ..သူလိမ်ညာပြောတာလုံးဝမဟုတ်ဘူးဆိုတာ ရသေ့ကောင်းကောင်းသိတယ် နောင်တော့ကာကိုပိုက်တို့သိပါလိမ့် မယ်"

ရသေ့မမွှပါလသည် သို့သာပြောပြီး သူ့လက်တွင်းရှိ ခြေစည်လေးကို 'နောင်...ဝေ..ဝေ..ဝေ' ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်ပြီးနောက် ကျွန်တော်တို့အပါးမှ လှည့်ထွက်သွားချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှပုသည်လည်း ကျွန်တော်တို့ကို တစ်ချက်ငုံ့စိုက်ကြည့်လေပြီး-

"ကျုပ်လည်း ရသေ့စကားပဲ နားထောင်တော့မယ်" ဆိုလျက် ရသေ့နောက်သို့ လိုက်သွားချေတော့၏။

ကျွန်တော်တို့အပါးမှ ကျောခိုင်းထွက်သွားကြသော ရသေ့ဓမ္မဝါလနှင့် ကိုလှပုကိုငေးမောကြည့်နေဆဲတွင်-

"သူတို့သွားကြပြီဆိုတော့ ကျွန်တော်လည်း လိုက်သွားရုံပေါ့" ဆိုသည့် လူစိမ်းတစ်ယောက်အသံ ပေါ်ထွက်လာရာသို့ လှည့်ကြည့်လိုက်ကြတော့သည်။

"ဟင်"

"ဟာ"

"အို"

အနာမကျက်သေးသော ဒဏ်ရာဗရပွနှင့် လူတစ်ယောက်ပါကလား။ ကြီးမားသော ဒဏ်ရာဒဏ်ချက်များကို တော့ အညိုရောင်သယံန်း စများဖြင့် ချည်နှောင်ကြပ်စည်းထားချေ၏။

သို့ဆိုလျှင် ထိုသူသည် ကျော်ခဖြစ်ချိမ့်မည်။

သို့ကြောင့်-

"ခင်ဗျား..ကျော်ခလား" ဟု ကျွန်တော်ကမေးလိုက်၏။

"အရင်တုန်းက သံဒင်းရွာသား မုဆိုးကျော်ခပေါ့..ခုတော့ ကျော်ခ ဟုတ်တယ်မဟုတ်ဘူး ကြိုက်သလိုသတ်မှတ်လို့ရတယ်..ကိုယ့်ဘာသာဆုံးဖြတ်ကြပေတော့..ကျော်ခကိုသူများဖျောက်ဖျက်လိုက်ပြီး သတ်ဖြတ်လိုက်ပြီ..ကျွန်တော်ကတော့ ပျောက်မသွားဘူး..သေမသွားဘူး..နို့ပေမင့် ကျွန်တော်ကိုယ်နှိုက်က ကျော်ခကိုမလိုလားတော့ဘူး..ကျော်ခကိုဖျောက်လိုက်ပြီ၊ သတ်လိုက်ပြီ၊ ဘဝသစ်တစ်ခုကိုစတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် ထိုသူသည် ရသေ့ခမ္မပါလနှင့်ကိုလူပုထွက်သွားရာ နောက်သို့ အပြေးကလေးလိုက်သွားချေတော့၏။

အတော်လှမ်းလှမ်းရောက်နေကြပြီဖြစ်သော ရသေ့ခမ္မပါလနှင့် ကိုလူပုနောက် အမီလိုက်နိုင်ပါ့လေမလား ရပ်ကြည့်နေမိတော့၏။

ကျွန်တော်တို့သုံးယောက်သည် သူတို့သုံးဦးတစုတည်းဖြစ်သွားသည့်တိုင် ရပ်ကြည့်နေကြပြီးနောက် ထိုနေရာလေးမှလှည့်ထွက်ခဲ့ကြတော့လေ၏။

ကျွန်တော်တို့သည် ကျောက်ကုတင်ချောင်းဖျားတွင် ငါးရက်တစ်မတ်ခန့် အမဲပစ်ကြပြီးနောက်ပြန်လာခဲ့ကြ၏။

သို့အပြန်လမ်းတွင် မချော်လင့်ဘဲ 'ကျော်ခ' အမည်ခံ 'ကဒိုး' ကိုတွေ့လိုက်ကြတော့၏။

သူ..ကျွန်တော်တို့ကို ဝန်ခံခြင်းလည်းမပြုနိုင် ငြင်းပယ်ခြင်းလည်းမပြုနိုင်ပါတော့ချေ။

ဘယ့်ထွက်မှု တောလမ်းတစ်နေရာတွင် သေဆုံးနေခြင်းကြောင့် ဖြစ်တော့၏။

သားရဲတိရစ္ဆာန်တို့၏ ကိုက်ခဲသတ်ဖြတ်ခံရခြင်းကြောင့် မဟုတ်၊ အစာရေစာပြတ် သေရခြင်းဖြစ်ပေတော့သည်။

စာဖတ်ပရိသတ်ကို အစဉ်လေးစား

ကြိုးစားလျက်

ကိုပိုက်

(၂၉-၅-၂၀၀၄)

၁း၃၀(PM)



www.burmeseclassic.com